ဗမာပြည်ကွန်မြူနစ်ပါတီ( ဗဟို )၏အာဘော်

# ပြည်သူ့အာဏာ

ဗမာပြည်ကွန်မြူနစ်ပါတီ

## ၅၀

ပြည့်နှစ်အထိမ်းအမှတ်

(၁၉၃၉-၁၉၈၉)



အမှတ် ၁၄

၁၉၈၉ ဩဂုတ်လ

ဗမာပြည်ကွန်မြူနစ်ပါတီ( ဗဟို )၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်

**အမှတ် ၁၇**

၁၉၈၉ခုနှစ်၊ဩဂုတ်လ

# ဗမာပြည်ကွန်မြူနစ်ပါတီ
# သက်တမ်းနှစ်(၆ဝ)အတွင်းမှ
# အဓိကခေါင်းဆောင်များ

## ပါတီစတင်ထူထောင်ခဲ့သည့်အစုဝင်ရဲဘော်အချို့



သခင်အောင်ဆန်း



သခင်ဗဟိန်း



သခင်စိုး



သခင်လှဖေ(ဗိုလ်လက်ျာ)



ရဲဘော်ဘတင်

# ဗမာပြည်ကွန်မြူနစ်ပါတီ
# သက်တမ်းနှစ်(၆၀)အတွင်းမှ
# အဓိကခေါင်းဆောင်များ

စဉ်ဆက်မပြတ်ခေါင်းဆောင်ခဲ့သူများ



သခင်သိန်းဖေ



သခင်သန်းထွန်း



သခင်ဇင်



သခင်ဗသိန်းတင်



သခင်ချစ်



ရဲဘော်ဌေး

**စာတည်းအဖွဲ့ အာဘော်**

# ၂၁–ရာစုအတွက် နိုင်ငံရေး အမြော်အမြင်

## (ဆွေးနွေးညှိနှိုင်းရန်အတွက်တင်ပြချက်)

(၁)

၂၁–ရာစုအတွက် အမြော်အမြင်ကိုရှာဖွေကြ၊ ညှိနှိုင်းကြပြီး ဆုံးဖြတ်ကြရန် အရေးတကြီး လိုအပ်နေပြီဟု ယူဆပါသည်။ အမြော်အမြင်ဆိုရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူဦးရေတိုးပွားနှုန်း ကိစ္စ၊ သဘာဝသယံဇာတကိစ္စ စသည် စသည်တို့နှင့် ပတ်သက်သော အဘက်ဘက်မှ အမြော်အမြင် များကို ဆိုလိုပါသည်။

ကျွန်တော်တို့တတ်နိုင်သည့် ဘက်မှ ပြည့်ဆည်းသည့်အနေဖြင့်၊ နိုင်ငံရေး အမြော်အမြင်ကိုကွက်၍ တင်ပြပါမည်။ ပြည့်စုံပြီဟု မဆိုနိုင်သော်လည်း အဓိကကျသည့် အချက်များ ပါဝင်စေဖို့ ကြိုးစားပါသည်။

ယနေ့ခေတ်သည် သတင်းအချက်အလက်များကို လူတစုသာ သိရှိနိုင်သော ခေတ် မဟုတ်တော့ပါ။ လူထုကပါ သတင်းအချက်အလက် ရရှိနိုင်သောခေတ် ဖြစ်ပါသည်။ သတင်းအချက်အလက်များ ဖြန့်ချိသောလုပ်ငန်းမှာ လက်ဝါးကြီးအုပ် အရင်းရှင်များ၏ လက်တွင်ရှိသဖြင့်၊ အနှစ်သာရနှင့် အကာကို ခွဲခြားစိစစ်ရန်ကား လိုပါလိမ့်မည်။ သတင်းအချက်အလက်များကို စိစစ်သုံးသပ်၍ မှန်ကန်သော ကောက်ချက်ချနိုင်ရန် လိုပါသည်။

တိုင်းပြည်တိုင်းလောက်ပင် သူတို့၏ အမြော်အမြင်များကို ထုတ်ဖော်လျက်ရှိကြချိန်တွင် ကျွန်တော်တို့ တိုင်းပြည်မှ အာဏာပိုင်များမှာကား လတ်တလောကိစ္စများဖြင့် အလုပ်ရှုပ်နေကြပါသည်။ အမြော်အမြင် မရှိကြပါ။ သူတို့ထုတ်ပြန်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ဆိုသည်များမှာ အမြော်အမြင်များ မဟုတ်ပါ။ အလွန်ယေဘုယျကျသော ဆုပ်ဆုပ်ကိုင်ကိုင် ပြစရာမရှိသည့် ကြွေးကြော်သံများ ဖြစ်ပါသည်။

အခြားတိုင်းပြည်များ အထူးသဖြင့် အိမ်နီးချင်း တိုင်းပြည်များမှုကား အမြော်အမြင်များကို အသီးသီး ထုတ်ဖော်နေကြပါသည်။ သက္ကရာဇ် (၂၀၂၀ )တွင် သူတို့ တိုင်းပြည် မည်သို့ဖြစ်လာရမည်၊( ၂၀ ၅၀) တွင် မည်သည့်အဆင့်အတန်း ရောက်ရမည် စသည်ဖြင့် ရည်မှန်းချက်များထားကြပါသည်။ ဤရည်မှန်းချက်များသည် အခြားပတ်သက်ရာပတ်သက်ကြောင်း နိုင်ငံများကိုလည်း နောင်အခါတွင် တစုံတရာ သက်ရောက်မှု ရှိလာမည် ဖြစ်ပါသည်။

ဗမာပြည်ထုတ် မဂ္ဂဇင်း ဂျာနယ်များတွင်“ ၂၁–ရာစု အမြော်အမြင်များ”ကို ပညာရှင်သုတေသီများ ရေးသည်ကို ကြိုးကြားကြိုးကြား တွေ့ရပါသည်။ စာပေစိစစ်ရေးကို ကျော်ဖြတ်ရသဖြင့် သိသမျှ မြင်သမျှကို ရဲရဲမရေးနိုင်ကြပါ။ စာပေ လွတ်လပ်ခွင့်သာ ရှိပါက အတော်ပြည့်စုံသော အမြော်အမြင်များ ကျွန်တော်တို့ ရရှိနိုင်ပါသည်။ မည်သို့ရှိစေ ယခုဖော်ထုတ်ကြသော အမြော်အမြင် တစိတ်တပိုင်းသည်ပင် တိုင်းပြည်ကို အကျိုးပြုပါသည်။

စစ်အစိုးရအာဏာစက်မှ လွတ် ကင်းကြသည့် ပြည်ပရောက် ပညာရှင် သုတေသီများသည် “ ၂၁–ရာစု အမြော် အမြင်များ” ကို ပြတ်သားစွာ တင်ပြကြစေလိုပါသည်။ အမြော်အမြင်များကို ကျွန်တော်တို့ လေ့လာလိုလှပါသည်။

ကျွန်တော်တို့ ယခုတင်ပြမည့် နိုင်ငံရေး အမြော်အမြင် အပါအဝင် တင်ပြသမျှ အမြော်အမြင်များကို အားလုံးက သဘောတူချင်မှ တူကြပါမည်။ အချေအတင် ဆွေးနွေးရန် အဆိုပြုချက်တရပ် အဖြစ်ကား အကျိုးပြုပါလိမ့်မည်။ ဤခံယူချက်ဖြင့် ကျွန်တော်တို့၏ အဆိုကို တင်ပြခြင်း ဖြစ်ပါသည်။ အခြားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အဆိုပြုတင်ပြချက်များကိုလည်း ကျွန်တော်တို့ ကြိုဆိုပါသည်။ လေးစားစွာ လေ့လာသွားပါမည်။

(၂)

၂၁–ရာစုသည် တတိယ ထောင်စုအတွင်း စတင်ဝင်ခြင်းဖြစ်၍ ထောင်စု အလိုက် ခြုံငုံသုံးသပ်ရန်လည်း လိုပါသည်။

ကျွန်တော်တို့ တိုင်းပြည်အတွက် ဆိုလျှင် ပထမထောင်စုနှစ်နှင့် ပတ်သက်၍ ထူးထူးခြားခြား သုံးသပ်ရန် မရှိပါ။ ဒုတိယထောင်စုနှစ်များတွင်ကား သုံးသပ်ရန် အရေးအခင်းကြီး အများအပြား ရှိပါသည်။ ဒုတိယထောင်စုနှစ်သို့ ဝင်ရောက်စအချိန်က တိုင်းခြားမြေခြား ဝေးဝေးလံလံဒေသများတွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို ကျွန်တော်တို့ မသိပါ။ တကမ္ဘာလုံး နည်းပညာ နိမ့်ကျဆဲဖြစ်၍ သိနိုင်သည့် အခြေအနေ မရှိပါ။ မည်သူ့ကိုမျှ အပြစ် တင်ရန် မလိုပါ။

ဒုတိယထောင်စုနှစ်များသို့ ဝင်သည့်အချိန်က အာရှတိုက်၏ အလယ်ဗဟိုတွင် မွန်ဂိုများ အင်အားကြီးမား တန်နိုးထွားလာနေပါသည်။ ဥရောပဘက်သို့ သာမက အရှေ့အလယ်ပိုင်းနှင့် တရုတ်ပြည်တို့သို့ ကျူးကျော်တိုးချဲ့နေပါသည်။ ဤသည်ကို ကျွန်တော်တို့ မသိပါ။ တရုတ်တပြည်လုံးကိုသိမ်းပြီး မိမိတိုင်းပြည်အတွင်း ကျူးကျော်လာမှ သိပါသည်။ သို့ဖြင့်ပဏ္ဏာဆက် နိုင်ငံအဖြစ်သို့ ကျရောက်သွားပါသည်။ သို့သော် ကျွန်တော်တို့ဘိုးဘေးဘီဘင်များ အမြော်အမြင် ရှိခဲ့၍ ပဏ္ဏာဆက်နိုင်ငံအဖြစ် မကြာရှည်လိုက်ပါ။ တိုင်းပြည်၏ ရာဇဝင်တွင်ကား “ တ

ရှုတ်ပြေးမင်း''ဟု အမည်းစက်ထင် ကျန်ရစ်ပါသည်။ သည့်အရင်ကလည်း "ကုလားကျမင်း"ဟု ရှိခဲ့ပါသေးသည်။

မိမိရာဇဝင်ကို မိမိကိုယ်တိုင်ကနှိမ့်ချပြီး ရေးသားသော အခြားလူမျိုးကမ္ဘာတွင် ရှိမရှိ မသိပါ။ ရှိသည်ကို မတွေ့ဘူးပါ။ ကျွန်တော်တို့ မန့်စပ်၍ ဖြစ်ကောင်း ဖြစ်ပါမည်။ တွေ့ဖူးသည့်မှာ ချီးကျူးအမွမ်းတင်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့၏ ရာဇဝင်ရေးဆရာများကား "ကုလားကျ" "တရုတ်ပြေး"ဟု မြိန်ရေရှက်ရေ ရေးထိုးခဲ့ပါသည်။ ဤသည်မှာ ကျွန်တော်တို့လူမျိုး၏ ထူးခြားချက်ဟုဆိုလျှင် ဤထူးခြားချက်ကို ဆက်လက်ခံယူထားရန်မလိုဟု ထင်မြင်ပါသည်။

ဒုတိယထောင်စုနှစ်များ ကုန်ခါနီးတွင်လည်း ဥရောပ၌ မည်သို့ဖြစ်ပျက်နေသည်ကို ကျွန်တော်တို့ မသိပါ။ ကရူးဆိတ်စစ်ပွဲများ၊ နှစ်တစ်ရာစစ်ပွဲများ၊ နှစ်( ၃၀) စစ်ပွဲများ၊ နပိုလီယံစစ်ပွဲများ စသည်ဖြင့် စစ်များ တဖြိမ်းဖြိမ်းတိုက်ပြီး စစ်ရည် ဝနေသော တိုင်းပြည်များ ဥရောပတွင် ရှိနေသည်ကို မသိပါ။ ဤတိုင်းပြည် များသည် အရင်းရှင်စနစ် ကျင့်သုံးပြီး ဖွံ့ဖြိုးစပြုနေပြီဆိုသည်ကို မသိပါ။ ဥရောပအကြောင်း တခါတရံ သိသည်မှာလည်း ဥရောပကုန်သည်များ၏ အပြောအရသာ သိပါသည်။ ကုန်သည်ထုံးစံအတိုင်း မိမိတို့မင်းစိုးရာဇာများအား မြှောက်ပင့်ပြောသည်များကိုသာ အုပ်စိုးသူ လူတန်းစားက နားဝင်ခဲ့ပါသည်။

ချုပ်၍ဆိုရလျှင် စစ်သွေးစစ်စိတ် ပြည့်ဝနေသော၊ နယ်ချဲ့စနစ် ကျင့်သုံးသည့် ဥရောပသည် တကမ္ဘာလုံးသို့ စစ်ပွဲများ ဖြန့်ချိတော့မည် ဆိုသည်ကို မသိပါ။ အင်္ဂလိပ်နယ်ချဲ့က အိန္ဒိယတပြည်လုံး သိမ်းမိပြီး ဗမာပြည်ထဲ ဝင်တိုက်မှ အလန့်တကြား သိခဲ့ပါသည်။ ဤသို့ဖြင့် တိုင်းပြည်ငယ် ကလေးသာဖြစ်သော ဗမာပြည်သည် ( ၂ ) ပိုင်းကွဲသွားရပါသည်။ တပိုင်းက ကိုလိုနီ၊ ကျန်တပိုင်းက ကိုလိုနီတပိုင်း ဖြစ်သွား ပါသည်။ ရန္တပို စစ်ရှုံးစာချုပ်ကို ကြည့်လျှင် ကိုလိုနီနှင့် ကိုလိုနီတပိုင်း ဖြစ်ခြင်းကို တွေ့နိုင်ပါသည်။

ရန္တပို စာချုပ်ချုပ်ပြီး နှစ်အစိတ်ကျော် ရှိသောအခါ ကိုလိုနီနယ်မြေ ကျယ်ပြန့်လာပြီး ကိုလိုနီတပိုင်းနယ်မြေ ကျုံ့သွားပါသည်။ စာချုပ်ပြီး နှစ်ပေါင်း (၆၀)ကြာသော အခါတွင်မူ၊ တပြည်လုံး ကိုလိုနီဖြစ်သွားပါသည်။ "ပါတော်မူမင်း"ဟူ၍ ရာဇဝင်တွင် စာတင်ခဲ့ရပြန်ပါပြီ။

၁၉ ရာစုနှစ် တခုလုံးတွင် အုပ်စိုးသူများ၌ မည်သည့်အမြော်အမြင်မျှ မရှိပါ။ မင်းညီမင်းသားများ အာဏာလုပွဲ တဖြိမ်းဖြိမ်း ဖြစ်နေပါသည်။ အာဏာရ ထားသူကလည်း အာဏာထိန်းထားရေး အကြံအစည်မှလွဲပြီး တိုင်းပြည်အတွက် မည်သည့်အမြော်အမြင်မျှ မရှိပါ။ အမြော် အမြင် တစွန်းတစ ပြောဆိုရေးသားမိပါက နှိပ်ကွပ်ပစ်ပါသည်။ မင်းကပ်စိုးမြှောင် များကလည်း ဘုန်းတော်ဘွဲ့တွေ ရေးနေကာ လူတွင်ကျယ် လုပ်ကြပါသည်။ တချို့က "လာရင်တိုက်ပစ်လိုက်တာပေါ့ "ဟု အမြော်အမြင်မဲ့စွာ မျက်နှာလိုအားရ ပြောကြပါသည်။ ပဒေသရာဇ်လူတန်းစားသည် တမျိုးသားလုံး မဆိုထားနှင့် မိမိလူတန်းစားကိုမျှ မစည်းရုံးနိုင်ပါ။ ဤသို့ဖြင့် တမျိုးသားလုံး ကျွန်တွင်းဆင်းခဲ့ရပါသည်။ "လာရင်တိုက်ပစ်မည် " ဟု ပေါ့ပေါ့ ပြောသူများ လွယ်လွယ် အရှုံးပေးကြပါသည်။ (ယနေ့ စစ်အစိုးရ လုပ်နေသည်များမှာ ၁၉ ရာစုက ပဒေသရာဇ်များလုပ်သည်နှင့် တထပ်တည်းလောက် တူညီနေပါသည်။)

(၃)

၂၀ ရာစုကို ကိုလိုနီဘဝနှင့် ဝင်ခဲ့သော တိုင်းပြည်တွင် မယ်မယ်ရရ အမြော်အမြင် မရှိခဲ့ပါ။ ပထမကမ္ဘာစစ် ဖြစ်သည်အထိ အရင်းရှင် အမြော်အမြင် ပင် မရှိပါ။ (၁၉၂၀ ) တွင်မှ အရင်းရှင် အမြော်အမြင် တစွန်းတစ ရှိလာပါသည်။ ခေတ်မီ အမြော်အမြင်ကို (၃၀) ဆယ်စုနှစ်များတွင်မှ ရလာပါသည်။ အမြော်အမြင် ပေါ်ထုတ်တင် ပြသူများမှာ ခေတ်မီအတွေးအခေါ် ရှိသည့် တိုးတက်သော လူငယ်များဖြစ်ပါသည်။ တသင်းတဖွဲ့ တဦးတယောက်တည်းက ခေတ်မီအမြော် အမြင်ကို ဖေါ်ထုတ်ခြင်း မဟုတ်ဘဲ စုပေါင်းအားထုတ်ချက် ဖြစ်ပါသည်။ ဤအမြော်အမြင်ကြောင့်ပင် ရာစုနှစ် တဝက်ကျိုးခါနီးတွင် တိုင်းပြည် လွတ်လပ်ခဲ့ခြင်း ဖြစ်ပါသည်။

လွတ်လပ်ရေးရခြင်းကို ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ကင်းကွာစဉ်းစား၍ မဖြစ်ပါ။ ဖက်ဆစ်တော်လှန်ရေးကြောင့် တမျိုးသားလုံးကို (ဖဆပလ)အလံတော်အောက်တွင် စည်းရုံးမိပြီး လွတ်လပ်ရေး စောစောရခဲ့ခြင်း ဖြစ်ပါသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး အမြော်အမြင်ကို အစောဆုံးတင်ပြ စည်းရုံးခဲ့သူများသည် ကွန်မြူနစ်များ ဖြစ်ပါသည်။ ရဲဘော်ဗဟိန်းက (၁၉၃၉ ) နှစ်ဦးပိုင်းတွင် ထုတ်ဝေသည့် "ခေနရှင်လောက" စာအုပ်၌ အစောဆုံး တင်ပြခဲ့ပါသည်။

(၁၉၃၉) နှစ်ဦး၌ ဒုတိယကမ္ဘာစစ်ပင် ဥရောပ၌ မဖြစ်သေးပါ။ ဟီဒေကီ–တိုဂျိုတို့၏ စစ်အုပ်စုက အစိုးရအာဏာ သိမ်းပိုက်ပြီး ဖက်ဆစ်ဖြစ်သွားမည် ဆိုသည်ကို မည်သူမျှ မသိ သေးပါ။ တရုတ်ပြည်ကို ကျူးကျော် တိုက်ခိုက်နေသော ဂျပန်စစ်အုပ်စုသည် ဗမာပြည်နှင့် ပတ်သက်လျှင် တရုတ် ဗမာ လမ်းမကြီးကို ပိတ်ပစ်နိုင်ရေးလောက်သာ စိတ်ဝင်စားနေချိန် ဖြစ်ပါသည်။ အင်္ဂလိပ် အမေရိကန်တို့ကလည်း တရုတ်ပြည်ကို ကျူးကျော် တိုက်ခိုက်နေသော ဂျပန်ကို စစ်ကုန်ကြမ်းများ ထောက်ပံ့ပေးနေပါသည်။ ဒုတိယ ကမ္ဘာစစ် ဖြစ်သောအခါ ဂျပန်ကို ဂျာမဏီဘက် ပါမသွားစေရန် ဂျပန်အလိုကျ တရုတ်ဗမာ လမ်းမကြီးကိုပင် ပိတ်ပေးခဲ့ ပါသေးသည်။

ထိုသို့သော အခြေအနေတွင် ရဲဘော်ဗဟိန်းက ဂျပန်သည် ဖက်ဆစ်ဖြစ်ရန် နီးစပ်သည်၊ ဖက်ဆစ်ဆန့်ကျင်ရေးအတွက် ပြင်ဆင်ရန်ဟူသော အမြော်အမြင်ကို ပေးခဲ့ပါသည်။

ရဲဘော်ဗဟိန်း မြော်မြင်သလိုပင် ဂျပန်သည် ဖက်ဆစ်ဖြစ်သွားကာ အင်္ဂလိပ် အမေရိကန်တို့ကို စုံကန်ပြီး အရှေ့ တောင်အာရှသို့ စစ်ဦးလှည့်ခဲ့ပါသည်။ ကျွန်တော်တို့ တိုင်းပြည်မှာ ဖက်ဆစ်ဂျပန်၏ သိမ်းပိုက်ခြင်း ခံရရုံမက ဗမာပြည်ကို ခြေကုပ်ယူပြီး အိန္ဒိယ ဒေသီသို့ ချီတက်ရေးအတွက် အသုံးခံရပါသည်။ ဂျပန်က တရုတ်ပြည်ကို တရုတ်ဗမာ လမ်းမကြီးအတိုင်း ချီတက်လုပ်ကြံပါသည်။

အပြောင်းအလဲ အလွန်မြန်ဆန်သော စစ်အခြေအနေတွင် အမြော်အမြင် ထက်မြက်ပါမှ ရှင်သန်နိုင်ပါသည်။ အမြော်အမြင်ဆိုတိုင်းလည်း ထက်မြက်ကြသည် မဟုတ်ပါ။ မှားယွင်းသော အမြော်အမြင်

ပင်ဝင်တတ်ပါသည်။ စစ်အခြေအနေ၌ အမြော်အမြင်များသည်လည်း မလွှဲမသွေ ဘက်လိုက်မှု ရှိပါသည်။ ဂျပန်ဘက်လား– အင်္ဂလိပ်ဘက်လား။

(၁၉၃၉) ခုနှစ်က အခြေအနေမှာ ရှုပ်ထွေးပါသည်။ တမျိုးသားလုံးက အင်္ဂလိပ် နယ်ချဲ့သမားကို အဓိကရန်သူအဖြစ်ထားကာ တိုက်နေရသည့် အခြေအနေ ဖြစ်ပါသည်။ (၁၉၃၈) က (၁၃၀၀) ပြည့် အရေးတော်ပုံဖြင့် ပြည်သူလူထုက အန်တုခဲ့ရာ အင်္ဂလိပ်၏ အကြမ်းဖက် နှိပ်ကွပ်မှုကြောင့် သွေးမြေကျ ထားရပါသည်။ ဤကဲ့သို့သော အခြေအနေတွင် "ကိုယ့်ရန်သူ ရဲ့ရန်သူဟာ ကိုယ့်မိတ်ဆွေပဲ" ဟုမြော်မြင်ကာ ဂျပန်ဘက်သို့ အလွယ်တကူ ဘက်လိုက်သွားနိုင်ပါသည်။ ဤအမြော်အမြင်ရှိသူများက "ဂျပန်စစ်တပ်ကြီး လာတော့မယ်" ဟုလည်းကောင်း၊ "အင်္ဂလိပ် လည်ချောင်းသွေးနဲ့ ခြေဆေးမယ်" ဟုလည်းကောင်းပိုစတာကပ်ကြပါသည်။ လူထုကြီးကိုလည်း ဖက်ဆစ်ဂျပန်အား ကယ်တင်ရှင်အဖြစ် မျှော်ကြရန် လှုံ့ဆော်ပါသည်။ ဤအမြော်အမြင်သည် ဂျပန်ဖက်ဆစ်နှင့် စိတ်ရောကိုယ်ပါ ပူးပေါင်းသည့် အမြော်အမြင် ဖြစ်ပါသည်။ ဂျပန်ကို ယာယီ အသုံးချသည့်လုပ်ဟန် မဟုတ်ပါ။ ဖက်ဆစ်ဂျပန်နှင့် စိတ်ရောကိုယ်ပါ ပူးပေါင်းသူများသည် နိုင်ငံရေးအရ ကိုယ့်ကိုယ်ကို သတ်သေလိုဖြစ်ပြီး စစ်ပြီးခေတ်တွင် နိုင်ငံရေးလောကမှ ပျောက်ကွယ်ကုန်ပါသည်။

(၄)

၂၁–ရာစု နိုင်ငံရေး အမြော်အမြင် ကို မှန်မှန်ကန်ကန် ချမှတ်နိုင်ရန် အခြေခံ အားဖြင့် အောက်ပါအချက် (၄) ချက်လုပ် ရပါမည်။

၁။ ကမ္ဘာ့အင်အားကြီး နိုင်ငံများ၏ တရားဝင် အမြော်အမြင်များ၊ ထိုနိုင်ငံ များမှ အဓိက နိုင်ငံရေးအင်အားစုများ၏ အမြော်အမြင်များကို စူးစမ်းလေ့လာသုံးသပ်ရန်

၂။ မိမိအိမ်နီးချင်း နိုင်ငံများ၏ တရားဝင် အမြော်အမြင်နှင့် နိုင်ငံရေးအင်အားစု အသီးသီး၏ အမြော်အမြင်များကို စူးစမ်း လေ့လာသုံးသပ်ရန်

၃။ မိမိတိုင်းပြည်အပေါ်သို့ တိုက်ရိုက် သက်ရောက်မှု ရှိနိုင်သည့် ကမ္ဘာ့အရပ်ရပ်မှ အမြော်အမြင်များကို စူးစမ်းလေ့လာ သုံးသပ်ရန်

၄။ မိမိ၏ အခြေအနေကို ပကတိ တည်ရှိနေသည့်အတိုင်း သုံးသပ်ရန်

အထက်ပါ အချက်များကို တဖွဲ့တပါတီတည်းက လုပ်နိုင်မည်မဟုတ်ပါ။ စုပေါင်းအားထုတ်ရပါမည်။ (၁၉၃၀) –ဆယ်စုနှစ်များက လုပ်ခဲ့သလိုလုပ်ရပါမည်။ အားလုံးက ဝိုင်းဝန်းဖြည့်ဆည်းခြင်းဖြင့် "၂၁–ရာစု အမြော်အမြင်" ကို တည်ဆောက်ရပါမည်။

(၅)

မျက်မှောက်ကမ္ဘာ့အခြေအနေကို သုံးသပ်ခြင်းသည် "၂၁–ရာစုအမြော်အမြင်" တည်ဆောက်ရေးတွင် အချက်အချာကျပါသည်။ ထို့ကြောင့် ကျွန်တော်တို့၏ သုံးသပ်ချက်အကျဉ်းကို တင်ပြပါမည်။

ကမ္ဘာကြီးအကြောင်း ရေရေရာရာ မသိခင်ကတည်းက ကမ္ဘာကိုစိုးမိုးရေး အယူအဆ ရှိခဲ့ကြပါသည်။ ကမ္ဘာကို စိုးမိုးနိုင်စွမ်း ရှိသူ တဦးထက်မက အများအပြား ပေါ်လာသောအခါ ကမ္ဘာကြီးကို အင်အားကြီးနိုင်ငံများအကြား ခွဲဝေခြင်း ပြုလာပါသည်။

ပဌမဆုံး အခိုင်အမာ ခွဲဝေမှုမှာ ဗရင်ဂျီ ပုပ်ရဟန်းမင်း ဦးစီးပြီး စပိန်နှင့်ပေါ်တူဂီအကြား ခွဲဝေခြင်း ဖြစ်ပါသည်။ ငဇင်ကာ သံလျင် သိမ်းခြင်းမှာ ဤခွဲဝေခြင်း၏ အကျိုးဆက် ဖြစ်ပါသည်။ (၁၄၉၄) ခုနှစ်က အင်အားကြီး နိုင်ငံများအကြား ကြိတ်ဝိုင်းခွဲဝေမှုသည် ဝေးလံလှသည့် ဗမာပြည်သို့ပင် သက်ရောက်စေခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့၏ ဘိုးဘေးများ အမြော်အမြင် ရှိခဲ့၍သာ ပေါ်တူဂီပိုင်နယ်မြေ ကြာရှည်မတည်ရှိခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့အင်အားကြီး နိုင်ငံများမှာ တသမတ်တည်းရှိသည် မဟုတ်ပါ။ အဟောင်းများ အဆင့်အတန်း နိမ့်ကျသွားပြီး အသစ်များ ပေါ်လာလေ့ ရှိတတ်ပါသည်။ စပိန်နှင့် ပေါ်တူဂီတို့ ဆိုလျှင် အင်အားကြီးနိုင်ငံများ မဟုတ်သည်မှာ ကြာခဲ့ပါပြီ။

အင်အားကြီးနိုင်ငံများ အသစ် ပေါ်တိုင်း (သို့မဟုတ်) အင်အားချိန်ခွင်လျှာ ပြောင်းတိုင်း ကမ္ဘာကို ပြန်လည်ခွဲဝေကြပါသည်။ ခွဲဝေမှုတိုင်းသည်လည်း စစ်နှင့် မကင်းလှပါ။ ယခုလုပ်နေသည့် နေတိုး၏ စစ်ဆင်ရေး သည်လည်း ဤသဘောမျိုးပင် ဖြစ် ပါသည်။

၂၀ ရာစုသို့ဝင်သည့်အခါ ကမ္ဘာကြီးမှာ ခွဲဝေပြီး ဖြစ်နေပါသည်။ နေရာလပ်မကျန်ပါ။ ထို့ကြောင့် ထိုအခါမှစ၍ ပြန်လည် ခွဲဝေခြင်းသာ ပြုရပါသည်။ ၁၅–ရာစုကလို စိတ်မှန်းဖြင့် "နယ်မြေသစ်များ" ကို ခွဲဝေခြင်း မဟုတ်ဘဲ၊ ကိုလိုနီများ (ယခု ဆိုလျှင် ဩဇာခံ နယ်မြေများ) အဖြစ် အခိုင်အမာ ခွဲဝေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အင်အားကြီး နိုင်ငံများအကြား ပွတ်တိုက်မှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်လေ့ ရှိပါသည်။

ခွဲဝေမှုများကိုလည်း "ငြိမ်းချမ်းရေး" ထိန်းသိမ်းခြင်းများအဖြစ် အင်အားကြီး နိုင်ငံများက ပြောလေ့ရှိပါသည်။ ယခုဆိုလျှင် ယူဂိုဆလားဗီးယားကိစ္စကို ဥရောပ "တည်ငြိမ်ရေး" ဟုပြောပါသည်။

ဒုတိယကမ္ဘာစစ် တိုက်နေစဉ်တွင် အမေရိကန် သမတက နောင်တွင် ကမ္ဘာ့ "ငြိမ်းချမ်းရေး" ကို ကမ္ဘာ့ပုလိပ်ကြီး(၄)ဦးဖြင့် ထိန်းသိမ်းရန် အကြံပြု ခဲ့ဖူးပါသည်။ ဤအကြံကို ဆိုဗီယက်–ဗြိတိန်တို့နှင့် ညှိနှိုင်းခဲ့ပါသည်။ ကမ္ဘာ့ ပုလိပ်ကြီး(၄)ဦးမှာ အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်နှင့် တရုတ် ဖြစ်ပါသည်။ ဗြိတိန်မှာ နေမဝင်အင်ပါယာ ဘဝမှ အဆင့်အတန်း လျော့ကျကာ အမေရိကန်၏ အပေါင်းအသင်း အငယ်စား ကလေး ဖြစ်စပြုနေပါပြီ။ ထို့ကြောင့် ဗြိတိန်ကို ပုလိပ်တဦးအဖြစ် အမေရိကန်က နေရာပေး လိုပါသည်။ တရုတ်မှာ ချန်ကေရှိတ် တရုတ်ဖြစ်ပြီး အမေရိကန် လက်ဝေခံ ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ပုလိပ်(၄)ဦးတွင် မိမိဘက်က (၃) ယောက်ထားရေး ဖြစ်ပါသည်။

ချန်ကေရှိတ်၏ တရုတ်ကို ပုလိပ် တဦးအဖြစ် ထားသည်မှာ အာရှအတွက် ဖြစ်ပါသည်။ ထို့ကြောင့်ပင် အင်ဒိုချိုင်းနား (ဗီယက်နမ်) တွင် ဂျပန်လက်နက်ချသည်ကို လက်ခံရန် တရုတ်ကေအမ်တီတပ်များကို ဝင်စေပါ သည်။ ပြင်သစ်က အဆင်သင့် မဖြစ် သေးခင် ပြင်သစ်ကိုယ်စား ယာယီဝင်ရန် ဖြစ်ပါသည်။ သို့သော် ပြင်သစ်က အဆင်သင့် ဖြစ်သောအခါတွင်ပင် ပြန်ထွက်မပေးလိုဘဲ ဖြစ်နေ၍ အတော်တွန်းတွန်းထိုးထိုး လုပ်ရ ပါသည်။ ကေအမ်တီတရုတ်ကား ပုလိပ်ကျင့် ပုလိပ်ကြံ အပြည့်နှင့် ပုလိပ် ဖြစ်ပါပေသည်။ ပွဲမဆူလျှင် ဆူအောင်ပွဲလုပ်ပေး–

ပွဲဆူလျှင် ဝင်ထိန်းသည်ဟု အကြောင်းပြပြီး အတွင်းသို့ဝင်၊ ဝင်ပြီးလျှင် ပြန်မထွက်ဘဲ ပေကပ်နေသော အကျင့်ကား ပုလိပ်ကျင့် ဖြစ်ပါသည်။ ယခုတလော အမေရိကန်က အီရတ်၊ ယူဂိုဆလားဗီးယားတွင် လုပ်နေ သည့် အချိုးမျိုး ဖြစ်ပါသည်။ လောလောလတ်လတ် ပွဲဆူအောင်လုပ်သည့် သာဓကတခုကို တင်ပြပါမည်။ အန္ဒိယက ချူကလီးယား လက်နက် မစမ်းခင်ကလေးတွင် စမ်းတော့မည့်အကြောင်း၊ တရုတ် အန္တရာယ်ကြောင့် စမ်းရကြောင်းစသဖြင့် ခယဝပ်တွားသည့် လေသံဖြင့် အိန္ဒိယဝန်ကြီးချုပ် ဗာဂျ်ပါယီက အမေရိကန်သမတ ကလင်တန်ထံသို့ လျှို့ဝှက်ရေး စာတစောင် ပို့ပါသည်။ ကလင်တန်က ထိုစာကို လျှို့ဝှက်ထား ရမည့်အစား ရည်ရွယ်ချက်ရှိရှိ ချက်ချင်းပင် သတင်းစာတိုက်သို့ "ပေါက်ကြား" ပေးလိုက်ပါသည်။ သတင်းစာကလည်း ချက်ချင်းဖော်ပြသဖြင့် တကမ္ဘာလုံးကျော်ကြား သွားပါသည်။

တရုတ်နှင့် အိန္ဒိယကို ရန်တိုက်ပေးပြီး ပွဲဆူအောင်လုပ်ရန် အကြံအစည်ဖြစ်ကြောင်း ရှင်းနေပါသည်။

နောက်တချက်မှာ စစ်အေးခေတ်ပြီးကတည်းက မိမိကိုယ်ကို တဦးတည်း သော ကမ္ဘာ့ပုလိပ်ကြီးဟု အထင်ရောက် နေသော အမေရိကန်က အိန္ဒိယကို အာရှတောင်ပိုင်း၏ ဒေသန္တရ ဗိုလ်ကလေးအဖြစ် သဘောမထားနိုင်၍ ချောက်တွန်းခြင်း ဖြစ်နိုင်ပါသည်။

အမေရိကန်သည် (၁၉၇၁) ခုနှစ်က အိန္ဒိယ–ပါကစ္စတန် စစ်ပွဲကို အကြောင်းပြပြီး လေယာဉ်တင်သင်္ဘော ဦးဆောင်သည့် အမှတ်(၇)ရေတပ်ကို ဘင်္ဂလားပင်လယ်အော် အတွင်းပိုင်းသို့ လွှတ်ဖူးပါသည်။

ကျွန်တော်တို့တိုင်းပြည်၏ သမိုင်းတွင် အမြောက်တင်သင်္ဘောဖြင့် ကျူးကျော်မှုခံရဖူးသဖြင့် လေယာဉ်တင်သင်္ဘော ဘင်္ဂလားပင်လယ်အော်သို့ ရောက်ခြင်းမျိုးကို မလိုလားပါ။ ပွဲဆူလျှင် အမေရိကန် လေယာဉ်တင်သင်္ဘော မုချရောက်လာပါလိမ့်မည်။ အိန္ဒိယဖြစ်စေ၊ တရုတ်ဖြစ်စေ နှစ်နိုင်ငံစလုံး ငြိမ်းချမ်းတည်ငြိမ် လွတ်လပ်စွာဖြင့် ဖွံ့ဖြိုးစေချင်ပါသည်။ လောကွတ်စကားပြောခြင်း မဟုတ်ပါ။ သမိုင်း သင်ခန်းစာယူပြီး လေးနက်စွာပြောခြင်း ဖြစ်ပါသည်။

မွန်ဂိုတို့သည် တရုတ်ပြည်ကိုသိမ်း၊ တရုတ်စစ်တပ်ကို ဆင့်ခေါ်ပြီး ဗမာပြည်ကို ကျူးကျော်ခြင်းဖြစ်ပါသည်။

အင်္ဂလိပ်တို့သည်လည်း ကုလားပြည်ကိုသိမ်း၊ ကုလားစစ်တပ်ကို ဆင့်ခေါ်ပြီး ဗမာပြည်ကို ကျူးကျော်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လူဦးရေ အလွန်များသော အိမ်နီးချင်း နိုင်ငံကြီးများ လွတ်လွတ်လပ်လပ် ရှိကြပြီး၊ ငြိမ်းချမ်းသင့်မြတ်နေစေချင်ခြင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်အပြီး နှစ်(၅၀)ကျော်အတွင်း တတိယကမ္ဘာစစ် မဖြစ်ခဲ့ပါ။ ပဌမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်မှာ (၂၀) နှစ်သာ ကွာပါသည်။ တတိယကမ္ဘာစစ် မဖြစ်သည်ကို "ငြိမ်းချမ်းရေး"ကာလဟု ခေါ်မည်ဆိုက ခေါ်နိုင်ပါသည်။ သို့သော် စစ်အေးတော့ ဖြစ်နေပါသည်။

ထိုသို့နှစ်ငါးဆယ်ကျော် "ငြိမ်းချမ်းရေး"ကို ထိန်းထားနိုင်ခြင်းမှာ ပုလိပ်များ အထိန်းကောင်း၍မဟုတ်ပါ။ အကြောင်းအချက် အများအပြား ရှိသော်လည်း အဓိကမှာ ကမ္ဘာ့ပြည်သူများ၏ ငြိမ်းချမ်းရေး လှုပ်ရှားမှုကြောင့် ဖြစ်ပါသည်။

ယခုစစ်အေး ပြီးသွားပါပြီ။ ဗိုလ်ကြီးနှစ်ဗိုလ်အနက် ဗိုလ်တဗိုလ် ကျန်ရစ်ပါသည်။ တတိယကမ္ဘာစစ် တိုက်နိုင်သော အင်အားရှိသူမှာ သူတို့နှစ်ဗိုလ်သာဖြစ်၍ တတိယကမ္ဘာစစ် တော်တော်နှင့် မဖြစ်နိုင်ဟု ထင်ရပါသည်။

သို့သော် ကမ္ဘာအနှံ့ စစ်ကလေးများတော့ ဖြစ်နေပါသည်။ နောင်တွင်လည်း ငြိမ်းချမ်းစရာ မမြင်ပါ။ ယူဂိုဆလားဗီးယားတွင် ဖြစ်နေသော ကိစ္စသည် အစဉ်အလာတခုကို နယ်ချဲ့သမားများက ထူထောင်နေခြင်း ဖြစ်ပါသည်။ နောင်တွင် အကြောင်းပြချက် အမျိုးမျိုးနှင့် ကမ္ဘာတခွင်တွင် ပြည်တွင်းရေး ဝင်စွက်ခြင်းများ များပြားလာနိုင်ပါသည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ အကြမ်းဖက်ဝါဒ၊ မူးယစ်ဆေးဝါးဟူသော အကြောင်းပြချက်ဖြင့် အမေရိကန်က ဝင်စွက်နိုင်ပါသည်။ အမေရိကန် နိုင်ငံသားများကို ကယ်ဆယ်ရန်ဟူသော အကြောင်းပြချက်ဖြင့်ပင် ဝင်စွက်နိုင်ပါသည်။

ကျွန်တော်တို့ အမြင်တို့၍ မဖြစ်ပါ။ ယာယီအကျိုးအတွက် ထာဝရ အကျိုးစီးပွားကို အထိမခံနိုင်ပါ။ "ကြွက်မနိုင် ကျီးမီးရှို့"သလိုလုပ်၍ မဖြစ်ပါ။

(၆)

အထက်တွင် နိုင်ငံတကာရေးရာနှင့် ပတ်သက်၍ ကျွန်တော်တို့ အမြင်ကို အကျဉ်းရုံး တင်ပြခဲ့ပါသည်။ ပြည်တွင်းရေးနှင့် ပတ်သက်သည့် အမြင်ကို ဆက်လက် တင်ပြပါမည်။

တိုင်းပြည်အနေနှင့် ဖြေရှင်းရမည့် ပြဿနာကြီးများ ရှိနေပါသည်။ ဤပြဿနာကြီးများကို မရှင်းနိုင်လျှင် တိုင်းပြည်အနေနှင့် ကွယ်ပျောက်သွားမည် မဟုတ်သော်လည်း အဆင့်အတန်းမှာမူ အလွန်အမင်း ထပ်မံနိမ့်ကျသွားပါလိမ့်မည်။ ယခုပင်လျှင် အဘက်ဘက် နိမ့်ကျနေပြီဖြစ်၍ ထပ်မံနိမ့်ကျလျှင် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး မျက်နှာစာမှ ကွယ်ပျောက်သလောက် ဖြစ်သွားပါလိမ့်မည်။ ကမ္ဘာ့စံချိန်၊ အာရှစံချိန် မပြောနှင့် အရှေ့တောင်အာရှ စံချိန်အရပင် နောက်တန်း ရောက်နေပါပြီ။ တိုင်းပြည်၏ အဆင့်အတန်းမှာ ဆက်လက်၍လည်း နိမ့်ကျဆဲ ဖြစ်ပါသည်။ ထိုသို့ ဖြစ်ရသည်မှာ "ဘယ်သူမပြု မိမိမှု"ဖြစ်ပါသည်။ ပြဿနာကြီးများ တည်ရှိနေ၍ ဖြစ်ပါသည်။ ပြဿနာကြီးများမှာ–

(၁) နိုင်ငံရေး အကျပ်အတည်း ပြဿနာ

(၂) စီးပွားရေး အကျပ်အတည်း ပြဿနာ

(၃) လူမှုရေး အကျပ်အတည်း ပြဿနာ ဟူ၍ အဓိက ခွဲခြားနိုင်ပါသည်။

နိုင်ငံရေး အကျပ်အတည်း ပြဿနာ ခေါင်းစီးကြီး အောက်တွင် အောက်ပါ ပြဿနာများ ရှိပါသည်။

–ရွေးကောက်ပွဲ နိုင်ထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေး အဆင့်နေရာ မပေးလိုဘဲ နိုင်ငံရေးအရ ဦးချိုးပစ်နေသဖြင့်၊ ဖြစ်နေရသော နိုင်ငံရေး အကျပ်အတည်း။

–ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေး၊ သွေးစည်းရေးတို့ကို မှန်မှန်ကန်ကန် မဖြေရှင်းနိုင်သဖြင့်၊ ဖြစ်နေရသော ပြည်တွင်းစစ်ပြဿနာနှင့် စစ်တိုက်သည်လည်းမဟုတ် ငြိမ်းချမ်းရေးလည်း မမည်သော ပြည်တွင်းစစ်တပိုင်း ပြဿနာ

များ။

–စစ်အာဏာရှင်စနစ်ကိုရှုပ်သိမ်းရေးပြဿနာ စသည်တို့ ဖြစ်ပါသည်။

<u>စီးပွားရေး အကျပ်အတည်း ပြဿနာ ခေါင်းစီးကြီးအောက်တွင်</u>

–စက်မှုထုတ်လုပ်ရေး ကျ ပြီးရင်းကျနေသည့် ပြဿနာ။

–မြေရှင်စနစ် အကြွင်းအကျန်များကြောင့် ဖြစ်နေသည့် လယ်ယာထုတ်လုပ်မှု ကျဆင်းသည့် အကျပ်အတည်း။

–ပတ်ဝန်းကျင် ထိန်းသိမ်းမှု မလုံလောက်( တကယ်က လုံးလုံးမရှိ )သဖြင့်၊ ဖြစ်ရသော ထုတ်လုပ်ရေးအကျပ်အတည်း– စသည်တို့ ဖြစ်ပါသည်။

<u>လူမှုရေး အကျပ်အတည်း ပြဿနာ ခေါင်းကြီးအောက်တွင်</u>

–ပညာရေးအကျပ်အတည်း

–ကျန်းမာရေးအကျပ်အတည်း

–စာပေလွတ်လပ်မှု မရှိသဖြင့် ပေါ်နေသော အကျပ်အတည်းပေါင်းစုံ (အမျိုးသားယဉ်ကျေးမှု ပျောက်ကွယ်စပြုနေခြင်း၊ စာရိတ္တမဏ္ဍိုင် ပျက်ပြားနေခြင်း စသည်များ )

ဤအကျပ်အတည်းများကို တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် ဝိုင်းဝန်းဖြေရှင်းရပါမည်။ စစ်အုပ်စုက ဂိုဏ်းဂဏစိတ်ဖြင့် "တိုင်းပြည်တိုးတက်နေသားပဲ"ဟု မျက်စေ့မှိတ် မငြင်းစေလိုပါ။ ပကတိ အဖြစ်မှန်ကို အသိအမှတ်ပြုရပေမည်။ စီးပွားရေး အဆင့်နေရာ မရှိလျှင် နိုင်ငံရေး အဆင့်နေရာလည်း မရှိနိုင်ပါ။ နိုင်ငံရေး အကျပ်အတည်းကို အရင်ဆုံးရှင်းမှ စီးပွားရေး ဖွံ့ဖြိုးစေရန် ဖောက်ချလုပ်နိုင် ပါမည်။

မိမိတွင်အဆင့်နေရာ မရှိပါက အချုပ်အခြာအာဏာကို အထိပါးခံရတတ်ပါသည်။ အရင်းရှင်စနစ် ကမ္ဘာအနှံ့ ဖြန့်ကျက်နေ သော ခေတ်တွင် အမေရိကန်နယ်ချဲ့က ကမ္ဘာ့တဦးတည်းသော ပုလိပ်ကြီးအဖြစ် ခံယူထားသော ကာလတွင် အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ပြည့်စုံမှုတို့ကို လွယ်လွယ်နှင့် အထိပါးခံရ တတ်ပါသည်။

(၇)

ဒုတိယကမ္ဘာစစ် အပြီးတွင် လွတ်လပ်သော အမျိုးသားနိုင်ငံတော်များ အစီအရီ ပေါ်ထွက်လာပါသည်။ ထိုတိုင်းပြည်တိုင်းလောက်တွင် သမိုင်းကခြွင်းချန်ခဲ့သော ပြဿနာများ ကျန်ခဲ့ပါသည်။ အချို့ပြဿနာမှာ ကြီးပါသည်။ နှစ်နိုင်ငံ ( သို့မဟုတ် ) နိုင်ငံအများ ပါဝင်ပတ်သက်နေသည့် ပြဿနာ ဖြစ်ပါသည်။ (ဥပမာ– ကက်ရှမီးယား၊ တရုတ် တောင်ပင်လယ်မှ ကျွန်းစုများ၊အရှေ့တီမော )

ကျွန်တော်တို့ တိုင်းပြည်မှ ပြည်တွင်းစစ် ပြဿနာကို သမိုင်းက ခြွင်းချန်ခဲ့သော ပြဿနာ အဖြစ်လည်း ရှုမြင်လိုက ရှုမြင်နိုင်ပါသည်။ သို့သော် အဓိကအားဖြင့် ပြည်တွင်းပြဿနာ ဖြစ်ပါသည်။ ပြည်တွင်း နိုင်ငံရေးအင်အားစုများ အမြော်အမြင် ပြည့်ဝလျှင် ဖြေရှင်းနိုင်သည့် ပြဿနာ ဖြစ်ပါသည်။

ကျွန်တော်တို့တွင် သမိုင်းက ခြွင်းချန်ခဲ့သော နှိုင်းယှဉ်ချက်အရ မကြီးမားသော နယ်ခြားပြဿနာအချို့ ရှိပါသည်။ တရုတ်နှင့် ပြဿနာမှာ ဖြေရှင်းပြီး ဖြစ်ပါသည်။ သို့သော် ထိုဖြေရှင်းပြီး ပြဿနာကိုပင် ထိုင်ဝမ်ရှိ ကေအမ်တီ အစိုးရက လက်မခံပါ။ သူတို့၏ ထိပ်ပိုင်းဖြတ်ထားသော ဗမာပြည်မြေပုံကို အသုံးပြုမြဲ ပြုနေပါသည်။မြစ်ကြီးနားအထက်ဘက်တွင် တိတိရိရိ ဖြတ်ထားသော မြေပုံဖြစ်ပါသည်။ အာရှတိုက်သည် ယဉ်ကျေးမှုစောစီးစွာ ထွန်းကားရာဒေသ၊ ပဒေသရာဇ်နိုင်ငံတော်များ အတိအကျ ရှိနေသည့်ဒေသ ဖြစ်ပါသည်။ နယ်မြေသစ် ဒေသစိမ်း မဟုတ်ပါ။ ထိုသို့သော နေရာမျိုးတွင် အမေရိက၊ အာဖရိကတို့ကဲ့သို့ တဖြောင့်တည်း ဖြစ်နေသော နယ်စပ်မျဉ်း မရှိနိုင်ပါ။ သို့သော် ကေအမ်တီက စိတ်မှန်းဖြင့်ရမ်းပြီး ဗမာ ပြည်ထိပ်ပိုင်းကို ဖြတ်ယူထားပါသည်။ သူတို့၏ မြေပုံကို ယခုအကျယ်အပြန့် ဖြန့်နေပါသည်။ ကျွန်တော်တို့ အမြော်အမြင်ရှိရှိဖြင့် ကန့်ကွက်တားဆီးရပါမည်။ သတိကျပ်ကျပ် ထားသင့်ပါသည်။

အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် နယ်ခြားမျဉ်းမှာ အခြေခံအားဖြင့် သတ်မှတ်ပြီးဖြစ်သည်ဟု ယူဆရပါသည်။ ချစ်ကြည်အေးချမ်းစွာ ဖြေရှင်းနိုင်သည့်ကိစ္စလည်း ဖြစ်ပါသည်။ငြိမ်းချမ်းနေလျှင် နှစ်နိုင်ငံ၏ နယ်စပ်များ အလွယ်တကူ ပြီးပြေအောင် ဖြေရှင်းနိုင်ပါသည်။

ပြဿနာ ဖြစ်နေသည်မှာ ထိုင်းနှင့် ဖြစ်ပါသည်။ ပြဿနာကို နှစ်နိုင်ငံမှ အုပ်စိုးသူများက မကြီးကြီးအောင် ချဲ့နေကြပါသည်။ ပြည်သူများ ဒေါသမြားဦးကို မိမိအပေါ် မရောက်စေဘဲ တဖက်သို့ လှည့်ပေးလိုကြပါသည်။ ဗမာပြည်တွင် ပြည်တွင်း ပြဿနာ ရှိသလို၊ ထိုင်းတွင်လည်း စီးပွားရေး ကျဆင်းသည့် ပြဿနာ၊ (IMF ) ၏ ဆေးခါးကြီး ကုထုံးတို့ကြောင့် ပြည်တွင်း ပြဿနာ တက်နေပါသည်။ နှစ်နိုင်ငံမှ ပြည်သူများသည် အုပ်စိုးသူများအပေါ် ဒေါသူပုန် ထနေပါသည်။ ထိုဒေါသကို မြားဦးလှည့်သွားစေရန် နယ်ခြားကိစ္စကို မလိုအပ်ဘဲ ပုံကြီးချဲ့နေကြခြင်း ဖြစ်ပါသည်။ သမိုင်းမှ ပုဂ္ဂိုလ်များကိုပင် အသုံးပြု၍ ဒေါသကို ဆွပေးနေကြပါသည်။ ဗမာပြည်မှ ဘုရင့်နောင်ရုပ်တုကို တဖက်သား မခံချင်အောင် နယ်စပ်တွင် တည်ဆောက်ပါသည်။ ထိုင်းကလည်း ဖြနရာဇ်၏ ရုပ်တုဖြင့် တုံ့ပြန်သည်ဟု သတင်းတရပ်က ဆိုပါသည်။

ဤသို့လုပ်နေခြင်းသည် နှစ်နိုင်ငံအတွက်၊ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးမရှိပါ။ အမြော်အမြင် မရှိသည့်လုပ်ရပ် ဖြစ်ပါသည်။ ပွဲဆူစေလိုသည့် နယ်ချဲ့သမားများကိုသာ အကျိုးပြုပါလိမ့်မည်။

ဥရောပ နယ်ချဲ့သမား ( လက်ဟောင်း )များသည် နှစ်နိုင်ငံကြား နယ်မြေများအတွက် သမိုင်းစဉ်ဆက် ပြဿနာတက်ကာ စစ်ပွဲများ တခြိမ်းခြိမ်း တိုက်ခဲ့ပါသည်။ ( ဥပမာ–ပြင်သစ်၊ ဂျာမန်နယ်ခြားရှိ အယ်လ်စေ့နှင့် လောရိမ်းနယ် ပြဿနာ၊ ပြင်သစ် အီတလီ နယ်ခြားရှိ ဆာဗွိုင်းနယ် ပြဿနာ ) ယခုမူ နယ်ခြားဒေသ ပြဿနာများကို ပြည်ဖုံးကားချကာ ဥရောပသမဂ္ဂ လုပ်နေကြပါပြီ။

ကျွန်တော်တို့ သတိပြုသင့်သည့်အချက်မှာ အင်္ဂလိပ်သည် အမေရိကန်ကို မှီခိုပြီး လူတွင်ကျယ် လုပ်နေပါသည်။ စူးအက်တူးမြောင်း ရှေ့ဘက်သို့ တိုးဝင်နေပါသည်။ အင်္ဂလိပ်မှာ အင်ပါယာ အရှင်ဟောင်းဖြစ်၍ အိန္ဒိယ၊ ဗမာပြည်တို့တွင် လူမှုရေးအခြေခံ ကြီးကြီး မားမား ရှိပါသည်။

(၈)

နိုင်ငံရေး ပြဿနာများကိုသာ တင်ပြလိုရင်း ဖြစ်သော်လည်း ဆက်စပ်စဉ်းစားရန်လိုသည့် နိုင်ငံတကာ့ စီးပွားရေးကိစ္စကိုလည်း အနည်းငယ် တင်ပြပါမည်။

မျက်မှောက်ခေတ်တွင် ၁၉၅၇ခု ၂၀၅၇ခုမှ နယ်ချဲ့ကျူးကျော်မှုမျိုးကို မမျှော်လင့်နိုင်ပါ။ ကိုလိုနီ စနစ်ဟောင်းကို မည်သည့်နယ်ချဲ့သမားကမှ ပြန်လည်လုပ်ရန် စိတ်ကူးကြံပုံ မပေါ်ပါ။ သူတို့ လုပ်နေပုံမှာ စီးပွားရေးအရ ချုပ်ကိုင်ခြင်း ဖြစ်ပါသည်။ သာဓက ပြပါမည်။ ငွေကြေး ဈေးကစားသူများ ( နိုင်ငံရေးအရ သူတို့သည် နယ်ချဲ့အဝန်း အဝိုင်းကပင် ဖြစ်သည် ) က "ကျား" အမည်ခံများကို "ကျားနာ" ဖြစ်စေရန် လုပ်လိုက်သည်။ IMFက ဝင်ကယ်သည်။ [ IMFမှာ အမေရိကန် ဩဇာခံ–ဂျီ (၇)နိုင်ငံများ၏ အသုံးတော်ခံ ဖြစ်သည်။ ကုလသမဂ္ဂကို ပေးရန်ရှိသည့် ငွေကို မပေးသည့် အမေရိကန်သည် IMFအတွက်ဆိုလျှင် မြန်မြန် ပေးသည်။] IMFက ဝင်ကယ်ပြီ ဆိုလျှင် အကယ်ခံတိုင်းပြည်၏ အခြေခံ လူတန်းစားများ ဒုက္ခရောက်သည်။ နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ၊ နယ်ချဲ့ကုမ္ပဏီကြီးများအတွက် အကွက်ကောင်းဖွင့်ပေးသည်။ အချုပ်အခြာအာဏာ အထိပါး ခံရသည်။ လူမှု မငြိမ်သက်မှုများ ဖြစ်သည်။

IMFက ကယ်သည်ဆိုသည် မှာလည်း တင်းကျပ်သည့် စည်းကမ်းချက် များဖြင့် ငွေထုတ်ချေးခြင်း ဖြစ်သည်။ ထိုအခါ ထွက်သွားသောငွေများ ပြန်ဝင်လာသည်။ စည်းကမ်းချက် အသစ်များအရ ပြန်ဝင်ခြင်း ဖြစ်၍ အရင်းအနှီး တင်ပို့သူများအတွက် အကျိုးအလွန်ရှိသည်။ အကယ်ခံ တိုင်းပြည်၏ အခြေခံစီးပွားရေးလုပ်ငန်းများကို ဈေးပေါပေါနှင့် အချောင်နှိုက်နိုင်သည်။

ဤကား မျက်မှောက်ခေတ် နယ်ချဲ့စနစ်၏ အထွက်ခတ်၊ အဝင်ခတ် နှစ်ဖက်သွားလွှ စီးပွားရေးအကွက် ဖြစ်သည်။ တိုက်ရိုက်ကိုလိုနီ လုပ်ရသည်ထက် တွက်ခြေကိုက်သည်။

တိုက်ရိုက် ကိုလိုနီလုပ်လျှင် အမျိုးသားလွတ်လပ်ရေး လှုပ်ရှားမှုကို နှိမ်နေရသည်နှင့် စီးပွားရေးတွက်ခြေ မကိုက်လှပေ။ ဗီယက်နမ်တွင် ပြင်သစ်၊ အမေရိကန် ကြုံသလို နဖူးကွဲဒူးကွဲဖြစ်ရမည်။ မျက်မှောက်ခေတ် နယ်ချဲ့စနစ်မှာ စီးပွားရေးအရ နယ်ချဲ့ခြင်းဖြစ်သည်။ မိမိ၏ အမျိုးသား စီးပွားရေး အခြေမခိုင်လျှင် ဒုက္ခလှလှကြီး တွေ့မည်။ အမှီအခို မကင်းသော စီးပွားရေး ဖြစ်နေလျှင် အချုပ်အခြာအာဏာ ဆိုသည်မှာ အမည်ခံသာ ဖြစ်တော့မည်။ လွတ်လပ်စွာ၊ အမှီခိုကင်းစွာ နိုင်ငံရေး ဆုံးဖြတ်မှု ရှိမည်မဟုတ်။ နယ်ချဲ့ ရောမကုမ္ပဏီကြီး၊ ရောမ ကော်ပိုရေး ရှင်းကြီးများ၏ အလိုကျသာ အမြဲတမ်း လုပ်ရတော့မည်။ ( မလေးရှား အစိုးရက ယူဂိုဆလားဗီးယားကိစ္စတွင် နေတိုးဘက်မှ ဘက်လိုက်ခဲ့ရသည်ကို ကြည့်ပါ။ မူဆလင်ချင်းဖြစ်၍ဟု အကြောင်းပြ၏။ အခြားမူဆလင် တိုင်းပြည်များက သူ့လို မလုပ်ကြပါ။ ပြည်တွင်းစီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းကြီးသဖြင့် အမေရိကန် အပါအဝင် နယ်ချဲ့နိုင်ငံများကို နိုင်ငံရေးအရ လာဘ်ထိုးရခြင်း ဖြစ်နိုင်သည်။ သူက IMFကိုတော့လက်မခံပါ။) အမေရိကန်၏ စီးပွားရေး အင်အားသည် သူမတူအောင် ကြီးမားပါသည်။ ဒုတိယကမ္ဘာစစ် ပြီးစက ဆိုလျှင် တကမ္ဘာလုံး စီးပွားရေး ထုတ်လုပ်မှု၏ ၃၅ % ပင်ရှိပါသည်။ ယခုကျသွားသည် ဆိုသော်လည်း (GDP ) မှာ တကမ္ဘာလုံး၏ ၁/၄ ရှိနေပါသည်။ သူ၏ စီးပွားရေးဩဇာဖြင့် နိုင်ငံရေးဩဇာ ရယူနေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ တိုင်းပြည်၏ အမျိုးသားစီးပွားရေးမှာ အခြေခံ မခိုင်လှ၊ ယိုင်နဲ့နဲ့ ဖြစ်ပါသည်။" ( LDC ) ဖြစ်ရသည်မှာ ဂျပန်က အကြံပေး၍ လုပ်ရသည်။ တကယ်က အခြေအနေ ဒီလောက် မဆိုးလှပါ"ဟု ယခုတက်နေသော စစ်ခေါင်းဆောင်များ မရဲတရဲ ပြောသံကြားရပါသည်။ သူတို့ပြောသည့်အတိုင်း မှန်ပါက စီးပွားရေး မလွတ်လပ်လျှင် နိုင်ငံရေး လွတ်လပ်မှုပါ ထိပါးခံရသည့် သာဓကတခု ဖြစ်၏။

ပြည်တွင်းနိုင်ငံရေး တည်ငြိမ်လျှင် ပြည်တွင်းငြိမ်းချမ်းရေးရှိလျှင် အခြေခံ အမျိုးသားစီးပွားရေး တောင့်တင်းစေရန် ဝိုင်းဝန်းကြိုးပမ်းနိုင်ပါလိမ့်မည်။ တောင့်တင်း သည့် အမျိုးသားစီးပွားရေး အခြေခံကို ပြည်ပအရင်းအနှီးဖြင့် ပေါင်းစပ်ပေး ခြင်းဖြင့်သာ ကိုလိုနီစနစ်သစ်၏ ထိုးနက်မှုကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။

(၉)

နယ်ချဲ့ဆန့်ကျင်ရေး တာဝန်သည် ဗမာပြည်အတွက် အမှန်ပင် ဟည်ရှိ နေပါသည်။ ကမ္ဘာကြီးသည်လည်း မတည် ငြိမ်သေးပါ။ နိုင်ငံတကာမှ အပြောင်းအလဲများသည်လည်း မြန်ဆန်ပါသည်။ ဤအခြေအနေတွင် နိုင်ငံတိုင်းသည် မိတ်ဆွေဟောင်းများဖြင့် ချစ်ကြည်ရေး ကြံ့ခိုင်စေရန်နှင့် မိတ်ဆွေသစ် ရှာခြင်းများ လုပ်နေကြပါသည်။ ကျွန်တော်တို့ တိုင်းပြည်မှာမူကား နိုင်ငံရေး အကျပ် အတည်းရှိနေ၍ သူတို့လို မလုပ်နိုင်ပါ။ နိုင်ငံတကာ လှုပ်ရှားမှုတွင် အမြန် ပါဝင်နိုင်စေရန် နိုင်ငံရေး အကျပ်အတည်းကို ဖြေရှင်းပစ်ရပါမည်။ သို့မှသာ မိတ်ဟောင်းများနှင့် ချစ်ကြည်ရေး ကြံ့ခိုင်စေခြင်းနှင့် မိတ်သစ်များ ရှာဖွေခြင်း ပြုနိုင်ပါမည်။ ပြည်သူများ၏ ထောက်ခံမှုကိုလည်း ရနိုင်ပါမည်။

နယ်ချဲ့နိုင်ငံ အစိုးရများ၏ ဝိုင်းပယ်ခြင်းကို အစိုးရိမ်လွန်ကာ ကြောက်လန့်စရာ မလိုပါ။ ထိုနိုင်ငံများမှ ပြည်သူများ၏ စာနာထောက်ခံမှုကိုကား ရရှိရန် အားထုတ်ရပါမည်။ ပြည်သူများသည် နလပိန်းတုံးများ မဟုတ်ပါ။ သာမန် စဉ်းစားဉာဏ် ပြည့်ဝသူများဖြစ်၍ တရားမျှတမှုကို ထောက်ခံကြမည် ဖြစ်ပါသည်။

နယ်ချဲ့ဆန့်ကျင်ရေးလုပ်မည် ဆိုလျှင် တမျိုးသားလုံးကို စည်းရုံးနိုင် ရပါမည်။ အလွန်ကြီးလေးသော တန်ဖိုးကို ပေးဆပ်ရသည့် တိုက်ပွဲဖြစ်၍ အဆုံးစွန်စွန့်လွှတ်ဝံ့သော သတ္တိကို မွေးမြူပေး ရပါမည်။ ဗီယက်နမ်ပြည်သူများ ပေးဆပ် ခဲ့ရသည့် တန်ဖိုးကို လေ့လာကြည့်လျှင် မည်မျှ တန်ဖိုးကြီးကြောင်း သိနိုင်ပါသည်။ စစ်အစိုးရ လုပ်သလို ခြိမ်းခြောက်ချော့မြူပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆန့်ကျင်ရေး လူထုဆန္ဒပြပွဲ တက်ခိုင်းသည်နှင့် မတူပါ။ နယ်ချဲ့ဆန့်ကျင်ရေး အစစ်အမှန် လုပ်မည်ဆိုက စည်းရုံးနိုင်သမျှသော အင်အားကို စည်း ရုံးရပါသည်။ မိမိအား ဆန့်ကျင်သူ ကိုပင် စည်းရုံးရပါသည်။ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရန် ဦးစောကိုပင် သွားပြီးစည်း ရုံးပါသည်။ ဟသ်ာတဦးမြ၊ ပျော်ဘွယ် ဦးမြတို့သည် ဖဆပလနှင့် လက်တွဲမဖြုတ်ခဲ့ပါ။ ယခုမူ စစ်အစိုးရသည် သူ့ကိုဆန့်ကျင်သူ မှန်သမျှကို နယ်ချဲ့လက်ဝေခံ/လက်ပါးစေဟု ပါးစပ် အနားမပေးဘဲ ဆဲရေးနေပါသည်။ ဤသည်မှာ စစ်အစိုးရ၏ အမြော်အမြင်မရှိခြင်းကိုပြပါသည်။

★ စာမျက်နှာ( ၈ )သို့

သဝဏ်လွှာ

Пролетарии всех стран, соединяйтесь!
СОЮЗ КОММУНИСТИЧЕСКИХ ПАРТИЙ - КПСС
103132, МОСКВА, ГСП, НОВАЯ ПЛ...
ТЕЛ.: 264 85 20; 264 85 95. ФАКС

## ဗမာပြည်ကွန်မြူနစ်ပါတီ၏အနှစ်(၆၀)ပြည့် မွေးနေ့အတွက် ကွန်မြူနစ်ပါတီများသမဂ္ဂ–ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီမှ ပေးပို့သည့်သဝဏ်လွှာ

သို့

ဗဟိုစည်းရုံးရေး ကော်မတီ၊
ဗမာပြည် ကွန်မြူနစ်ပါတီ။

ချစ်စွာသောရဲဘော်တို့ –

ရဲဘော်တို့နှင့် တကွ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင်အပေါင်းတို့အား ဗမာပြည်ကွန်မြူနစ်ပါတီ ဖွဲ့စည်းတည်ထောင်ခဲ့သည့် အနှစ် (၆၀ ) ပြည့် နေ့ထူးနေ့မြတ်ကြီးတွင် ကျွန်တော်တို့က လိုက်လှဲစွာ ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် အလုပ်သမား၊ လယ်သမား၊ ကျောင်းသားနှင့် အခြားမြို့နေ လူ့အလွှာအသီးသီးတို့၏ လူတန်းစားတိုက်ပွဲများနှင့် နီးနီးကပ်ကပ် ဆက်စပ်ဆင်နွှဲကာ (၃၀) ပြည့်လွန်နှစ်များအတွင်းက အရှိန်အဟုန်ဖြင့် ကြီးထွားလာခဲ့သော ဗမာပြည်လွတ်လပ်ရေး အရေးတော်ပုံ လှုပ်ရှားမှုလှိုင်းတံပိုးကြားထဲမှ ၁၉၃၉ – ခုနှစ် ဩဂုတ်လ (၁၅ ) ရက်နေ့တွင် စတင်ပေါက်ဖွားလာခဲ့သောပါတီ ဖြစ်ပေသည်။

ဒေသခံနှင့် ပင်လယ်ရပ်ခြား ဖိနှိပ်ချုပ်ချယ်ရေးသမားတို့ကို ဆန့်ကျင်သည့် ပြည်သူလူထု လှုပ်ရှားမှုအလျဉ်အတွင်းမှ ပေါက်ဖွားလာခဲ့သောပါတီ ဖြစ်သည်နှင့်အညီ၊ ဗမာပြည်ကွန်မြူနစ်ပါတီသည် ယင်းလှုပ်ရှားမှု၏ တပ်ဦးတွင် နှစ်ပေါင်းရှည်ကြာစွာ စွဲစွဲမြဲမြဲ ဖြင့် တည်ရှိခဲ့ပေသည်။

ဂျပန်ကျူးကျော်ဝင်ရောက် သိမ်းပိုက်မှုအောက်မှ တိုင်းပြည်လွတ်မြောက်ရန် တရားမျှတသော တိုက်ပွဲဆင်နွှဲခဲ့စဉ် ကာလက ဗမာပြည်ကွန်မြူနစ်ပါတီသည် ပြည်ချစ်အင်အားစုများ၏ ရှေ့တန်းတပ်ဖွဲ့တဖွဲ့အဖြစ် တပ်ဦးအခန်းမှ ပါဝင်ခဲ့ကာ မိမိ၏သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြသခဲ့ပေသည်။

(၃၁ ) ကြိမ်မြောက် ကျွန်တော်တို့ ပါတီကွန်ဂရက်သို့ နှုတ်ခွန်းဆက် သဝဏ်လွှာ ပေးပို့ခဲ့သည့်အတွက် ဗမာပြည်ကွန်မြူနစ်ပါတီအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ၎င်းအပြင် (၂၀ ) ရာစုနှစ်၏ နယ်ချဲ့စနစ်၊ ကိုလိုနီကျွန်ပြုရေးစနစ်နှင့် လူမှုဖိနှိပ်ချုပ်ချယ်ရေးစနစ်တို့ကို တိုက်ပွဲဝင်ရာ၌ စီပီအက်စ်ယူနှင့် ယူအက်စ်အက်စ်အာတို့၏ အခန်းကဏ္ဍအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီက မြင့်မားစွာ တန်ဖိုးဖြတ်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်မဆုံးဖြစ်မိကြောင်းကို အခွင့်ကြုံခိုက် ဖေါ်ပြလိုပါသည်။

ကျွန်တော်တို့ နိုင်ငံ ၌ ၁၉ ၁၇ ခုနှစ် အောက်တိုဘာတော်လှန်ရေး ဖြစ်ပွားပြီးနောက် ကမ္ဘာပေါ်တွင် တရားမျှတသော ဆိုရှယ်လစ် လူ့အဖွဲ့အစည်း တည်ဆောက်ရန်အတွက် ပထမဦးဆုံးသော ကြိုးပမ်းအားထုတ်မှုကို ပြုခဲ့ပါသည်။ ၎င်းကာလနောက်ပိုင်း၌ အခြားနိုင်ငံများတွင် ( အထူးသဖြင့် တရုတ်ပြည်တွင် ) ဆိုရှယ်လစ် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်အတွက် မိမိတို့၏ အတွေ့အကြုံဖြင့် အောင်အောင်မြင်မြင် ပန္နက်ရိုက်ကျားကန် ထားသည်ကို တွေ့ရှိရပါသည်။ တချိန်တည်းတွင်လည်း တော်လှန်ရေးတရပ်သည် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိမှသာ တစုံတရာသော တန်ဖိုးအန ၎ ထိုက်တန်မှု ရှိနေပေလိမ့်မည်– ဟူသော ကြီးမြတ်သည့် လီနင်၏ သတိပေးချက်အတိုင်း ကျွန်တော်တို့အတွက် သင်ခန်းစာ ရရှိလိုက်ပါသည်။ ယင်းအချက်အားလုံးတို့သည် သမိုင်းမှတ်တိုင်အဖြစ်လည်းကောင်း၊ ထာဝရစံနမူနာ အဖြစ်လည်းကောင်း ဆက်လက်တည်ရှိနေလိမ့်မည်ဟု ကျွန်တော်တို့ စိတ်ချယုံကြည်လျက် ရှိပါသည်။ မိမိ၏တော်လှန်ရေးကို ပြင်းထန် ခက်ခဲကြမ်းတမ်းလှသည့် (၂၀)မှ (၄၀ ) ပြည့်လွန်နှစ်များအတွင်းက ကာကွယ်နိုင်ခဲ့သော်လည်း ကျွန်တော်တို့အနေဖြင့် မှန်ထူပြီး အင်အားချည့်နဲ့နေကာ အမှားအယွင်း နှင့် သစ္စာဖေါက်မှုတို့ကြောင့် ရာစုနှစ်အကုန်တွင် အောင်မြင်မှု အသီးအပွင့်များကို မကာကွယ်နိုင်ဘဲ ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်စေကာမူ ဆိုရှယ်လစ်စနစ်သည် အခြားသော ပြည်သူပြည်သားတို့၏ မြေလွှာပြင်၌ ပေါက်ရောက်ရှင်သန်နေသည့်နည်းတူ ကျွန်တော်တို့မြေ၌လည်း ပြန်လည်ပေါက် ဖွားလာလိမ့်မည်ဟု ကျွန်တော်တို့ ခိုင်ခိုင်မြဲမြဲ ယုံကြည်လျက် ရှိကြပါသည်။

ဗမာပြည် ပြည်သူ ပြည်သားတို့၏ အခြေခံအကျိုးစီးပွားနှင့် ထွန်းလင်းတောက်ပသော အနာဂတ် အရေးတို့အတွက် ခက်ခက်ခဲခဲ ပြင်းပြင်းထန်ထန် ဆင်နွှဲနေကြရသော တိုက်ပွဲများတွင် ချစ်စွာသောရဲဘော်များ အောင်ပွဲရ ရှိကြပါစေကြောင်း ကျွန်တော်တို့ ဆုတောင်း မေတ္တာ ပို့သလိုက်ပါသည်။

ကွန်မြူနစ်အလေးပြုမှုဖြင့်

ဖေဖော်ဝါရီလ–၁၂ ရက်။ ၁၉၉၉ ခုနှစ် ။

အောလက်(ဂ်) ရှယ်နင်
ယူစီ ပီ– စီပီအက်စ်ယူ
ကောင်စီ ဥက္ကဋ္ဌ

★ စာမျက်နှာ ( ၆ ) မှ

ယခင်က ဖက်ဆစ်ဆန့်ကျင်ရေးကို တပ်မတော်က ရှေ့ဆောင်ခဲ့သကဲ့သို့ မူကိမ်မောက်နယ်ချဲ့ဆန့်ကျင်ရေးကိုလည်း တပ်မတော်မှ ရှေ့ဆောင်မည်ဟူသော အပြောမျိုး ကြားရပါသည်။ ဖက်ဆစ် တော်လှန်ရေးကို တပ်မတော်က ရှေ့ ဆောင်ခဲ့ခြင်း မဟုတ်ကြောင်း လူတိုင်း သိပါသည်။ ဗိုလ်အောင်ဆန်း( ဖဆပလ ) ခေါင်းဆောင်ဖြစ်ခြင်းမှာ ကိုအောင်ဆန်းဘဝ၊ သခင်အောင်ဆန်းဘဝ၊ ရဲဘော်အောင်ဆန်း ဘဝ နောက်ဆုံး ဗိုလ်အောင်ဆန်းဘဝဖြင့် သူထမ်းဆောင်ခဲ့သော တာဝန်များနှင့် သူ၏အစဉ်အလာအရ ခေါင်းဆောင်ဖြစ် လာခြင်း ဖြစ်ပါသည်။ (ဖဆပလ) ခေါင်းဆောင်လုပ်မည် ကြံသောအခါ တွင်လည်း တပ်မှ ထွက်ခဲ့ပါသည်။ ထိုသတ္တိမျိုး လက်ရှိစစ်ခေါင်းဆောင်များ မွေးသင့်ပါသည်။ ထိုင်းမှစစ်ဗိုလ်များ လုပ်သလောက်မျှ မလုပ်နိုင်လျှင် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကို မမျှော်မှန်းသင့်ပါ။

(၁၀)

၂၁–ရာစု နိုင်ငံရေး အမြော်အမြင် အဆိုပြုချက်ကို ပြည်သူ့အာဏာ စာတည်းအဖွဲ့အနေဖြင့် တင်ပြခြင်း ဖြစ်ပါသည်။ ကြိုက်သည်ကိုယူ မကြိုက်သည်ကို ပယ်ကြရန် ဖြစ်ပါသည်။ တိုင်းချစ်ပြည်ချစ် နိုင်ငံရေးအင်အားစုများ၏ ပြန်လည် အဆိုပြုချက်များ၊ ဖြည့်စွက်ချက်များကို ကြိုဆိုပါသည်။

တကမ္ဘာလုံးရှိ နိုင်ငံအလတ်၊ အငယ်များမှ ( GDP )များနှင့် နှိုင်းစာလျှင် ဗမာပြည်၏ ( GDP )မှာ ပြောပလောက် အောင် မရှိပါ။ ဤသည်မှာ ကမ္ဘာ့စီးပွားရေး ထုတ်လုပ်မှု၊ ကုန်သွယ်မှုထဲမှ တစတစ ပျောက်ကွယ်တော့မည့် အန္တရာယ်ကို ဖော်ပြနေခြင်း ဖြစ်ပါသည်။ အာရှစီးပွားရေး အကျပ်အတည်းတွင် ဗမာပြည် အကျမနာလှပါဟု ပြောခြင်းသည် မိုက်မဲမှုတမျိုး ဖြစ်ပါသည်။ လှေကားအောက်ဆုံးထစ်မှ ကျသူသည် ထိပ်အဆင့်၊ အလယ်အဆင့်မှ ကျသူလောက် အကျမနာနိုင်ပါ။ လူမှုရေး တည်ငြိမ်သည်ဟု ပြောနည်းမှာလည်း ထပ်ဆင့် မိုက်မဲမှု ဖြစ်ပါသည်။ ဂျပန် ဖက်ဆစ်ခေတ်က လူမှုရေး တည်ငြိမ်မှုမျိုးကို ကြုံဖူးလျှင် ထိုတည်ငြိမ်မှုမျိုး တည်ငြိမ်နေခြင်းဟု ပြောပါလိမ့်မည်။ ဂျပန်ကင်းစောင့် စစ်သားတွေ့လျှင် လူတိုင်းကခါးကို ဂျပန်ပုံစံကျအောင် ညွှတ်ပြီး အလေးပြုရပါသည်။ မညွှတ်လျှင် ပါးရိုက် ပါသည်။ ဂျပန်စစ်သား၊ စစ်ဗိုလ် လမ်းမှာတွေ့ လျှင်လည်း အလေးပြုရပါသည်။ ထိုစဉ်က လူထုဆန္ဒပြပွဲ မရှိပါ။ အားလုံးက ဂျပန်ကို ဦးညွှတ်ရပါသည်။ ယခုခေတ်တွင် နဝတ၊ နအဖ ဗိုလ်ချုပ်များကို လက်အုပ်ချီ ကြိုဆိုရသလိုမျိုး ဖြစ်ပါသည်။ ထို "တည်ငြိမ်မှု"က တမျိုးသားလုံး ကြိတ်မှိတ်စုဆောင်းထားသည့် ဒေါသကို အခွင့်ကြုံသောအခါ အပြင်းအထန် ပေါက်ကွဲစေပါလိမ့်မည်။

ကျွန်တော်တို့၏ ဆန္ဒမှာ ၂၁–ရာစုနှစ်မှ နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းစစ်ကို "၂၁–ရာစုသို့ သယ် ဆောင် မသွားရေး" ဖြစ်ပါသည်။ သို့သော် ဆန္ဒသည် ဆန္ဒစွဲသက်သက် ဖြစ်သွားတတ်ပါသည်။ ထိုသို့မဖြစ်ရန် ဤနိုင်ငံရေးအမြော်အမြင်ကို အဆိုပြု တင်ပြရခြင်း ဖြစ်ပါကြောင်း။

စာတည်းအဖွဲ့
ပြည်သူ့အာဏာ

သဝဏ်လွှာ

# ကွန်မြူနစ်ပါတီများသမဂ္ဂ–ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ၏ ( ၃၁ ) ကြိမ်မြောက် ကွန်ဂရက်သို့ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုစည်းရုံးရေးကော်မတီမှ ပေးပို့သည့် သဝဏ်လွှာ

သို့
ယူစီပီ – စီပီအက်စ်ယူ
ကောင်စီ

ချစ်လှစွာသော ရဲဘော်တို့ –

ကွန်မြူနစ်ပါတီများသမဂ္ဂ – ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ (၃၁ ) ကြိမ်မြောက် ကွန်ဂရက်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်တော်များအား ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပါတီဝင်များကိုယ်စား ကျွန်တော်တို့က လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါသည်။

ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၉ ခုနှစ်က စတင်ပေါက်ဖွား လာခဲ့သည် ဖြစ်သဖြင့် ယခုအခါ ပါတီသက်တမ်း အနှစ် ၆၀ နီးပါးခန့် ရှိလာခဲ့ပါပြီ။ ဤသက်တမ်းကာလ တလျှောက်လုံးတွင် ကျွန်တော်တို့ပါတီသည် မြေအောက်လှုပ်ရှားမှု တိုက်ပွဲအပါအဝင် တိုက်ပွဲသဏ္ဍာန်မျိုးစုံကို ဆင်နွှဲကာ ကြမ်းတမ်းခက်ခဲသည့်ကာလကို ဖြတ်သန်းခဲ့ရပါသည်။ ကျွန်တော်တို့ပါတီသည် ဤသို့ခက်ခဲကြမ်းတမ်းသည့်ကာလကို ရှန်းကန်ဖြတ်သန်းလာခဲ့ရာတွင် လီနင်ထူထောင်ခဲ့သော ဆိုဗီယက် ပြည်ထောင်စုကွန်မြူနစ်ပါတီကိုသော်လည်းကောင်း၊ လုပ်သားပြည်သူများ၏ အကျိုးစီးပွားအတွက်နှင့် ဆိုရှယ်လစ်အရေးတော်ပုံတို့အတွက် ဆိုဗီယက်ကွန်မြူနစ်များ ကိုင်စွဲခဲ့သည့် တိုက်ပွဲစိတ်ဓါတ်ကိုသော်လည်းကောင်း၊ ဂုဏ်ရောင်ပြောင်သော တိုက်ပွဲအစဉ်အလာကိုသော်လည်းကောင်း အစဉ်အမြဲ လေးစား အတုယူခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ နောက်ဆုံးအဆင့်တွင် ဆိုဗီယက်ပြည်ထောင်စုမှ ပြည်သူများနှင့် ဗမာပြည်မှ ပြည်သူများတို့သည် မဟာမိတ်များ ဖြစ်ခဲ့ကြပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ ပါတီဝင်ရဲဘော်များသည် စတာလင်ဦးဆောင်သော ဆိုဗီယက် တပ်နီတော်မှ တပ်သားများ၊ တရုတ်ပြည်ကွန်မြူနစ်ပါတီမှ ပါတီဝင်ရဲဘော်များ၊ ကမ္ဘာတဝှမ်းလုံးမှ ဖက်ဆစ်ဆန့်ကျင်ရေးသမားများနှင့် အတူတကွ ရင်ပေါင်တန်းကာ၊ ဖက်ဆစ်စနစ်ဆန့်ကျင်ရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ကြပါသည်။ မိမိနိုင်ငံတွင် ဂျပန်စစ်ဝါဒီများအား တိုက်ပွဲဝင်ကာ တိုင်းပြည်ကို ကယ်တင် နိုင်ခဲ့ကြ သည်။ ဤသည်ကို ကျွန်တော်တို့ ဂုဏ်ယူမိကြပါသည်။

ကျွန်တော်တို့ပါတီသည် ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ၏ ဦးစီးခေါင်းဆောင်မှုဖြင့် ရရှိခဲ့သော ဆိုဗီယက် ပြည်ထောင်စုကြီး၏ အောင်မြင်မှုတို့ကို အစဉ်မပြတ် မြင့်မြင့်မားမား ကန်ဖိုးဖြတ်ခဲ့ပါသည်။ ဆိုဗီယက်ပြည်ထောင်စု၏ အောင်မြင်မှုတို့အကြောင်းကို မိမိနိုင်ငံရှိ ပြည်သူများ သိရှိစေရန်အတွက်လည်း ဖေါ်ပြပြောဆိုခဲ့ပါသည်။

နယ်ချဲ့စနစ်၊ ကိုလိုနီစနစ်၊ လူမှုသွေးစုပ် ခြယ်လှယ်သည့်စနစ်တို့နှင့် တိုက်ပွဲဆင်ရာ၌ ကမ္ဘာ့ပြည်သူများရရှိခဲ့သော အောင်ပွဲများသည် ဆိုဗီယက်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ၊ ကမ္ဘာ့ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုတို့၏ တိုက်ရိုက်အားပေးမှု၊ အားမာန်တက်ကြွစေသော စံနမူနာပြမှုတို့၏ အကျိုးကျေးဇူးနှင့် မကင်းဟူ၍ ဗမာပြည်ကွန်မြူနစ်ပါတီက ယူဆခဲ့ပါသည်။ ယခုလည်း ဤအတိုင်း ယူဆမြဲ ယူဆလျက်ပင် ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့ပထမဆုံး ဆိုရှယ်လစ်နိုင်ငံ၏

စံနမူနာနှင့် အားပေးထောက်ခံမှုတို့သည် ကမ္ဘာ့သမိုင်းတွင် မိမိကျရာအခန်းကဏ္ဍမှ ဂုဏ်ပြောင်စွာ ပါဝင်ခဲ့ခြင်းဖြစ်ရာ၊ နောင်လာနောက်သား မျိုးဆက်များအနေနှင့် မည်သည့်အခါမှ မေ့ပစ်ကြမည် မဟုတ်ပါ။

အခြားသောကွန်မြူနစ်များအားလုံးနှင့် ကမ္ဘာတဝှမ်းရှိ ဆိုရှယ်လစ်ဝါဒအရေးကို ရွေးချယ်ကြသူများနည်းတူ ဗမာပြည်ရှိ ကျွန်တော်တို့ ကွန်မြူနစ်များသည်လည်း ကမ္ဘာ့ဆိုရှယ်လစ်စနစ်၏ ရင်နင့်ဖွယ်ယာယီရှုံးနိမ့်ရမှု၊ ဆိုဗီယက်ပြည်ထောင်စုကြီး၏ ပြိုကွဲမှုတို့အတွက် အလွန်တရာ ယူကျုံးမရဖြစ်ကြရပါသည်။ ဆိုဗီယက်ကွန်မြူနစ်များအပေါ် ကျရောက်လာသော လေးလံသည့် လုပ်ငန်းတာဝန်များ အတွက်လည်း စာနာထောက်ထားမိပါသည်။

သို့သော် (၂၀) ရာစုနှစ်အတွင်း ဆိုရှယ်လစ်နိုင်ငံတော်ကို တည်ဆောက်ရန် ကြိုးပမ်းကြရာတွင် ပထမဦးဆုံး ကြိုးပမ်းအားထုတ် တည်ဆောက်ခဲ့သော ရုရှားပြည်တွင်သာ (အောင်မြင်မှုမှသွေဖီခဲ့ရခြင်း) ဖြစ်သည်ဟု ကျွန်တော်တို့ ယူဆပါသည်။ သမိုင်းတကွေ့တွင် ဤကဲ့သို့ ပြင်းထန်လှသည့် အလှည့်အပြောင်းဖြစ်မှုသည် ကမ္ဘာ့သမိုင်း ဖြစ်စဉ်အပေါ် ကြီးမားသော ဩဇာဂယက်ရိုက်ခတ်မှု ရှိခဲ့ပါသည်။ ပေါက်ပြန်ရေးအင်အားစုတို့ကလည်း ၎င်းတို့၏ ဓမ္မတာအတိုင်း ဖိချိုးတိုက်ခိုက်လာမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ တိုးတက်သည့် အင်အားစုများထဲမှာပင်လျှင် ပေါက်လွှဲပေါက်ပြန်ဖြစ်မှုတို့ တပါတည်း ပူးတွဲပါလာခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ ကြိုးပမ်းအားထုတ်မှုသည် အသစ်တဖန် ဖြစ်ပေါ်လာပြီး၊ ယင်းကြိုးပမ်းအားထုတ်မှုသည် နောက်ဆုံးတွင် အောင်မြင်မှုကို မုချ ဆွတ်ခူးနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးတိုက်ပွဲ အောင်လံတော်ကို တရုတ်ပြည်ကွန်မြူနစ်ပါတီက ဆက်လက်စွဲကိုင်ထားပြီး၊ ကြီးမြတ်သော ဆိုရှယ်လစ်အရေးတော်ပုံကို ဦးစားပေးအလေးထားလျက် ရှိပါသည်၊ တရုတ်ပြည်၊ ဗီယက်နမ်၊ ကိုရီးယားပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့တွင် ဆိုရှယ်လစ်စနစ် တည်ဆောက်မှုသည် လက်တွေ့အရ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်ကို ကျွန်တော်တို့ နှစ်ထောင်းအားရ ဖြစ်မိကြပါသည်။

ဆိုဗီယက်ကွန်မြူနစ် များအနေဖြင့် မိမိ၏ကွန်မြူနစ် တပ်ဖွဲ့များကို သမ္မတနိုင်ငံများနှင့် တစည်းတလုံးတည်း ရှိသော ကွန်မြူနစ်လှုပ်ရှားမှု ဘောင်များအတွင်း ညီညွတ်မှုကိုပြန်လည် စိုက်ထူကာ၊ အနာဂတ်တွင် ဆိုဗီယက်ပြည်ထောင်စု နယ်မြေတဝှမ်း၌ တခုတည်းသော ကွန်မြူနစ်ပါတီတရပ်ကို ဖွဲ့စည်းထူထောင် နိုင်လိမ့်မည် ဆိုသည်ကိုလည်း ကျွန်တော်တို့ ယုံကြည်ပါသည်။

အောင်ပွဲကို အာမခံချက်ပေးမည့် ဤကဲ့သို့သော စည်းလုံးညီညွတ်မှု လုပ်ငန်းတာဝန်နှင့် စပ်လျဉ်းပြီး– ကွန်မြူနစ်ပါတီများ သမဂ္ဂ – ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ (ယူစီပီ – စီပီအက်စ်ယူ ) ၏ (၃၁) ကြိမ်မြောက် ကွန်ဂရက်တွင် ရှေ့သို့တဆင့်တိုး တက်လှမ်းထမ်းဆောင်ကာ အောင်မြင်မှုရရှိပါစေကြောင်း ကျွန်တော်တို့အနေဖြင့် ဆုတောင်းဆန္ဒပြုလိုက်ပါသည်။ ကွန်မြူနစ်များသာလျှင် ပြည်ထောင်စု ဆိုရှယ်လစ်နိုင်ငံတော် ပြန်လည်ထူထောင်ရေးဆီသို့ ပြည်သူလူထုကြီးကို ရှေ့ဆောင်ရှေ့ရှုက်ပြုကာ ခေါ်ဆောင်သွားနိုင်လိမ့်မည် ဖြစ်ပါသည်။

–ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ အောင်မြင်ပါစေ။
–တညီတညွတ်တည်းရှိသော ကွန်မြူနစ်လှုပ်ရှားမှု အောင်မြင်ပါစေ။
–မာ့က်စ်လီနင်ဝါဒ အစွန့်ရှည်ပါစေ။

၁၉၉၈ ခု – အောက်တိုဘာလ (၂၈) ရက်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ

သဝဏ်လွှာ

# အိန္ဒိယကွန်မြူနစ်ပါတီ ( မာ့က်စ်ဝါဒ )၏
# ( ၁၆ )ကြိမ်မြောက်ကွန်ဂရက်သို့ ပေးပို့သည့်
# ဗမာပြည်ကွန်မြူနစ်ပါတီ၏
# ဂုဏ်ပြုသဝဏ်လွှာ

ချစ်စွာသော ရဲဘော်တို့ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီနှင့် ပါတီဝင်ထုတရပ်လုံးက အိန္ဒိယကွန်မြူနစ်ပါတီ (၁၆) ကြိမ်မြောက် ကွန်ဂရက်အား လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြု၍ ကွန်ဂရက်အောင်မြင်စေကြောင်း ဆန္ဒပြုလိုက်ပါသည်။

ဤကွန်ဂရက်သည် ရဲဘော်တို့ ရရှိထားသော အောင်မြင်မှုများကို ပိုမိုခိုင်မာစေရုံမက နောက်အောင်ပွဲများ အတွက်လည်း လမ်းဖွင့်ပေးလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးနှင့် ဗမာပြည်တွင်ဒီမိုကရေစီ ထွန်းကားရေး အရေးတော်ပုံတို့ကို ထောက်ခံခဲ့သည့်အတွက် ရဲဘော်တို့ကို ကျွ နုပ်တို့ပြည်သူများနှင့် ကျွန်ုပ်တို့ပါတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါသည်။

အများသိကြသည့်အတိုင်း ဤရာစုနှစ်ကုန်လုဆဲဆဲ အခါတွင်ပင် ကျွန်ုပ်တို့၏နိုင်ငံမှာ စစ်အာဏာရှင်များ၏ သံလက်ခုပ်ထဲတွင် ရှိမြဲရှိနေရပြီး ပြည်တွင်းစစ်မီးမှာလည်း တောက်လောင်ဆဲပင် ရှိပေသည်။ နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး နှင့်လူမှုရေး အခြေအနေတို့မှာ ကသောင်းကနင်း ဖြစ်နေသည်။ ဗမာပြည်၏ နာတာရှည် ပြဿနာများကို ဖြေရှင်းရေးအတွက် တခုတည်းသောနည်းလမ်းမှာ ဆွေးနွေးတွေ့ဆုံခြင်းပင်ဖြစ်သည်ဟု ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်မှအခြားသောနိုင်ငံရေး အင်အားစုများက ထောက်ပြကြ သော်လည်း စစ်အစိုးရသည် မိမိနှင့်အမြင်မတူသူများအပေါ် အကြမ်းဖက်နည်းဖြင့်သာ ခေါင်းမာစွာ ဖြေရှင်းနေပါသည်။ ဤသို့လုပ်ဆောင်ခြင်း မှာ ဤနိုင်ငံရှိ စစ်ပွဲနှင့် ပဋိပက္ခများ၏ အခြေခံအကြောင်းရင်းပင် ဖြစ်ပါသည်။ ယနေ့ကာလလို အမေရိကန် ဗိုလ်ကျလွှမ်းမိုးရေးဝါဒက ထင်တိုင်းကြဲနေချိန်တွင် နိုင်ငံတနိုင်ငံအတွင်း မတည်ငြိမ်ခြင်းနှင့် အမျိုးသားသွေးစည်းမှု မရှိခြင်းတို့သည် နယ်ချဲ့စွက်ဖက်မှုကို လက်ယပ်ခေါ်နေသလိုသာ ရှိပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့အနေဖြင့် ဗမာပြည်တွင် ငြိမ်းချမ်းရေးအလံ၊ ဒီမိုကရေစီရေးအလံ၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအလံတို့နှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေးအလံကိုလည်း မြင့်မားစွာ လွှင့်ထူထားရပေသည်။ ကျွန်ုပ်တို့သည် ဂုဏ်ပြောင်သော မာ့က်စ်လီနင်ဝါဒအလံကို ခိုင်ခိုင်မာမာ စွဲကိုင်ပြီး ကမ္ဘာအဝှမ်းရှိ ပစ္စည်းမဲ့ပါတီများနှင့် ရှေ့သို့အတူချီတက်သွားပေမည်။

အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) နှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားရှိ ညီနောင်ဆက်ဆံရေး ဖွံ့ဖြိုးခိုင်မာပါစေ။

*မာ့က်စ်ဝါဒလီနင်ဝါဒ အစွန့်ရှည်ပါစေ။*

*အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ် ဝါဒ) အစွန့်ရှည်ပါစေ။*

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ

# ဥပဒေတွင်းဥပဒေပရှိ နိုင်ငံရေးအင်အားစုများသို့တင်ပြသည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏အိတ်ဖွင့်ပေးစာ

ရဲဘော်များ–မိတ်ဆွေများ–
လုပ်ဖော်ကိုင်ဖက်များ–ပြည်ချစ်ပုဂ္ဂိုလ်များခင်ဗျား–

တိုင်းပြည်၏နိုင်ငံရေး အခြေအနေသည် အတင်းမာဆုံးအဆင့်သို့ အရှိန်အဟုန်ဖြင့် တက်လှမ်းလျက်ရှိပါသည်။ ဤသို့သော မျက်မှောက်အခြေအနေကို ထောက်ရှုဆင်ခြင်ကာ ကျွန်တော်တို့ပါတီ၏ အမြင်နှင့် သဘောထားကို ပွင့်ပွင့်လင်းလင်း တင်ပြပါသည်။

လွတ်လပ်ရေးရပြီးသည့်ခေတ်တခေတ်လုံး နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ကို ပေါင်းရုံးသုံးသပ်ခြင်းဖြင့် ဤအမြင်နှင့် သဘောထားကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ပေါင်းရုံးသုံးသပ်ရာတွင်လည်း မိမိပါတီ၏ အခန်းကဏ္ဍအပါအဝင် အခြားသောပါတီအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကိုပါ ဝေဖန်ရေး၊ မိမိကိုယ်ကိုဝေဖန်ရေး လုပ်ဟန်ဖြင့် သုံးသပ်ခြင်း ဖြစ်ပါသည်။အကျဉ်းရုံးပြီး တင်ပြရခြင်းဖြစ်၍ မရှင်းလင်းသည်များ ရှိနိုင်ပါသည်။ သဘောထားခြင်း မကိုက်ညီသည်များလည်း တွေ့နိုင်ပါသည်။ တောင်းဆိုမှုရှိပါက ကျွန်တော်တို့ တတ်နိုင်သမျှ ရှင်းလင်းပါမည်။ သဘောထားချင်းကိုက်ညီရန်လည်း ကြိုးစားပါမည်။ ("မျိုးဆက်ဟောင်း"များဟာ ပြည်တွင်းစစ်ကို မျိုးဆက်သစ်သို့ အမွေအဖြစ် မပေးခဲ့သင့်။"မျိုးဆက်ဟောင်း"များရဲ့ လက်ထက်မှာ ပြည်တွင်းစစ်ကို ရပ်စဲအောင်လုပ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ခဲ့သင့်ပါတယ်။) ဟူသော ဗမာပြည်ကွန်မြူနစ်ပါတီ၏ မျှော်လင့်ချက်ကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေးအတွက် ဤအိတ်ဖွင့်ပေးစာကို ပေးပို့ခြင်း ဖြစ်ပါသည်။

(၁)

ပြည်တွင်းစစ် မရှိသော၊ ငြိမ်းချမ်းသော ဗမာပြည် (၂၁) ရာစုတွင် ဖြစ်ပေါ်မလား၊ မဖြစ်ဘူးလားဆိုသော မေးခွန်းကို မျက်မှောက်နိုင်ငံရေး အခြေအနေပေါ်တွင်ကြည့်ပြီး အဖြေပေးရမည် ဖြစ်ပါသည်။

မျက်မှောက်နိုင်ငံရေး အခြေအနေကား"ပြည်တွင်းငြိမ်းချမ်းရေး" မျှော်လင့်ချက်အတွက် အားတက်စရာ မကောင်းလှပါ။ အာဏာရ စစ်အုပ်စု၏ ထိပ်တိုက်တွေ့ရန် ဗိုလ်တောင်းစိန်ခေါ်နေသော တင်းမာသည့် သဘောထားကြောင့် စိတ်ပျက်ဖွယ် ကောင်းနေပါသည်။

စစ်အုပ်စုက အဘယ်ကြောင့် ဤမျှ တင်းမာနေပါသနည်း။ အဖြေကို လွတ်လပ်ရေးနှစ် (၅၀) သမိုင်း ပြန်ကြည့်လျှင် လွယ်လွယ်တွေ့နိုင်ပါသည်။ "အာဏာ"ကို မိမိမှတပါး အခြားမည်သူ့ကိုမျှ မပေးလိုသည့် "အာဏာလောဘ" အလွန်အမင်း ရှိကြသည့် နိုင်ငံရေးအင်အားစုများ အစိုးရအာဏာ ရနေ၍ ဖြစ်ပါသည်။ အာဏာကို ထိပါးမည့်သူဟူ၍ သူတို့ယူဆလျှင် ထိုနိုင်ငံရေး အင်အားစုများကို အမျိုးမျိုးစွပ်စွဲပြီး တိုက်ခိုက်ကြပါသည်။ယခု (နဝတ) (နအဖ) စစ်အုပ်စုကတော့ "ဖြတ်လမ်းက အာဏာရချင်သူများ" "နယ်ချဲ့လက်သစ်နှင့် လက်ဝေခံအလိုတော်ရိများ"၊ "အနောက်ဩဇာ လွှမ်းမိုးနိုင်ရေး ကြိုးပမ်းသူများ"ဟု စွပ်စွဲပြီး တိုက်ခိုက်နေပါသည်။ သူတို့၏ လုပ်နည်းတခုမှာ အတိုက်အခံများကို ထောင်ထဲထည့် တောထဲမောင်းပို့ပြီး ချေမှုန်းကြခြင်း ဖြစ်ပါသည်။

(ဖဆပလ) အစိုးရက "အနှစ်(၄၀) အာဏာတည်မြဲရမည်"ဟု ကြွေးကြော်ခဲ့ဖူးပါသည်။ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးပြီး "ရွေးကောက်ပွဲ"ဖြင့် အာဏာရယူသည့် ကာလဖြစ်၍ လျော့လျော့ပေါ့ပေါ့ အနှစ် (၄၀) ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။ (မဆလ) စစ်အုပ်စုကတော့ အာဏာကို ထာဝရ သိမ်းထားရန် ကြိုးစားပါသည်။ (နဝတ–နအဖ)စစ်အုပ်စုကျတော့ "အနာဂတ်" ကာလတခုလုံး အာဏာမဏ္ဍိုင် ဖြစ်ချင်ပါသည်။

(နဝတ–နအဖ) စစ်အုပ်စုသည် ယခင့်ယခင် "အာဏာလောဘ"သမားများကဲ့သို့ပင် "အာဏာမာန" ရှိကြပါသည်။ ၎င်းတို့ကပိုသည်မှာ သူတို့ခေတ်တွင် ယခင်အစိုးရများ မလုပ်နိုင်ခဲ့သည်ကို သူတို့လုပ်နိုင်သည်ဟု ထင်ယောင်မှားနေခြင်း ဖြစ်ပါသည်။ထိုသို့ ထင်ယောင်မှားနေ၍ မာနတလူလူ တက်နေကြပါသည်။

(၂)

(နဝတ–နအဖ) စစ်အုပ်စုသည် စစ်အုပ်စု မျိုးဆက်သစ် ဖြစ်ပါသည်။ သူတို့တွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလက္ခဏာ မရှိပါ။ ပြည်သူနှင့် နီးစပ်သည့် အတွေ့အကြုံလည်း တစိုးတစိမျှ မရှိပါ။ ပြည်တွင်းစစ်အတွင်းမှ ပေါက်ဖွားလာကြသူများသာ ဖြစ်ကြပါသည်။ သူတို့သည် မူလစစ်အုပ်စုဝင်များ (စစ်အုပ်စု မျိုးဆက်ဟောင်းများ)၏ ဩဇာအောက်မှလည်း ရုန်းထွက်ချင်ကြပါသည်။ မူလစစ်အုပ်စုဝင်များ (စစ်အုပ်စု မျိုးဆက်ဟောင်းများ )က လက်ျာဆိုရှယ်လစ် (တည်မြဲ) ဖဆပလလက်၏ ဩဇာအောက်မှ ရုန်းထွက်ကာ တစင်ထောင်ခဲ့ကြသလို သူတို့လည်း

တစင်ထောင်ရန် စိတ်ကူးယဉ်နေကြပါသည်။ ခေတ်ချင်းမတူတော့သည်ကို သူတို့ထည့်မတွက်ကြပါ။ မူလစစ်အုပ်စုဝင်များ၏ခေတ်မှာ စစ်အေးခေတ်ဖြစ်ပါသည်။ "ဆိုရှယ်လစ်" တံဆိပ်ကပ်ကာ လက်တွေ့က စစ်အုပ်စု တပါတီအာဏာရှင်စနစ် ကျင့်သုံးနေသည်ကို အနောက်အုပ်စုက သိပါသည်။ သို့သော် လက်ခံအားပေးခဲ့ပါသည်။ "ဆိုရှယ်လစ် "အမည်ခံထားသော်လည်း တကယ့်ဆိုရှယ်လစ်တိုင်းပြည်များကို နယ်ချဲ့အလိုကျ ဆန့်ကျင်ပြသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာ ထောက်ခံခဲ့ပါသည်။

ယခုခေတ်မှာ ထိုသို့မဟုတ်တော့ပါ။ "ဒီမိုကရေစီ" စကားပြောပြီး "ဈေးကွက်စီးပွားရေး" လုပ်နေပါသည်ဟု ဆိုကာမှ (နဝတ–နအဖ)စစ်အုပ်စုကို အနောက်အုပ်စုက "သူတို့လူ" အဖြစ် လက်မခံတော့ပါ။ ဤကား သမိုင်း၏ သရော်ချက်ပင် ဖြစ်ပါတော့သည်။

(၃)

ဒီမိုကရေစီ ရုပ်သိမ်းခံရသည်နှင့်အတူ ပြည်တွင်းစစ် ဖြစ်ခဲ့ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ငြိမ်းချမ်းစွာ နိုင်ငံရေး လုပ်ဆောင်ခွင့် မရတော့သည့်အဆုံးတွင် မလွဲမရှောင်သာ ခုခံရေးစစ် ဆင်နွှဲခဲ့ရပါသည်။ နောင်အခါတွင် ကွန်မြူနစ်များ သာမက ပြည်သူ့ရဲဘော်များလည်း လက်နက်ကိုင်တိုက်ပွဲ တိုက်ခဲ့ရပါတော့သည်။ တိုင်းရင်းသား လူမျိုးစုများလည်း ထိုနည်းလည်းကောင်း ဖြစ်ခဲ့ပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည်ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရန်၊ ဒီမိုကရေစီ အခွင့်အရေးများ ပြန်လည်ရရှိရန်၊ အမျိုးသားပေါင်းစုံ သွေးစည်းညီညွတ်ရန်အတွက် စေ့စပ်ဆွေးနွေးရန် အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ဖူးပါသည်။ အနှစ်"၅၀" အတွင်းတွင် (နဝတ–နအဖ) အစိုးရအပါအဝင် အစိုးရအဆက်ဆက်ကို ကမ်းလှမ်းခဲ့ပါသည်။ သို့သော် မအောင်မြင်ခဲ့ပါ။

တခါကဆိုလျှင် ပါတီတွင်းမှ လူချို့က ပါတီကိုဆန့်ကျင်ကာ "ဒီမိုကရေစီနှင့် လက်နက်လဲရန်" ပင် အဆိုပြုဖူးပါသည်။ ဒီမိုကရေစီမှာ ပစ္စည်းတခု မဟုတ်ကြောင်း၊ လက်နက်နှင့် ထည်ချင်းလဲ၍ မရကြောင်း သူတို့ မသိပါ။ သူတို့က "လက်နက်ကိုင်တိုက်ပွဲတိုက်နေလို့ ဒီမိုကရေစီ မရတာ"ဟု ထင်မြင်ယူဆနေပါသည်။

ယခုတော့ ရှင်းလောက်ပါပြီ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် လက်နက်ကိုင်တိုက်ပွဲသဏ္ဌာန်ကို ဘယ်တုန်းကမျှ မရွေးချယ်ခဲ့ပါ။ စစ်အစိုးရ ဦးစီးကျင်းပသည့် ရွေးကောက်ပွဲ ဝင်ခဲ့ပါသည်။ အပြတ်အသတ်လည်း နိုင်ခဲ့ပါသည်။ သို့သော် (၈)နှစ်ကျော်သည်အထိ ဘာမှ မဖြစ်ခဲ့ပါ။ ဒီမိုကရေစီနှင့်လည်း ကြာလေဝေးလေ ဖြစ်နေပါသည်။ ယခုတော့ (NLD) ကိုယ်တိုင်ပင်လျှင် "တရားမဝင်" ကြေညာခံရတော့မလို ဖြစ်နေပါသည်။ ကြေညာသည်ဖြစ်စေ၊ မကြေညာသည်ဖြစ်စေ ထူးတော့လည်း မထူးပါ။ ဆိုင်းဘုတ်အဖြုတ်မခံရရုံတမယ်သာ ရှိနေသော အခြေအနေ ဖြစ်နေပါပြီ။

ဒီမိုကရေစီကား လက်နက်ဖြင့်လည်း လဲမရ၊ ရွေးကောက်ပွဲ နိုင်ရုံမျှဖြင့်လည်း မရ။ မည်သည့်နည်းဖြင့် ရပါမည်နည်း။ ဝိုင်းဝန်းစဉ်းစားကြ ရပါမည်။

(NLD)သည် အလွန်စိတ်ရှည်ခဲ့ပါပေသည်။ (NLD) ခေါင်းဆောင်စုမို့လည်း စိတ်ရှည်နိုင်ကြဟန်တူပါသည်။ ရွေးကောက်ပွဲနိုင်ပြီး (၈)နှစ်ကြာသည်အထိ စိတ်ရှည်ရှည် စောင့်ခဲ့ကြသည်။ စေ့စပ်ဆွေးနွေးရေး လုပ်ရန် အကြိမ်ကြိမ်ပြောခဲ့သည်။ စစ်အုပ်စုကား တင်းမာမြဲတင်းမာလျက်။

(NLD)ကို ဖြိုခွဲရန် အကြံဖြင့် ဆင့်စာပေးကာ (NLD)မှ ခေါင်းဆောင်တဦးတလေကို (တခါတရံ အချို့ကို) ခေါင်းခေါက်ကာ ခေါ်တွေ့ခဲ့သည်။ ယင်းကို "စေ့စပ်ဆွေးနွေးရေး"၏အစဟုလည်း စစ်အုပ်စုက ပြောခဲ့သည်။ ပြည်သူများ ဖတ်ရမြင်ရသည်ကား "စေ့စပ်ဆွေးနွေးရေး"မဟုတ်။ အထက်စီးဖြင့် ဆင့်ခေါ်ပြီး ရာဇသံပေးခြင်း ဖြစ်နေသည်။ လာရောက်"ဂါရဝ" ပြုသည်ဟု မပြောရုံတမယ်ပဲ ဖြစ်နေသည်။

တန်းတူရည်တူ ဒီမိုကရေစီရှိရှိ တကယ့်စေ့စပ်ဆွေးနွေးပွဲ ဖြစ်စေဖို့သာ ကျွန်တော်တို့ လိုလားပါသည်။ သက်ဆိုင်ရာ နိုင်ငံရေး အဖွဲ့အစည်းက မိမိတာသာ လွတ်လွတ်လပ်လပ် ရွေးချယ်ခွင့်နှင့် ဆုံးဖြတ်ခွင့် အပြည့်အဝ ရှိရမည်။ အကျပ်ကိုင်မှုအ လျဉ်းမရှိစေရ။ ဤသည်မှာ ရှေ့ဦးလိုအပ်ချက် ဖြစ်သည်။ မူလည်းဖြစ်သည်။

အနှစ်သာရရော ပုံသဏ္ဌာန်ပါ တကယ့်စေ့စပ်ဆွေးနွေးရေးကိုသာ ပြည်သူတို့က တောင့်တသည်။ ထိုသို့သော ဆွေးနွေးပွဲမျိုးဖြင့်သာ ဒီမိုကရေစီ အစစ်အမှန်ကို ရရှိနိုင်ပေသည်။ ဤသို့သော တွေ့ဆုံဆွေးနွေးပွဲမျိုး ဖြစ်မြောက်ရေးအတွက် တွန်းဆော်သည်ဆိုလျှင် မည်သည့်ပုဂ္ဂိုလ်က တွန်းဆော်သည်ဖြစ်စေ တိုင်းပြည်အတွက်ဖြစ်၍ ကြိုဆိုရပေမည်။

၁၉၈၈ခုနှစ် မတိုင်မီက စေ့စပ်ဆွေးနွေးရေးမှာ ဗမာပြည်ကွန်မြူနစ်ပါတီက အစိုးရအာဏာကို လွှဲပေးရန် တောင်းခြင်းမဟုတ်။ အစိုးရနှင့် ပူးပေါင်းရန်လည်း မဟုတ်။ တက်ကြွသော အတိုက်အခံပါတီတရပ်အဖြစ် ရပ်တည်ရန် ဖြစ်သည်။ ယခု (NLD)၏ စေ့စပ်ဆွေးနွေးရေးမှာ ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရန် တောင်းဆိုခြင်း ဖြစ်သည်။ ( ဤအတိုင်းလည်း ဖြစ်ရမည်။ ) ထို့ကြောင့် စစ်အုပ်စုက စေ့စပ်ဆွေးနွေးရေးကို ပို၍ သဲကြီးမဲကြီး ဆန့်ကျင်နေခြင်း ဖြစ်သည်။ ဖိအားမရှိဘဲ မလွယ်ပါ။ ဖိအားဆိုသည်မှာ ပြည်တွင်းဖိအားကို ပြောခြင်း ဖြစ်ပါသည်။ ပြည်ပဖိအားမှာ အဓိက မဟုတ်၍ အရာမရောက်နိုင်ပါ။

အလျဉ်းသင့်၍ ဖော်ပြရလျှင် ဒီမိုကရေစီသည် ကွက်ကျားဒီမိုကရေစီ မဖြစ်သင့်။ လူတန်းစား၊ လူ့အလွှာအားလုံးအတွက် ဒီမိုကရေစီဖြစ်ရန် လိုသည်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ မြို့နေဆင်းရဲသား၊ လူလတ်တန်းစားစသည်တို့၏ အသင်းအပင်း (သမဂ္ဂ)များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နှင့် ဆန္ဒထုတ်ဖော်ခွင့် စသည်စသည်တို့မှာ အခြေခံဒီမိုကရေစီ အခွင့်အရေးများ ဖြစ်သည်။

(၄)

"ဆိုရှယ်လစ်" ဆိုင်းဘုတ်တင်ထားသော (မဆလ) စစ်အုပ်စုကိုတော့ ထောက်ခံခဲ့ပြီး "ဈေးကွက်စီးပွားရေး" ဆိုင်းဘုတ်အောက်က (နဝတ–နအဖ) စစ်အုပ်စုကျမှ ဆန့်ကျင်နေသည့် အမေရိကန် နယ်ချဲ့အုပ်စုကို စစ်အုပ်စုက နားမလည်နိုင်၊ အခံရလည်း ခက်နေသည်။ ထို့ကြောင့်ပင် နှစ်(၅၀) အတွင်းတက်ခဲ့သမျှ အစိုးရတွေထဲတွင် "နယ်ချဲ့ဆန့်ကျင်ရေး" စကားကို အပြောဆုံးအစိုးရ ဖြစ်နေသည်။

နယ်ချဲ့ဆန့်ကျင်ရေး စကားကို ပြောရမည့်အချိန် ၁၉၆၀ ခုနှစ်ကျော် ကာလများ ဗီယက်နမ်စစ် တခြိမ်းခြိမ်း ဖြစ်နေစဉ်က တုတ်တုတ်မျှ မလှုပ်ခဲ့သော စစ်အုပ်စု အနွယ်ဝင်တို့သည် ယခုမှ "နယ်ချဲ့ဆန့်ကျင်ရေး" ပြောမဆုံး ဖြစ်နေကြသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ထိုးနှက်လို၍လည်း ပို၍များများ ပြောကြခြင်း ဖြစ်သည်။

တဘက်မှ လှည့်ကြည့်ပြန်လျှင် အမေရိကန်နယ်ချဲ့ အုပ်စုသည် စစ်အေးခေတ်လွန်ကာလ အာရှနိုင်ငံရေးတွင် ဗမာပြည်၏ ဒီမိုကရေစီရေးတိုက်ပွဲကို အသုံးချနေခြင်း ဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်ကာလက ဖက်ဆစ်ဂျပန်များ "ဗမာပြည် လွတ်လပ်ရေးတိုက်ပွဲ"ကို ဖြန်းစားကြီး အသုံးချလာပုံမျိုး ဖြစ်သည်။

မည်သို့ဖြစ်စေ ဝါရင့်နိုင်ငံရေးခေါင်းဆောင်ကြီးတဦးဖြစ်သူ ဗိုလ်မှူးအောင် ပြောသလို "အညီရှိလို့ ယင်အုံ"ခြင်းသာ ဖြစ်သည်။ ကျွန်တော်တို့၏ သဘောမှာ ဗမာပြည်အရေးနှင့် ပတ်သက်သည့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ၎င်းဆုံးဖြတ်ချက်များသည် ကိုးကြောင်းခိုင်လုံသော ဆုံးဖြတ်ချက်များ ဖြစ်သည်။

(၅)

(နဝတ–နအဖ)က ဒို့တာဝန်အရေးသုံးပါးဟူ၍ ကြွေးကြော်သံ ထုတ်ခဲ့ပါသည်။ ဖြန့်ချိသမျှ စာအုပ်တိုင်းတွင်လည်း ထည့်မိုင်းပါသည်။ သို့သော် သူတို့လုပ်နေသမျှသည် ထိုအရေးသုံးပါးနှင့် ဆန့်ကျင်ဘက် ရလဒ်ကိုသာ နောက်ဆုံးတွင် ရစေမည့်ဖြစ်ပါသည်။

ထိုအရေးသုံးပါးကို "တပ်မတော်"(စစ်အုပ်စုက အပိုင်စီးထားသည့် တပ်မတော်)သာလျှင် ထမ်းဆောင်နိုင်မည်၊ "တပ်မတော်"သာလျှင် အမာခံဟု ပြောပါသည်။ ဗမာပြည်ဈေးကွက်ကို မျက်စေ့ကျနေသူ ပြည်ပမှ ပုဂ္ဂိုလ် အချို့ကလည်း ထိုအတိုင်း သံယောင်လိုက်ပါသည်။

သို့သော် တိုင်းပြည် မပြိုကွဲရေးအတွက် အမာခံဆိုသည့် "တပ်မတော်" ဘာဖြစ်နေပြီနည်း။ မူလလက်ဟောင်းစစ်အုပ်စုဝင် ဗိုလ်အောင်ကြီး အမေရိကန်ထွက်ပြီး ပြောသောစကားကို နားထောင်ကြည့်လျှင် အဖြစ်မှန်ကို မှန်းဆနိုင်ပါသည်။

ဘယ်သူကလွတ်ပြီး ဘာရည်ရွယ်ချက်နှင့် သွားခဲ့သည်ဆိုသည့်ကိစ္စကို ကျွန်တော်တို့ ခေတ္တဘေးဖယ်ထားပြီး သူ့စကားကို ဆန်းစစ်ကြည့်ဖို့ လိုပါသည်။ တိုင်းပြည် ချွတ်ခြုံကျနေပြီ၊ တပ်မတော်ပြိုကွဲနေပြီဟု သတိပေးခေါင်းလောင်းထိုးဖော်ရသည်ကိုတော့ အသိအမှတ်ပြုရပါမည်။

ဗိုလ်အောင်ကြီးက လက်ရှိ"တပ်မတော်"ကို ပစ်ပစ်ခါခါ ပြောခဲ့သော်လည်း စစ်အုပ်စုက မည်သို့မျှ တုံ့ပြန်မှုမပြုသည်ကိုလည်း မှတ်သားရပါမည်။ ဘုရင့်လျှို့ဝှက်တမန်တော်၏ အမှတ်အသား "ရွှေယောင်းမ"သူ့တွင် ရှိနေပုံ ရပါသည်။ သူ၏ တင်ပြချက်မှာလည်း ဗိုလ်နေဝင်းကို "အာဏာကုန်အပ်"ရန် ဖြစ်နေပါသည်၊ ၁၉၅၈ခုနှစ် (ဖဆပလ) နှစ်ခြမ်းကွဲစဉ်က သူတို့ကပြခဲ့သည့် ဇာတ်မျိုး ထပ်ပြီးကလိုဟန်ရှိပါသည်။ ဗိုလ်နေဝင်း၏ ၁၉၆၇ ခုနှစ် တရုတ်ဆန့်ကျင်ရေး အဓိကရုဏ်း ဖန်တီးမှုကြောင့် တရုတ်ပြည်နှင့် အဆင်မပြေဖြစ်နေစဉ်ကာလကလည်း ဗိုလ်အောင်ကြီးက သူ့ကို တရုတ်ပြည်သို့ လွှတ်ကာ ပြေလည်ရာပြေလည်ကြောင်း ပြောပါရစေဟု ဗိုလ်နေဝင်းထံ စာတင်ဖူးပါသည်။ မလွှတ်ဖြစ်ပါ။ ဗိုလ်နေဝင်းကိုယ်တိုင်သွားခဲ့ပါသည်။

လောလောဆယ်တွင် စစ်တပ်ကို အရေးပေါ် အခြေအနေအတွက် စစ်အုပ်စုက အသင့်ပြင်ထားသည်ကို တွေ့နေရပါသည်၊ ၁၉၉၈ ခုနှစ် အာဏာသိမ်းပွဲအတွက် ပြင်ဆင်ပုံမျိုး ပြင်ဆင်နေပါသည်။

–လူထုအုံကြွမှု ပေါ်လာလျှင် နှိမ်နင်းရန်

–"ငြိမ်း"အဖွဲ့ဆိုသည်များကို လိုအပ်လျှင် နှိမ်နင်းပစ်ရန်

–စစ်အာဏာရှင်ကြီး ဗိုလ်နေဝင်းသေခဲ့သော် အမွေလုရန်တို့ ဖြစ်နိုင်ပါသည်။

လက်နက်ကြီးများကိုပါ ပြင်ထားသဖြင့် လူထုအုံကြွမှုကို နှိမ်နင်းရန်သက်သက် မဟုတ်သည်မှာ ထင်ရှားပါသည်။

တိုင်းပြည်တစည်းတလုံးတည်း ရှိရေး လူမျိုးပေါင်းစုံ ပြည်သူများ တစည်းတလုံးတည်းရှိရေးအတွက် ကျွန်တော်တို့ပါတီက အစဉ်တစိုက်ကြိုးပမ်းခဲ့ပါသည်။ ၎င်းသည်မှာ ပြည်ချစ်ဝါဒစိတ်ဓါတ်ပင် ဖြစ်ပါသည်။ တပ်မတော်အတွင်းတွင် ပြည်ချစ်ဝါဒစိတ်ဓါတ်ရှိသူအများအပြား ရှိပါသည်။ ၁၉၈၈ ခုနှစ်က မျိုးချစ်ရဲဘော်ဟောင်းများအဖြစ် လှုပ်ရှားပါဝင်လာသည်မှာ ခိုင်မာသည့် သာဓကဖြစ်ပါသည်။

တိုင်းပြည်၏"တပ်မတော်"ကို နေဝင်းစစ်အုပ်စု၏ တလက်ကိုင်စစ်တပ်အဖြစ် ပုံသွင်းခံခဲ့ရသည်မှာ ကြာပါပြီ။ ဖဆပလ–ဆိုရှယ်လစ်အစိုးရလက်ထက် ခပ်စောစောကတည်းကဖြစ်ပါသည်။ အမြင်တိုသော၊ အာဏာလောဘကြီးသော တည်မြဲ(ဖဆပလ)က မြေတောင်မြှောက်ပေးခဲ့ပါသည်။ ၁၉၅၈နှင့် ၁၉၆၂ အာဏာသိမ်းပွဲများ ပြီးသည့် နောက်တွင်ကား နေဝင်းစစ်အုပ်စု၏ တလက်ကိုင်စစ်တပ်စစ်စစ်

ဖြစ်သွားခဲ့သည်။ ယခုလည်း နေဝင်းစစ်အုပ်စု၏ တလက်ကိုင်စစ်တပ် ဖြစ်နေပါသည်။

တလက်ကိုင်အဖြစ်မှ တိုင်းပြည်၏ စစ်တပ်ဖြစ်လာစေရန် "တပ်မတော်ပြုပြင်ပြောင်းလဲရေး"ကို အမြန်လုပ်ရပါမည်။ တပ်မတော်၏ ကံကြမ္မာကို နေဝင်းစစ်အုပ်စု၏ ကံကြမ္မာနှင့် တထပ်တည်းထားခြင်းဖြင့် တိုင်းပြည်အတွက် မည်သည့်ကောင်းကျိုးမျှ ရမည်မဟုတ်ပါ။ တိုင်းပြည် ဆင်းရဲခဲ့ပြီးပြီ။ ယခုတိုင်းပြည်ပြိုကွဲရေးဆီသို့ ဦးတည်နေပြီ ဖြစ်သည်။

"တပ်မတော်ပြုပြင်ပြောင်းလဲရေး"လုပ်ရန် ယခုအချိန်သည် အခါကောင်း ဖြစ်ပါသည်။

တဆက်တည်း တင်ပြလိုသည်မှာ (မဆလ) ပါတီ၏ အမွေခံ (တစည)ပါတီအနေဖြင့် စဉ်းစားရန် ဖြစ်ပါသည်။ စစ်အုပ်စုက နန်းတင်ပေးလိမ့်မည်ဟူသော စိတ်ကူးယဉ်မှု မရှိရန် တင်ပြလိုပါသည်။ ဦးဘဆွေ-ဦးကျော်ငြိမ်းတို့၏"တည်မြဲ"(ဖဆပလ) သည်လည်း ဤသို့သော စိတ်ကူးယဉ်မှုမျိုး ရှိဖူးပါသည်။ နောက်ဆုံးတွင် ဇာတ်သိမ်း မကောင်းခဲ့ပါ။ နေဝင်းစစ်အုပ်စု၏ "ငြမ်းဖျက်ခြင်း"ကို ခံသွားရပါသည်။

(တစည)ပါတီသည် ငြိမ်ချက်သား ကောင်းလှပါသည်။ တိတ်တဆိတ်(ဗိုလ်အောင်ကြီး)လို ပါတီဖျက်သိမ်းလိုက်သလား မသိပါ။ တိုင်းပြည်မပြိုကွဲရေးအတွက် "တပ်မတော်ပြုပြင်ပြောင်းလဲရေး"လုပ်ငန်းတွင် (တစည) ပါတီအနေဖြင့် လုပ်ဆောင်နိုင်သည့်အခန်းရှိသည်ဟု ထင်ပါသည်။ ခေတ်သစ်အမျိုးသားတပ်မတော်တရပ် ပေါ်ပေါက်ရေးအတွက် ပြည်ချစ်အင်အားစုများသည် ဒုတိယကမ္ဘာစစ် မတိုင်မီကတည်းက ကြိုးပမ်းခဲ့ကြပါသည်။ ဒုတိယကမ္ဘာစစ် အတွင်းတွင်မှ စတင်အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ ပြည်သူလူထုသည် အမျိုးသား တပ်မတော်တရပ်ကို သွေး၊ ချွေး၊ ဖွဲ့၊ လုံ့လဖြင့် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။ တိုင်းပြည်အတွက် တည်ဆောက်ခဲ့သော တပ်မတော်သည် ယခုနေဝင်းစစ်အုပ်စု၏ တလက်ကိုင် ဖြစ်သွားပြီး ပြည်သူကို ဖိနှိပ်ပေးရသောအခန်းမှ ပါဝင်နေရသည်မှာ ရာဇဝင်ရိုင်းလှပါပြီ။ တိုင်းပြည်ပြိုကွဲရေးပါ ဖြစ်သွားပါက မည်သို့မျှ ခွင့်မလွှတ်နိုင်သည့် ရာဇဝတ်သင့်သည့်အမှား ဖြစ်သွားပါလိမ့်မည်။ ခေတ်ပြိုင်နိုင်ငံရေးအင်အားစုများလည်း တာဝန်မှ လွတ်ကင်းကြမည် မဟုတ်ပါ။

"တပ်မတော်ပြုပြင်ပြောင်းလဲရေး"ကိုလုပ်ရန် အချိန်မနှောင်းသေးဟု ထင်ပါသည်။ ကွန်မြူနစ်များသည် "ခေတ်သစ် အမျိုးသားတပ်မတော်" ပေါ်ထွန်းရေးအတွက် ယခင်က တတပ်တအား ပါဝင်ခဲ့ကြဖူးပါသည်။ ယခုလည်း "တပ်မတော်ပြုပြင်ပြောင်းလဲရေး"တွင် တတပ်တအား ပါဝင်သွားမည် ဖြစ်ပါသည်။

(၆)

လက်ရှိနိုင်ငံရေးအင်အားစုများကို သရုပ်ခွဲ ကြည့်ပါက အခြေခံအားဖြင့် သုံးမျိုးသုံးစား ရှိသည်ဟု ထင်ပါသည်။

(က)ဥပဒေတွင်း တရားဝင်အင်အားစုများ

(ခ)ဥပဒေပမှ လက်နက်ကိုင်- လက်နက်မကိုင်အင်အားစုများ

(ဂ)ဥပဒေတွင်းတပိုင်း-ဥပဒေပတပိုင်း လက်နက်ကိုင်အင်အားစုများဟူ၍ ဖြစ်ပါသည်။

ထပ်ခွဲလျှင် ခွဲ၍ ရပါသေးသည်။ တပြည်လုံးဆိုင်ရာ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊လူမျိုးကို အခြေခံသော အဖွဲ့အစည်း၊ လူတန်းစားကို အခြခံသော အဖွဲ့အစည်း။ လူ့အလွှာအခြေခံသော အဖွဲ့အစည်းစသည်ဖြင့် ခွဲနိုင်ပါသည်။

အဓိကတင်ပြလိုသည်မှာ ဤနိုင်ငံရေး အင်အားစုများသည် ဒီမိုကရေစီ ရရှိရေးဟူသော ဘုံရည်မှန်းချက် တခုတည်း ထားရှိမည်ဖြစ်သော်လည်း ချီတက်ရာလမ်းကြောင်းနှင့် နိုင်ငံရေးခြေလှမ်းများကား တထပ်တည်းထား၍ မဖြစ်နိုင်ပါ။ လမ်းအသွယ်သွယ်မှ ချီတက်ရပါမည်။ ဤကဲ့သို့ လမ်းအသွယ်သွယ်မှ ချီတက်ရခြင်းမှာ သက်ဆိုင်ရာ အဖွဲ့အစည်းများတွင် သီးခြားဦးတည်ချက် သီးခြားအကျိုးစီးပွားများ ရှိနေကြ၍တကြောင်း၊ အခြေအနေ အချက်အလက်ခြင်း မတူကြ၍တကြောင်း ဖြစ်ပါသည်။ ဘုံရည်မှန်းချက် မပျောက်ဘဲ ပန်းတိုင်ရောက်ရေးသာ ပဓာနဖြစ်ပါသည်။ ခြေလှမ်းများကိုလည်း မိမိအခြေအနေအရ လှမ်းရပါမည်။ သိုသိုသိပ်သိပ် လှမ်းမလား၊ တိုက်စည်တိုက်မောင်း နက်ပြီး ချီတက်မလားဆိုသည်မှာ သက်ဆိုင်ရာ အင်အားစု၏ အခြေအနေ အချက်အလက်အရသာ ချမှတ်ရမည် ဖြစ်ပါသည်။ အားသာချက်၊ အားနည်းချက်ဆိုသည်မှာ အဖွဲ့အစည်း အသီးသီးတွင် ရှိကြမည်မှာ ဓမ္မတာ ဖြစ်ပါသည်။

အရေးတကြီး တင်ပြလိုသည်မှာ လက်ဝဲလက်ျာ မခွဲဘဲ ဒီမိုကရေစီရေးပန်းတိုင်သို့ ချီတက်ရေးဖြစ်ပါသည်။ တူတာတွဲလုပ် မတူတာ ခွဲလုပ်ကြလျှင် ဖြစ်ပါသည်။

ဗမာပြည် ခေတ်ပြိုင်နိုင်ငံရေး အင်အားစုများတွင် ကိုယ်စီရပ်တည်ချက်၊ အမြင်နှင့် နည်းနာများ အသီးသီး ရှိကြပါသည်။ ထိုရပ်တည်ချက်၊ အမြင်နှင့် နည်းနာများကို အပြန်အလှန်လည်း သိနေကြပါသည်။ မည်သည့်အချက်တွင်တူပြီး မည်သည့်နေရာတွင် ကွဲလွဲနေသည်ကိုလည်း သိကြပါသည်။ ညှိလျှင် ရနိုင်မည့်အချက်၊ ညှိ၍မရနိုင်သောအချက်၊ ရေရှည်ညှိမှ ရမည့်အချက် စသည်ဖြင့်လည်း ရှိပါသည်။ တူတာကို အဓိက ထားကြလျှင် အားလုံးစုစည်းမိနိုင်ပါသည်။

စစ်အစိုးရ ဆန့်ကျင်ရေး အင်အားစုများ စည်းလုံးညီညွတ်မိမည်ကို စစ်အုပ်စုက အကြောက်ဆုံး ဖြစ်ပါသည်။ စည်းလုံး ညီညွတ်မလာစေရန် သွေးခွဲပေးပါသည်။ စည်းလုံးညီညွတ်မလာမီတခုချင်း ဖိနှိပ်ချေမှုန်းပစ်လိုပါသည်။ ယခုရင်းတို့၏ ဦးတည်ရန်သူမှာ (NLD)ဖြစ်ပါသည်။ (NLD)တွင်းတွင်လည်း ထပ်ခွဲပြီး ချေမှုန်းလိုပါသည်။

ကျွန်တော်တို့ ပါတီအနေနှင့် ဒီမိုကရေစီအင်အားစုအချင်းချင်း သွေးစည်းညီညွတ်စေလိုပါသည်။ ငြိမ်းချမ်းစွာ ကွဲလွဲခွင့်နှင့် ငြိမ်းချမ်းစွာ

ယှဉ်ပြိုင်ခွင့်သာ ကျွန်တော်တို့ပါတီက လိုလားပါသည်။ "မတူတာခွဲလုပ်ဖို့ "ကျွန်တော်တို့ တင်ပြခြင်းသည် ဤသဘောပင် ဖြစ်ပါသည်။
ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး မပြောရန် တောင်းဆိုခြင်း မဟုတ်သလို တောင်းပန်ခြင်းလည်း မဟုတ်ပါ။
"စစ်အစိုးရကို ဆန့်ကျင်တာ မလုပ်ခင် ကွန်မြူနစ်ပါတီကို အရင်ဆန့်ကျင်ရမယ်"ဟု တချို့နိုင်ငံရေး ခေါင်းဆောင်များ ပြောသည်ဟု
သိရပါသည်။ မတတ်နိုင်ပါ။ စစ်အုပ်စုအကြိုက်၊ စစ်အုပ်စု အလိုကျ(သက်ညှာလေမလားဟု မျှော်ကိုးတာလည်း ပါချင်ပါမည်။) ပြောနေလျှင်
တိုင်းပြည်အတွက်၊ ပြည်သူအတွက် အကျိုးမရှိပါ။

(၇)

"တိုင်းပြည်မပြိုကွဲရေး၊ တိုင်းပြည်ကယ်တင်ရေး"ကို ကျွန်တော်တို့တင်ပြခဲ့ပါသည်။ ပြည်ပနယ်ချဲ့ကျူးကျော်မှုကြောင့် ပြိုကွဲမည်ဟု
မြင်၍ တင်ပြခြင်း မဟုတ်ပါ။ ဤသို့ ပြောင်ကျူးကျော်သောခေတ်မျိုး မဟုတ်ပါ။ မိမိတိုင်းပြည်၏ အတွင်းပိုင်းအကြောင်းကြောင့်သာ ပြိုကွဲမည်
ဖြစ်ပါသည်။
ဗိုလ်နေဝင်းသည် စစ်အုပ်စုခေါင်းဆောင်အဖြစ်ကို စောစောပိုင်းကတည်းက ရရှိခဲ့သူ ဖြစ်ပါသည်။ ဗိုလ်အောင်ကြီး၊
ဗိုလ်မောင်မောင်စသူများက ဗစ်နီ၊ ထွန်းအုပ်ဂိုဏ်းသားအဖြစ် ချောင်ထဲရောက်နေသူ ဗိုလ်နေဝင်းကို ဆွဲထုတ်ပြီး ခေါင်းဆောင်တင်ခဲ့ပါသည်။
( အမေရိကန်တွင် ဗိုလ်အောင်ကြီး၏ ဖွင့်ဟဝန်ခံချက်ကို ကြည့်ပါ။) သူဝန်ခံလာမှ သိရသည်တော့ မဟုတ်ပါ။ အစကတည်းက အားလုံးသိကြ
ပါသည်။
စစ်ကြီးပြီး၍ ဗမာပြည်ဆိုရှယ်လစ်ပါတီ ပေါ်လာသောအခါ ထိုပါတီက ဗိုလ်နေဝင်းစစ်အုပ်စုကို တပ်မတော်၏ အမြုတေအဖြစ်
အသုံးချခဲ့ပါသည်။ (၄၇–၄၈)က "ဖဆပလ–ကွန်မြူနစ်ညီညွတ်ရေး" မအောင်မြင်ခြင်းနှင့် နောက်ပိုင်းတွင်"ပြည်တွင်းစစ်ရပ်စဲရေး
ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ရေး" မအောင်မြင်သည်မှာ ၎င်းတို့အုပ်စု၏အခန်း အများကြီးပါပါသည်။ အတွင်းရေးတွင် ပါဝင်ဖူးသူ
ခေါင်းဆောင်များသိကြပါသည်။
ဗိုလ်နေဝင်းသည် စစ်အုပ်စုတွင် အခြေခိုင်လာသည်နှင့် တပြိုင်နက် ဆိုရှယ်လစ်ပါတီနှင့် လမ်းခွဲပါသည်။ ဗိုလ်မောင်မောင်တို့ တသိုက်ကို
စစ်တပ်တွင်းမှ အပြီးအပိုင် ရှင်းပစ်ပါသည်။ (ဗိုလ်မောင်မောင်သည် ဗမာပြည်၏ "ဦးဒင်ရှင်း"ဖြစ်လိုပါသည်။ ဗရင်ဂျီဘာသာသို့ သူကူးပြောင်းခြင်းနှင့်
နောက်ဆုံး အမေရိကန်သို့ သွားရောက်နေထိုင်ခြင်းကို ကြည့်ပါ။) ဗိုလ်အောင်ကြီးသည် ဗိုလ်မောင်မောင်တို့နှင့် လမ်းခွဲကာ ဗိုလ်နေဝင်းနှင့်
ကြံရာပါ လုပ်ခဲ့သည်။ ဗိုလ်မောင်မောင်တို့က ဗိုလ်အောင်ကြီးကို သစ္စာဖောက်ဟု ပြောပါသည်။ ဗိုလ်တင်ဖေတို့နှင့် အဆင်မပြေသော အခါတွင်မှ
ဗိုလ်အောင်ကြီးကို ဗိုလ်နေဝင်းက ရှင်းထုတ်ပါသည်။ တိုသို့ရှင်းထုတ်ပြီး ကတည်းက ဗိုလ်နေဝင်းသည် ပြိုင်ဘက်ကင်းသည့် စစ်အာဏာရှင်
ဖြစ်ခဲ့ပါသည်။ မည်သူ့ကိုမျှ မှုစရာ မလိုတော့သည့် အနေအထား ဖြစ်ပါသည်။ ဤအနေအထားကို (မဆလ) ခေတ်တလျှောက်
လုံး ရရှိခဲ့ရုံမျှမက ယခုလည်း ရရှိထားပါသည်။
ဗိုလ်အောင်ကြီးသည် ယခုဗိုလ်မောင်မောင်နှင့် ပြန်ပေါင်းပါသည်။ ဗိုလ်နေဝင်း၏ အခန်းကို အမွှမ်းတင်ပါသည်။
ဗိုလ်အောင်ကြီးသည် ယခုဗိုလ်မောင်မောင်နှင့် ပြန်ပေါင်းပါသည်။ ဗိုလ်နေဝင်း၏ အခန်းကို အမွှမ်းတင်ပါသည်။
(NLD)ကိုအပုပ်ချပါသည်။ "တပ်မတော်ပြုပြင်ပြောင်းလဲရေး"အစား"စစ်အုပ်စု ပြုပြင်ပြောင်းလဲရေး"ကို တင်ပြနေပါသည်။
ဂျပန်ခေတ်က ဇာတ်မျိုး ပြန်လည်ကပြလိုဟန် ရှိပါသည်။ ဂျပန်ခေတ်က ဗိုလ်အောင်ဆန်းကို အန်တုရန် ဗိုလ်နေဝင်းကို
သုံးခဲ့သလို ယခုလည်း (NLD)ကို အန်တုရန် ဗိုလ်နေဝင်းကို သုံးလိုဟန် ရှိပါသည်။ အမေရိကန်ရောက် ဗိုလ်မောင်မောင်တို့.
အင်အားစုများကိုလည်းကောင်း၊ အမေရိကန်ကိုလည်းကောင်း သိမ်းသွင်းလိုသည့်သဘောလည်း တွေ့ရပါသည်။
"စစ်အုပ်စု ပြုပြင်ပြောင်းလဲရေး"ကို ဗိုလ်အောင်ကြီးက အလောတကြီး လုပ်လိုသည်မှာ (နဝတ–နအဖ)တွင်းတွင်
ဗိုလ်နေဝင်းလို "အားလုံးမီးသေသည့် စစ်ခေါင်းဆောင်"မရှိဘဲ ဖြစ်နေသဖြင့် လက်ရှိစစ်အုပ်စုဝင် အားလုံးကလည်း
အကြံကြီးသူ၊ အာဏာလောဘရှိသူများ ဖြစ်နေကြသဖြင့် စိုးရိမ်ကြောင့်ကြနေခြင်းကြောင့် ဖြစ်ပါသည်။
လက်ရှိစစ်အုပ်စုထဲတွင်"ငါသာအလားအလာ အရှိဆုံး"ဟုထင်နေကြသူများ၊ "မင်းလောင်းများ"၊ "ဆက်ခံမည့်သူ
အလောင်းအလျာများ"အများအပြား ရှိနေပါသည်။ မကြာခင်ကမှ အဖြုတ်ခံလိုက်ရသည့် ကချေကြွယ် ဒုဗိုလ်ချုပ်ကြီးများ
ကလည်း အခြေအနေ ပေးလာပါက တစခန်းထလာနိုင်ပါသည်။ ကျွန်တော်တို့. တိုင်းပြည်၏ စာတင်ထားသော သမိုင်းတွင်
တိုင်းပြည်ပြိုကွဲမှုများ ကြုံခဲ့ရဖူးပါသည်။ ပြိုကွဲမှု အားလုံးသည်လည်း ပဒေသရာဇ်လူတန်းစား၏ "မင်းလောင်း"များကြောင့်
ဤသို့ဖြစ်ခဲ့ရပါသည်။ ယခုမူ စစ်အုပ်စုအာဏာပိုင်"မင်းလောင်း"များကြောင့်တိုင်းပြည်ပြိုကွဲနိုင်သည့် အလားအလာ
ရှိနေပြန်သည်။
ယခင်တိုင်းပြည် ပြိုကွဲချိန်များက ရှုပ်ထွေးသည့် ဖြစ်စဉ်များရှိခြင်း၊ ပဒေသရာဇ် နန်းတွင်းကြိတ်ဝိုင်းများဖြင့် အာဏာ
လုကြခြင်း၊ မှတ်တမ်းမှတ်ရာ ရေရေရာရာ မရှိခြင်းစသည်များကြောင့် တရားခံအစစ် ရှာမတွေ့နိုင် ဖြစ်ခဲ့ပါသည်။ တပြည်လုံး
ကျွန်ဖြစ်ခဲ့ရသည့် (၁၈၈၅) က အဖြစ်အပျက်ကိုပင် သူတမျိုးငါတဖုံ ပြောနေ၊ ငြင်းနေကြရပါသေးသည်။
ယခုကြုံတွေ့နိုင်သည့် (မုချကြုံတွေ့တော့မည်ဟု မဆိုလို) တိုင်းပြည်ပြိုကွဲရေး အန္တရာယ်တွင်ကား ယခင်ကကဲ့သို့.

ဖြစ်ဖွယ် မရှိပါ။

မည်သည့်နိုင်ငံရေးအင်အားစုသည် (သို့မဟုတ်) မည်သည့်နိုင်ငံရေးပုဂ္ဂိုလ်သည် မည်သည့်ရပ်တည်မှုနှင့် မည်သို့လှုပ်ရှားခဲ့သည်ဆိုသည်ကို မျက်ဝါးထင်ထင် တွေ့နေရ(တွေ့နေနိုင်)၍ ဖြစ်ပါသည်။ တရားခံ ရှာရခက်တော့မည် မဟုတ်ပါ။

တိုင်းချစ်ပြည်ချစ်အင်အားစုအားလုံးလက်ဝဲ–လက်ျာ မခွဲဘဲ၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော်ဟူ၍ ဂိုဏ်းဂဏ မထားဘဲ တိုင်းပြည် မပြိုကွဲရေးအတွက် လက်တွဲလုပ်ဆောင်ကြရန် "တပ်မတော်ကို အချိန်မီ ပြုပြင်ပြောင်းလဲရန်" ကျွန်တော်တို့ တင်ပြပါသည်။ "တပ်မတော်ကို တိုင်းပြည်၏ တပ်မတော်၊ တမျိုးသားလုံး၏ တပ်မတော်၊ ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာသော တပ်မတော်"အဖြစ် ပြုပြင်ပြောင်းလဲနိုင်ပါက တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်ကို တားဆီးနိုင်ပါမည်။

(၈)

နိဂုံးချုပ် တင်ပြပါမည်။

ဒီမိုကရေစီရေး အောင်ပွဲရစေရန် မည်သည့်လမ်းစဉ်ချမှတ်ရမည်၊ မည်သို့သော ပေါ်လစီရှိရမည်ဆိုသည့် အချက်တွင်(ကျွန်တော်တို့ပါတီ သိရှိသမျှဆိုလျှင်)အဖွဲ့အစည်းအများစု၌ ကြီးမားသော ကွဲလွဲချက်များ မရှိကြပါ။

(NLD)မှ လတ်တလော ထုတ်ပြန်သော ပြည်သူကို ဖိနှိပ်ချုပ်ချယ်သော ဥပဒေများ ရုပ်သိမ်းရေးကို လွှတ်တော်ခေါ်သောအခါ တင်ပြမည်ဆိုသည်ကို ကျွန်တော်တို့အားရဝမ်းသာထောက်ခံပါသည်။ နာမည်ကျော် ပုဒ်မ(၅)ဒဏ်ကို ပြည်သူများနှင့်အတူ ကျွန်တော်တို့ကွန်မြူနစ်များ ခံခဲ့ရသည်မှာ ကြာရှည်လှပါပြီ။ ပါတီတခုချင်း ကြည့်လျှင် ကွန်မြူနစ်များ အခံရဆုံး ဖြစ်ပါသည်၊ ပုဒ်မ(၅) ဒဏ်ကို ကွန်မြူနစ်များ သာမက ယခုလူတိုင်း ခံနေရပါပြီ။ (မလေးရှားတွင်လည်း အင်္ဂလိပ်နယ်ချဲ့ ထားခဲ့သော (I.S.A)သည် ဒုဝန်ကြီးချုပ်(ဟောင်း)၊ ဝန်ကြီးချုပ်အလောင်းအလျာဟု သတ်မှတ်ခံရသူကိုပင် ချမ်းသာမပေးသလို ပုဒ်မ(၅)သည် ဒုဗိုလ်ချုပ်ကြီး၊ ဗိုလ်ချုပ်ကြီးများကိုပင် ချမ်းသာပေးမည် မဟုတ်ပါ။)

ဤကိစ္စတွင် ထပ်မံတင်ပြလိုသည်မှာ ဆုံးဖြတ်ချက်များ၊ ပေါ်လစီများ၊ လမ်းစဉ်များကို ချမှတ်ရာတွင် အမြင်ရှင်းသူနှင့် သဘောထားပြတ်သားသူများအတွက် မခက်ခဲလှပါ။ ခက်ခဲသည်မှာ လက်တွေ့ပင် ဖြစ်ပါသည်။

ဆုံးဖြတ်ချက်၊ ပေါ်လစီ၊ လမ်းစဉ်များကို လက်တွေ့ဖြစ်လာစေရန် စည်းရုံးရေးဖြင့် အထောက်အကူ ပေးရပါမည်။

ကျွန်တော်တို့ပါတီသည် ၁၉၈၉ ခုနှစ် (ပါတီတွင်းမှ ခွဲထွက်သည့် အရေးအခင်း ဖြစ်ပြီးနောက်) ကတည်းက မြေအောက် ပါတီအဖြစ် ရပ်တည်လှုပ်ရှားနေပါသည်။ ဤသည်မှာ ကျွန်တော်တို့၏ အနေအထားကို သိရှိရန် တင်ပြခြင်း ဖြစ်ပါသည်။

ဒီမိုကရေစီအရေးတော်ပုံအတွက် ချမှတ်သည့် မှန်ကန်သော ဆုံးဖြတ်ချက် မှန်သမျှကို ကျွန်တော်တို့ပါတီက မြေအောက်နည်းနာများ၊ လုပ်ဟန်များဖြင့် ဆောင်ရွက်ရန် သန္နိဋ္ဌာန် ပြင်းပြင်းပြပြ ရှိပါသည်။ လုပ်သင့်လုပ်ထိုက်သည်များကို အစွမ်းကုန် လုပ်ပါမည်။ တိုင်းပြည်အတွက် ပြည်သူအတွက် အရေးကြုံနေသည့်ကာလတွင် ဒီမိုကရေစီလှုပ်ရှားမှုအတွင်းရှိ အင်အားစုအားလုံး သွေးမကွဲကြဘဲ လက်တွဲဆောင်ရွက်သွားရန် နှိုးဆော်လိုက်ပါကြောင်း။ ။

တော်လှန်ရေးသစ္စာဖြင့်

၁၉၉၈ခုနှစ်၊ အောက်တိုဘာလ (၁)ရက် ဗဟိုစည်းရုံးရေးကော်မတီ
၁၃၆၀ခုနှစ်၊သီတင်းကျွတ်လဆန်း(၁၁)ရက် ဗမာပြည်ကွန်မြူနစ်ပါတီ

# ဗမာပြည်ကွန်မြူနစ်ပါတီ၏
# လတ်တလောတောင်းဆိုချက်များ(မူကြမ်း)

၁။ ပြည်တွင်းစစ် ရပ်စဲပြီး စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရေး။

၂။ စစ်အာဏာရှင်စနစ်၊ စစ်အစိုးရနှင့် စစ်ဗျူရိုကရေစီ ယန္တရားတို့ကို ဖျက်သိမ်းပြီး စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထူထောင်ရေး။
ပြည်သူလူထုက လေးနက်စွာ ဆန္ဒဖော်ပြခဲ့သော ၁၉၉၀ – ခုနှစ် ရွေးကောက်ပွဲ၏ ရလဒ်ကို အသိအမှတ်ပြုရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှု၍၊ (နအဖ)က ကျင်းပနေသော "အမျိုးသားညီလာခံ" ကိုဖျက်သိမ်းပြီး အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ တွေ့ဆုံကာ တန်းတူရည်တူ၊ ဒီမိုကရေစီကျကျ၊ ရိုးရိုးသားသား၊ စိတ်ရှည်လက်ရှည် ညှိနှိုင်းဆွေးနွေးရေး။

၄။ ဖေါက်ပြန်သော ဥပဒေများ၊ အမိန့်ကြော်ငြာစာများ စသည်တို့ကို ဖျက်သိမ်းပြီး ပြည်သူလူထု၏ အခြေခံဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို လေးစားအသိအမှတ်ပြုရေး။
လွတ်လပ်စွာ ရေးသားပြောဆိုခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုရုံးစည်းဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်၊ စီတန်းလှည့်လည်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ စာပေးစာယူလုပ်ခွင့်တို့ကို ရရှိရေး။
နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် အင်အားစုများအပေါ် မတရားအသင်း ကြေညာထားခြင်းများအား ပြန်လည်ရုပ်သိမ်းပေးရေး၊ ဖျက်သိမ်းခြင်းခံထားရသော နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများအား ပြန်လည်ဖွဲ့စည်း လှုပ်ရှားခွင့်ပြုရေး။
နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွတ်ရေး၊ အကျဉ်းသားများအား ခန္ဓာကိုယ်အရလည်းကောင်း၊ စိတ်ဓာတ်အရ လည်းကောင်း ညှဉ်းပန်းနှိပ်စက်ခြင်း မပြုရေး။

၅။ အမျိုးသားသွေးခွဲမှုကို ဆန့်ကျင်ပြီး အမျိုးသားသွေးစည်း ညီညွတ်ရေးကို တည်ဆောက်ရေး။ အမျိုးသားပေါင်းစုံ ပြည်သူများအပေါ် ဖိနှိပ်မှု၊ စစ်ပြုမှု၊ လုယက်သတ်ဖြတ်မှုများနှင့် ပေါ်တာဆွဲခြင်း၊ ရွာများဖျက်သိမ်းခြင်း၊ အတင်းပြောင်းရွှေ့ နိုင်းခြင်း မှန်သမျှအားလုံး ချက်ခြင်းရပ်စဲရေး။
အမျိုးသားလူနည်းစုဒေသများ တိုးတက်ဖွံ့ဖြိုးရေးကို ရည်ရွယ်ချက်ရှိရှိ၊ ခြေလှမ်းရှိရှိဖြင့် ဆောင်ရွက်ရေး။ ဤဒေသများတွင် တိုင်းရင်းသားပြည်သူများကို ဖိနှိပ်ချုပ်ချယ်ရန် ရည်ရွယ်ချက်အတွက် အလွန်အကျွံ ချထားသော စစ်တပ်များကို ပြန်ရုပ်သိမ်းရေး။
အမျိုးသားလူနည်းစုပြဿနာကို တန်းတူရေးနှင့် သွေးစည်းရေး၊ အပြန်အလှန်အကျိုးရှိရေးအပေါ် အခြေခံပြီး တိုင်းရင်းသား ပြည်သူတရပ်လုံး၏ ဆန္ဒနှင့်အညီ တည်ရှိနေသော ပြဿနာအရပ်ရပ်ကို ညှိနှိုင်းဖြေရှင်းသွားရေး။

၆။ လက်ရှိအစိုးရစစ်တပ်အား စစ်အုပ်စုတစု၏ ခါးပိုက်ဆောင်တပ်အဖြစ်မှ နိုင်ငံတော်၏စစ်တပ် အဖြစ်သို့ ပြောင်းလဲပစ်ရေး။
စစ်တပ်အတွင်း လွတ်လပ်စွာ နိုင်ငံရေးလေ့လာခွင့်၊ ဆွေးနွေးခွင့်ပြုရေး။
စစ်တပ်လက်ဝါးကြီးအုပ် လုပ်ခင်းကိုင်ခင်းကြီးများကို ပြည်သူပိုင်အဖြစ် ပြောင်းပစ်ရန်။
မည်သည့်အကြောင်းနှင့်မျှ စစ်ဗျူရိုကရေစီယန္တရားအနေနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ခွင့်မရှိရေး။
နိုင်ငံတော်၏ စစ်အင်အားကို နိုင်ငံ၏စီးပွားရေး အခြေအနေ၊ နိုင်ငံ၏ အနည်းဆုံးလိုအပ်မှု အခြေအနေတို့အရ ထိန်းညှိလျှော့ချပစ်ရေး။

၇။ ပြည်သူလူထု၏ စားဝတ်နေရေးကို ဘက်စုံမြှင့်တင်ပေးရေး။
ကုန်စျေးနှုန်းကျဆင်းရေးကို စီမံကိန်းတကျ လုပ်ကိုင်ရေး။ စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေ စာရင်းဇယားတို့ကို ပြည်သူလူထုထံ မလိမ်မညာ၊ မထိမ်ချန်ဘဲ တင်ပြရေး။
တိုင်းပြည်၏ စီးပွားရေးတွင် စစ်အုပ်စုနှင့်၎င်းတို့၏ အသိုင်းအဝိုင်းများအား အုပ်စီးခွင့်၊ ချယ်လှယ်ခွင့် မပြုရေး။ ၎င်းတို့ကို ဦးစားပေးခြင်း မပြုရေး။

တကယ်တန်း အမှီခိုကင်းပြီး တကယ်တန်း ဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားစီးပွားရေးတရပ်ကို အဆင့်ရှိရှိ တည်ဆောက်ရေး။

နိုင်ငံတော်၏ သယံဇာတနှင့် အရင်းအမြစ်များကို ရေတိုအကျိုးကြည့်ကာ မျက်နှာလွှဲခဲပစ် ရောင်းချခြင်း၊ တူးဖော် ထုတ်ယူခွင့်ပေးခြင်းများ မပြုရေး။

၈။ နိုင်ငံခြားရေး ဆက်ဆံမှုများကို လျှို့ဝှက်မထားဘဲ ပြည်သူလူထုအား အသိပေးရေး။

အမှီခိုကင်းပြီး တက်ကြွသည့် နိုင်ငံခြားရေးဝါဒ ကျင့်သုံးရေး။

၉။ အလုပ်သမားများ၏ နေထိုင်စားသောက်မှု အဆင့်အတန်းမြင့်မားအောင် လုပ်ရေး။

မြင့်တက်နေသော ကုန်ဈေးနှုန်းနှင့်အညီ လုပ်ခများ တိုးပေးရေး။ လူမှုဖူလုံရေးအခွင့်အရေး အပါအဝင် ခံစားခွင့်များ ပြည့်ဝလုံလောက်ရေး။ အလုပ်လက်မဲ့များကို ကယ်ဆယ်ထောက်ပံ့ရေး။ အလုပ်အထွက်နှုန်း မြင့်မားရေး။

နိုင်ငံခြားသားပိုင် လုပ်ငန်းကိုင်ငန်းတွင်ဖြစ်စေ၊ တိုင်းရင်းသားပိုင် လုပ်ငန်းကိုင်ငန်းတွင်ဖြစ်စေ၊ နိုင်ငံတော်ပိုင် လုပ်ငန်းကိုင်ငန်းတွင်ဖြစ်စေ လုပ်ငန်းခွင်သာယာရေးနှင့် လုံခြုံရေးတို့ကို ဥပဒေဖြင့် အတိအကျ အာမခံရေး။

ယောကျ်ားနှင့် မိန်းမ အလုပ်တူလျှင် လစာအပါအဝင် အခြေခံ ခံစားခွင့်နှင့် အဆင့်တက်ရန် အခွင့်အရေးများ တန်းတူရေး။

အလုပ်သမားများ ဦးစီးသည့် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရေး။

အလုပ်ရှင် အလုပ်သမား ပြဿနာများကို ဖြေရှင်းရာတွင် အလုပ်သမားသမဂ္ဂများပါ ပါဝင်ဖြေရှင်းရေး။

၁၀။ ကျေးလက်ရှိ ထုတ်လုပ်ရေးအင်အားစုများ လွတ်လွတ်လပ်လပ် ဖြစ်ပေါ်တိုးပွားစေရန်နှင့် လယ်ယာထုတ်လုပ်မှု တကယ်တန်း တိုးတက်နိုင်ရန်အတွက်လည်းကောင်း၊ စက်မှုလယ်ယာ ဖြစ်ထွန်းရေးအတွက် မြေယာပြုပြင်ရေးကို မြော်လင့်ရှိရှိ၊ အစီအစဉ်ရှိရှိ၊ ခွဲခြားမှုရှိရှိ အကောင်အထည်ဖော်ရေး။ ပဒေသရာဇ်မြေရှင်စနစ်ကို လုံးဝဖျက်သိမ်းရေး၊

သဏ္ဍာန်အမျိုးမျိုးဖြင့် တည်ရှိနေသော သီးစားခများ ဖျက်သိမ်းရေး၊ လယ်လုပ်သူ လယ်ပိုင်စေရေး။

စစ်အာဏာရှင်စနစ်နှင့် စစ်အစိုးရကို အကျိုးပြုသည့် မြေယာပေါ်လစီ၊ မြေယာဥပဒေစသည်များ အကုန်အစင် ဖျက်သိမ်းရေး။

လယ်သမားများအား လက်ငုတ်လယ် လက်မလွှတ်စေဘဲ မိမိဆန္ဒအတိုင်း စိုက်ပျိုးခွင့်ပြုရေး၊ လွတ်လပ်စွာ ရောင်းချခွင့်ပြုရေး။

စစ်တပ်ပိုင်လယ်မြေ အဖြစ် သိမ်းဆည်းခြင်းမပြုရေး၊ လယ်သမားများထံမှ သိမ်းယူထားသော လယ်မြေများအား ပြန်ပေးရေး။ စက်ရုံ တည်ဆောက်ရေး –အိုးအိမ်တည်ဆောက်ရေးတို့အတွက် လယ်မြေများသိမ်းလျှင် လက်ငုတ် လယ်သမားများ၏ ဆန္ဒနှင့် ညှိနှိုင်းကာ တန်ရာတန်ဖိုးပေးရေး။

စစ်တပ်ပိုင်လယ်မြေများတွင် အရပ်သားများအား အခမဲ့ လယ်လုပ်ငန်း လုပ်ခိုင်းခြင်းများကို ရပ်ဆိုင်းရေး။

ရပ်ရွာလူထုအား အခမဲ့ လုပ်အားဆင့်ဆိုခြင်း၊ အဓမ္မ ရန်ပုံငွေကောက်ခြင်း၊ ဥပဒေပ အခွန်ကောက်ခြင်းများ မပြုရေး။

ဆင်းရဲသည့် လယ်သမားများအား အချက်အလက် ကန့်သတ်မှုမပါဘဲ အတိုးနှုန်းနည်းနည်းဖြင့် အမတော်ကြေး ထုတ်ပေးရေး၊ တကယ်တန်းပြန်မဆပ်နိုင်သည့် အမတော်ကြေးဟောင်းများကို လျှော်ပစ်ရေး။

ချေးငှားသူများလည်း ချေးငှားချင်အောင်၊ ဆင်းရဲသားများလည်း အကျိုးရှိအောင် သင့်တင့်သော အတိုးနှုန်းထား သတ်မှတ်ချက်ရှိသည့် အတိုးနှုန်းဆိုင်ရာ ပြဋ္ဌာန်းချက်တခု ချမှတ်ပေးရေး။

လယ်ယာအလုပ်သမားများ အပါအဝင် အခြေခံလယ်သမားထု၏ အကျိုးစီးပွားကို အကာအကွယ်ပေးမည့် လယ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရေး။

၁၁။ စစ်အစိုးရ ထိပ်ပိုင်းအပါအဝင် ဝန်ထမ်းလောကနှင့် စစ်တပ်အတွင်းမှ အကျင့်ပျက် လာဘ်စားမှုများကို ဖော်ထုတ်အရေးယူရေး။

၁၂။ မဆလ ပညာရေးစနစ်ကို ဆက်ခံထိန်းသိမ်းထားသော လက်ရှိဖျူရိုကရက် ပညာရေးစနစ်ကို ဖျက်သိမ်းပြီး အမျိုးသားဆန်သော၊ သိပ္ပံနည်းကျသော၊ လူထုလက္ခဏာဆောင်သော ပညာရေးနှင့် ယဉ်ကျေးမှုကို ထူထောင်ရေး။

ကျောင်းသားထု၏ ဆန္ဒနှင့် အကျိုးကို ကိုယ်စားပြုသည့် ကျောင်းသားသမဂ္ဂများ ဖွဲ့စည်းခွင့်ပြုရေး။

ကျောင်းဆရာ အပါအဝင် ပညာရေးဝန်ထမ်းများ၏ စားဝတ်နေရေးကို မြှင့်တင်၍ ပညာရေးဆိုင်ရာ လွတ်လပ်ခွင့်ကို

●စာမျက်နှာ(၂၄)သို့

# လူမျိုးပေါင်းစုံပြည်သူလူထုကြီးရဲ့ဆန္ဒကို

# စစ်အုပ်စုရဲ့အမျိုးသားညီလာခံက

# ဖော်ဆောင်ပေးနိုင်မှာတဲ့လား

( ၁ )

နဝတ (နအဖ) ဟာ အမျိုးသားညီလာခံကို ကျင်းပနေတာ ( ၆ ) နှစ်ကျော်( ၇ ) နှစ်ထဲ ရောက်နေပါပြီ။ အခုထိ အဆုံးမသတ်နိုင်သေးပါဘူး။

၁၉၉၄ ခု ဇန္နဝါရီလ( ၁၈ )ရက်နေ့မှာ အမျိုးသားညီလာခံကို တကျော့ပြန်လည် ကျင်းပခဲ့ပါတယ်။ အဲဒီလို တကျော့ ပြန်လည်ကျင်းပတော့ အခြေခံဥပဒေမှာ ပါဝင်ရမယ့် နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ အခန်းမှာ အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးနဲ့ သက်ဆိုင်တဲ့ ပြဿနာများကို ဆွေးနွေးခဲ့ကြပါတယ်။ ညီလာခံမှာ ဆွေးနွေးတင်ပြခွင့်ရတဲ့ ကိုယ်စားလှယ် တွေရဲ့ လေးပုံသုံးပုံကျော်က မိမိတို့သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုတွေအတွက် ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသတွေ တင်ပြတောင်းဆိုကြတာလည်း တွေ့ရပါတယ်။ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်တွေ အာရုံအစူးစိုက်ဆုံးနဲ့ အလေးထားဆုံး အပိုင်းလို့တောင် ပြောနိုင်ပါတယ်။ ညီလာခံကို ဦးစီးကျင်းပနေတဲ့ စစ်အုပ်စုကလည်း ပြောလိုသမျှပြောကြဖို့ အကြံဆိုးနဲ့ လွှတ်ပေးထားပုံ ပေါ်ပါတယ်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ပြဿနာဆိုတာ အမျိုးသားတိုင်း ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ဆိုတဲ့ နိုင်ငံရေးပြဿနာ ဖြစ်ပါတယ်။ ပြဿနာကို ဖြေရှင်းရာမှာ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုတာ အခြေခံမူတရပ် ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးစု ပြဿနာကို ဖြေရှင်းဖို့ဆိုရင် အဦးဆုံး ဒီမိုကရေစီဆိုင်ရာမူများကို အခြေခံအားဖြင့် အာမခံနိုင်ရပါမယ်။ ဒါ့အပြင် တန်းတူရေးနဲ့ သွေးစည်းရေး ပေါ်လစီကိုလည်း အာမခံနိုင်ရပါမယ်။ အနည်းဆုံး ဒီ (၂) ချက်လောက်ကို အာမခံနိုင်မှသာ အမျိုးသားရေးပြဿနာကို ဖြေရှင်းရာမှာ စစ်မှန်တဲ့ အနှစ်သာရကို ရောက်ရှိနိုင်မယ်လို့ ကျွန်တော်တို့ ခံယူထားပါတယ်။

အခုတော့ တိုင်းပြည်ဟာ စစ်ဖိနပ်သံခွာအောက် ကျရောက်နေတာမို့ ဒီမိုကရေစီ အခွင့်အရေး မှန်သမျှ ရုပ်သိမ်းခံနေရပါတယ်။ (၁၉၉၀) ခု–ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အနိုင်ရထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို အာဏာလွှဲပြောင်းပေးခြင်း မရှိသေးပါ။ ဒီနေ့ဆိုရင် ရွေးကောက်ပွဲ ပြီးသွားတာ (၉ )နှစ်ကျော် (၁၀ ) နှစ်ထဲကို ရောက်နေပါပြီ။ နဝတ(နအဖ) ဟာ လူထုအပေါ် ကတိမတည် လိမ်ညာနေတဲ့ အစိုးရ ဖြစ်ပါတယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားခဲ့တဲ့ ပြည်တွင်းစစ်ဟာ အနှစ် (၅၀) ကျော်သွားပါပြီ။ ဒီနေ့အထိ အဆုံးမသတ်နိုင်သေးပါ။ ပြည်တွင်းစစ်ပြဿနာဟာ နိုင်ငံရေး ပြဿနာ၊ ဒီမိုကရေစီရေး ပြဿနာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းဖို့ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အင်အားစုများနဲ့ ဒီမိုကရေစီ နိုင်ငံရေးအင်အားစုများက တလျှောက်လုံး တင်ပြနေတာပါ။ နဝတ (နအဖ) ကတော့ စိတ်ဝင်စားမှု မရှိပါဘူး။ စိတ်ဝင်စားမှု မရှိရုံမက ( ၁/၉၀) ကြေညာချက် အပိုဒ် (၁၀ ) မှာ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနဲ့ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးဖြေရှင်းရေး လုပ်မှာမဟုတ်ကြောင်း ထုတ်ဖော်ထားပါတယ်။ လက်နက်ချရင်ချ၊ မချရင် အပြုတ်တိုက်မယ့် သဘောထားမျိုးပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူတွေနဲ့ တိုင်းပြည်ရဲ့အကျိုးကို လျစ်လျူရှုထားကြောင်း အထင်အရှား တွေ့နိုင်ပါတယ်။ ဒီတင်းမာလှတဲ့ သဘောထားကို ဒီနေ့အထိ ပြောင်းလဲတဲ့ အရိပ်အယောင် မတွေ့ရသေးပါဘူး။ လက်တွေ့မှာလည်း ပြီးခဲ့တဲ့ (၅၄) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "တောတွင်းရှိ ညီအကို လက်နက်ကိုင် အဖွဲ့အစည်းများကို ဒီနေ့ထိ တပ်မတော်က ငြိမ်းချမ်းရေးအတွက် သဘောထားကြီးစွာ လက်ကမ်းလျက်ရှိတယ်" လို့စကားလှလှသုံးပြီး ပြောသွားပါတယ်။ ဒါရဲ့ဆိုလိုချက်က "လက်နက်နဲ့ ငြိမ်းချမ်းရေး လဲလှယ်ရေး" ဆိုတာပါပဲ။ အနှစ်သာရကတော့ "လက်နက်ချရေး" ဖြစ်ပါတယ်။ အဲဒီလို လက်နက်ချလာရင်လည်း "အမျိုးသားညီလာခံတက်ခွင့် " ဆိုတာနဲ့ လာဘ်ထိုးတတ်ပါတယ်။ အမျိုးသားညီလာခံမှာ "နိုင်ငံရေး ပြဿနာတွေ"ကို ဆွေးနွေးရေး ဆိုတာနဲ့မြှူဆွယ်ပြန်ပါတယ်။ အမျိုးသား ညီလာခံဆိုတာကတော့ သူတို့လက်ခုပ်ထဲက ရေပါ။

ရွေးကောက်ပွဲ မတိုင်မီ (နဝတ)ရဲ့ ဘယ်ပြဋ္ဌာန်းချက်မှာမှ အမျိုးသားညီလာခံ ခေါ်ယူရေးဆိုတာ မရှိပါဘူး။ "အာဏာ"ကို မိမိမှတပါး အခြားမည်သူ့ကိုမျှ မပေးလိုတဲ့ "အာဏာလောဘရမက်" ရဲ့ ပြယုဂ်ပါ။ ဘယ်လောက်ထိ အာဏာကို တပ်မက်နေသလဲဆိုရင် အနာဂတ်ဗမာပြည် နိုင်ငံရေး မှာ ဦးဆောင်မှုအခန်းမှပါရေးဆိုတာအထိ တောင်းဆိုပြဋ္ဌာန်းနေရတဲ့အထိ ဖြစ်ပါတယ်။ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အမျိုးသားရေး တာဝန်ကို ဖြေရှင်းဖို့မဟုတ်ဘူးဆိုတာ ရှင်းလှပါတယ်။

သူတို့ရဲ့ပြဋ္ဌာန်းချက်ကို အကောင်အထည် ဖော်နိုင်ဖို့အတွက် နဝတ(နအဖ) ဟာညီလာခံကို အပိုင်ကြံနိုင်ဖို့ အချိန်ဆွဲ၊ အကြံထုတ် ဇာတ်ကွက်ဖန်နေရတာပါ။ ဒီပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် စစ်အုပ်စုက အလျှော့ပေး နောက်ဆုတ်မှာ မဟုတ်သလို လူထုကြီး အနေနဲ့လည်း အလျှော့ပေးလိုက်လျောလို့ လုံးဝ မဖြစ်ပါဘူး။ အလျှော့ပေးလိုက်ရင် ခေတ်အဆက်ဆက် တိုက်ပွဲဝင်ခဲ့တာတွေ အလဟဿ ဖြစ်သွားနိုင်ပါတယ်။ စစ်ဖိနပ် သံခွာအောက်မှာ စစ်အုပ်စုရဲ့ ကျေးကျွန်ဘဝနဲ့ ထာဝရ ပြားပြားမှောက် နေသွားရေး ဖြစ်ပါ လိမ့်မယ်။ အလျှော့ပေး လိုက်လျောမိတဲ့ နိုင်ငံရေး အင်အားစုဆိုရင်တော့ သမိုင်း

အမှိုက်ပုံထဲ စွန့်ပစ်ခြင်းခံရမှာ သေချာလှပါတယ်။

တဖက်ကလည်း နဝတ (နအဖ) ဟာ "ပြည်ထောင်စုမပြိုကွဲရေး" ဆိုတဲ့ ကြွေးကြော်သံကို တွင်တွင်ကြီးသုံးစွဲနေတာ ကြားသိနေရပါတယ်။ တကယ်တော့ ဒီကြွေးကြော်သံကို နဝတ (နအဖ) အပါအဝင် ဗမာပြည် ဖေါက်ပြန်ရေးသမား အဆက်ဆက်က သူတို့အကျိုးအတွက် လိုရာသုံး ကြွေးကြော်သံအဖြစ် သုံးစွဲနေတာပါ။ နဝတ(နအဖ) ကတော့ အကဲဆုံးလို့ ဆိုနိုင်ပါတယ်။ ဒို့အရေး သုံးပါးမှာဖြစ်ဖြစ်၊ အမျိုးသားညီလာခံနဲ့ အခြေခံဥပဒေ ရေးဆွဲရေးတို့မှာဖြစ်ဖြစ် ဒီကြွေးကြော်သံကို ရှေ့တန်းတင် သုံးစွဲနေတာ တွေ့ရပါတယ်။

ခုလို "ပြည်ထောင်စုမပြိုကွဲရေး" ကြွေးကြော်သံကို အာဏာရ ဖေါက်ပြန်ရေး အစိုးရအဆက်ဆက်က သံကုန်ဟစ်နေကြတော့ ဗမာပြည်နိုင်ငံရေးကို နားမလည်သေးသူတွေအဖို့ ရှုပ်ထွေးစရာတွေဖြစ်လာနိုင်တာ အမှန်ပါပဲ။ ဒီအစိုးရတွေဟာ "တန်းတူရေး၊ သွေးစည်းရေးနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိတဲ့ ဂုဏ်နဲ့ခြပ် ကိုက်ညီတဲ့ ပြည်ထောင်စု" တရပ်ကို ထူထောင်ခဲ့ပြီးသားလို့ ထင်မှတ်မှားစရာ ဖြစ်ပါလိမ့်မယ်။ တကယ့်လက်တွေ့က ဒါနဲ့ ဆန့်ကျင်ဘက်ပါ။ (၁၉၄၈)ခု လွတ်လပ်ရေးဆိုတာ ရပြီးကတည်းက ဗမာပြည်မှာ အာဏာရ အစိုးရ အဆက်ဆက်ဟာ ဖေါက်ပြန်တဲ့ ဓနရှင် လူတန်းစားများသာ ဖြစ်ပါတယ်။ သူတို့ဟာ ဖေါက်ပြန်တဲ့ ဓနရှင်အမျိုးသားရေးဝါဒကိုသာ ကျင့်သုံးကြပါတယ်။ ဒါကြောင့် တန်းတူရေး၊ သွေးစည်းရေးကို အခြေခံတဲ့ "စစ်မှန်တဲ့ ပြည်ထောင်စု"မျိုးကို ဘယ်တုန်းကမှ မတည်ဆောက်ကြရသေးပါဘူး။ သူတို့ရဲ့ လူတန်းစား ရပ်တည်ချက်အရ တည်ဆောက်လိုစိတ် မရှိကြသလို တည်ဆောက်နိုင်စွမ်းလဲ မရှိကြပါ။ တကယ်တော့ ဗမာလူမျိုးကြီးဝါဒနဲ့ အမျိုးသားသွေးကွဲရေးဝါဒကို ကျင့်သုံးရင်း တိုင်းပြည်တည်ငြိမ်ရေးနဲ့ အမျိုးသား သွေးစည်းညီညွတ်ရေးကို ဖျက်ဆီးနေသူတွေဟာ အာဏာရအစိုးရတွေ ဖြစ်နေတာကိုလည်း တွေ့နိုင်ပါတယ်။

(၁၉၄၈)ခုနှစ် လွတ်လပ်ရေးနဲ့ အတူ ဖဆပလဟာ အာဏာရအစိုးရ ဖြစ်လာပါတယ်။ ဖဆပလရဲ့ ( ၁၀ ) နှစ်ကျော် အာဏာရသက်တမ်း အတွင်းမှာ ဗမာလူမျိုးကြီးဝါဒရဲ့ ဖိနှိပ်မှုကြောင့် အစိုးရ စစ်တပ်အတွင်းမှ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အင်အားစုများ ပုန်ကန်ခွဲထွက်မှု ဦးဆုံးပေါ်ပေါက်လာတယ်။ ဒီနောက်လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးတွေလည်း စတင်ပေါက်ကွဲခဲ့တယ်။ (၁၉၆၂)ခုနှစ် ရောက်တော့ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်တပ်က အာဏာသိမ်းမှု ပေါ်ပေါက်လာတယ်။ ပွဲဦးထွက်အနေနဲ့ သမတကြီး စပ်ရွှေသိုက်ရဲ့သား စဝ်မီမီသိုက်ကို ပစ်သတ်လိုက်တယ်၊ တဆက်တည်း လူမျိုးစု ခေါင်းဆောင်တွေကို ဖမ်းဆီးထောင်ချခဲ့တယ်။ သီပေါစော်ဘွားကို ဖမ်းဆီးသွားရုံမက သတ်ပစ်ပြီး သတင်းမှောင်ချထားတာ ဒီနေ့ထိပါပဲ။ စစ်တပ်က တိုင်းပြည်ကို အုပ်ချုပ်လာတော့ လက်နက်ကိုင်ထားရသူတွေပီပီ ဓနရှင်အမျိုးသားရေးဝါဒကို ပိုမိုဆိုးဆိုးဝါးဝါး ကျင့်သုံးလာတော့တယ်။ တိုင်းပြည်လဲ စစ်ဖိနပ်သံခွာအောက် ကျရောက်သွားပြီး တတိုင်းပြည်လုံး ဒီမိုကရေစီ ပိုမိုဆိတ်သုဉ်းမှောင်ကျတဲ့ ဘဝကို ကျရောက်သွားရတာ ဒီနေ့ထိပါပဲ။ တိုင်းရင်းသားလူမျိုးစုများမှာလည်း ဗမာလူမျိုးကြီးဝါဒရဲ့ ဖိနှိပ်မှုကို ပိုမိုခံစားလာရပါတယ်။ ဒါကြောင့် (၁၉၆၂)ခု စစ်တပ်က အာဏာသိမ်းပြီး နောက်ပိုင်းမှာ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင် အဖွဲ့အစည်းတွေ ထပ်မံတိုးများလာခဲ့ပါတယ်။

(နအဖ)အပါအဝင် ဗမာပြည် ဖေါက်ပြန်ရေးအစိုးရ အဆက်ဆက်ကလည်း တိုင်းရင်းသားလူမျိုးစုများရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့၊ နှိပ်ကွပ်ဆဲ ဖြစ်ပါတယ်။ ဒါဟာ ဓနရှင် လူမျိုးရေးဝါဒက မြစ်ဖျားခံလာခဲ့တဲ့ "လူမျိုးရေး မုန်းတီးမှု" ဖြစ်သလို ဗမာလူမျိုးကြီးဝါဒရဲ့ ဖော်ပြချက်လည်း ဖြစ်ပါတယ်။

ဗမာလူမျိုးကြီးဝါဒရဲ့ အခြားဖော်ပြချက်တခုကတော့ လူမျိုးတိုင်းရဲ့ "တန်းတူရေး"ကို အသိအမှတ်မပြုလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားလူမျိုးစုများရဲ့ နိုင်ငံရေးလှုပ်ရှားမှုများကို နှိပ်ကွပ်ဖို့ လူမျိုးစု တော်လှန်ရေးဒေသ တောင်တန်းတွေပေါ်ကို တက်လာတဲ့ စစ်တပ်တွေဟာ အပြစ်မဲ့ တိုင်းရင်းသားလူမျိုးစုတွေကို ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ပစ်နေပါတယ်။ ဒါတွေဟာ ဗမာလူမျိုးကြီးဝါဒ ရိုက်သွင်းခြင်း ခံထားရတဲ့ စစ်တပ်ရဲ့ ပြုမူလုပ်ဆောင်ချက်များဖြစ်လို့ စစ်အုပ်စုထိပ်သီးတွေမှာ တာဝန်ရှိပါတယ်။

နဝတ(နအဖ) ကတော့ ဒီစစ်အုပ်စုရဲ့ မျိုးဆက်သစ် ဖြစ်တယ်။ ပြည်တွင်းစစ်အတွင်းမှ ပေါက်ဖွားလာသူတွေဖြစ်လို့ ပြည်သူလူထုနဲ့ နီးစပ်တဲ့ အတွေ့အကြုံမျိုးလဲ လုံးဝမရှိပါ။ သူတို့ရဲ့လက်တွေမှာ လူ့မျိုးပေါင်းစုံ ပြည်သူတွေရဲ့သွေးတွေ စွန်းထင်းပေကျံနေပါတယ်။

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးစု များကတော့ နဝတ ( နအဖ ) စစ်တပ်ရဲ့ မိုက်ကန်းယုတ်မာမှုတွေကို ကမ်းကုန်အောင် ခံစားနေရပါတယ်။ သူတို့ဟာ (နအဖ) စစ်တပ်ရဲ့ဒဏ်ကို မခံနိုင်တော့လို့ နယ်စပ်ကို ဖြတ်ကျော် ထွက်ပြေး တိမ်းရှောင်နေရပါတယ်။ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့ အိန္ဒိယနယ်စပ်တွေထဲမှာ ဒုက္ခသည်အဖြစ် ခိုလှုံနေရပါတယ်။ ကျောင်းသားလူငယ်၊ အမျိုးသား၊ အမျိုးသမီးများ၊ လုပ်အားရှင်များ၊ တတ်သိပညာရှင်များလည်း တိုင်းပြည်က ထွက်ခွာနေကြပါတယ်။ ဒီပြဿနာတွေဟာ အရင် ဘယ်တုန်းကနဲ့မှ မတူအောင် ကြီးထွားလာနေပါတယ်။ အမျိုးသားသွေးစည်းညီညွတ်မှုဟာ ပြိုကွဲချင်တိုင်း ပြိုကွဲနေရပါပြီ။

ဒါတွေဟာ လွတ်လပ်ရေး အနှစ် (၅၀)ကျော် သမိုင်းဖြစ်ရပ်မှန်ရဲ့ တကွင်းတကွက်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ ပြည်တွင်းစစ်ရပ်စဲပြီး အမျိုးသား သွေးစည်းညီညွတ်ရေးအတွက် စေ့စပ်ဆွေးနွေး ဖြေရှင်းရန် အနှစ်(၅၀) ကျော်အတွင်း အကြိမ်ကြိမ် ကမ်းလှမ်းခဲ့ဖူးပါတယ်။ အကျိုးမထူးခဲ့ပါဘူး။

တိုင်းပြည်ဟာ အဘက်ဘက်မှ ယိုယွင်းလာပြီး 'အာရှလူမမာကြီး' ဖြစ်သထက်ဖြစ် လာခဲ့ပါတယ်။

ဒီအခြေအနေတွေကို မျက်ကွယ်ပြုပြီး သူ့'အာဏာ' ဆက်လက် တည်မြဲရေးအတွက် အမျိုးသားညီလာခံ ဆိုတဲ့ "လုပ်ဇာတ်"ကို နဝတ (နအဖ) က ခင်းနေရတာ ဖြစ်ပါတယ်။ အခုဆိုရင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်တွေဟာ ညီလာခံကို သပိတ်မှောက်ထွက်သွားပြီး ဖြစ်ပါတယ်။ ညီလာခံမှာ လူထုကြီးရွေးကောက်ထားတဲ့ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ဟာ (၁၉ ) ဦးသာ ကျန်ပါတော့တယ်။ ညီလာခံတက်ခွင့်ရနေတဲ့ ကိုယ်စားလှယ် အရေအတွက်ရဲ့ အနည်းတကာ့ အနည်းစု ဖြစ်ပါတယ်။ ကျန်ကိုယ်စားလှယ် ဆိုသူတွေဟာ (နဝတ ) က ရွေးချယ် ခေါ်ယူထားတဲ့ နိုင်ငံရေး ပေါ်တာဆွဲတာ ခံထားရသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံဟာ (နအဖ) ရဲ့ လက်ခုပ်ထဲက ရေဖြစ်ကြောင်း ပေါ်လွင်ပြီးရင်း ပေါ်လွင်လာနေပါတယ်။

နဝတ(နအဖ) လက်အောက်မှာ ဒီမိုကရေစီ အခွင့်အရေးတွေ ဆိတ်သုဉ်းနေတာကို တိုင်းရင်းသားပြည်သူလူထု တရပ်လုံးက သိပါတယ်။ တကမ္ဘာလုံးကလည်း သိနေတဲ့ပြဿနာပါ။ အမျိုးသားညီလာခံမှာ ဒီမိုကရေစီ အခွင့်အရေးတွေ ရှိလာလိမ့်မယ်လို့ မျှော်လင့်ချက်နဲ့ ကိုယ်စားလှယ်တွေဟာ ညီလာခံကို တက်လာကြတာ မဟုတ်ပါဘူး။

အမျိုးသားညီလာခံမှာ လူမျိုးစု ကိုယ်စားလှယ်များ အနေနဲ့ ကိုယ့်လူမျိုးနဲ့ မဆိုင်တဲ့ ကိစ္စမျိုးဆိုရင်တော့ စစ်အုပ်စု အကြိုက် ရေလိုက်ငါးလိုက်လုပ်လို့ ရနိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်လူမျိုးကိစ္စနဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စလိုဟာမျိုးဆိုရင်တော့ အမျိုးသားတန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး ရပ်တည်ချက်နဲ့ ရပ်ခံတင်ပြတောင်းဆိုကြရမှာပါ။

တချိန်တည်းမှာ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်တွေ တင်ပြတောင်းဆိုနေတဲ့ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ မူအရ ထောက်ခံကြောင်း ဖော်ပြလိုပါတယ်။

အမျိုးသားညီလာခံမှာ တင်ပြတောင်းဆိုမှုတွေကို စုစည်းစာရင်းလုပ်ကြည့်တော့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ ရယူလိုတဲ့ လူမျိုးစု (၁၃)စုနဲ့ ရယူလိုတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အရေအတွက် (၃၀ ) လောက်ထိ ရှိနေတာကို တွေ့ရပါတယ်။

တောင်းဆိုနေကြတဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသတွေဟာ တခုနဲ့တခု ထပ်နေတာကိုလည်း သတိထားမိပါတယ်၊ ပြည်နယ်အချင်းချင်းကြား၊ ပြည်နယ်နဲ့တိုင်းအကြား၊ တိုင်းအချင်းချင်းအကြား အငြင်းပွားစရာ ဖြစ်နေတာတွေကိုလည်း ဂရုပြုမိပါတယ်၊ ဒါတွေဟာ အကောက်ကြံလိုသူတွေအတွက် အကွက်ရသွားစေနိုင်ပါတယ်။ နဝတ(နအဖ) ဆိုတာကလည်း တိုင်းပြည် မငြိမ်မသက်ဖြစ်နေတာကို ကြိုက်ပါတယ်။ ဒါမှ ဗမာလူမျိုးကြီးဝါဒကို ဇက်ကုန်လွှတ်ပေးပြီး ရမ်းကားနိုင်မှာ ဖြစ်ပါတယ်။

တကယ်တော့ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသနဲ့ ပတ်သက်ပြီး ထည့်သွင်းစဉ်းစားရမယ့် ပြဿနာတွေက များလှပါတယ်။

ပထမဦးဆုံးဒေသခံ ပြည်သူတွေရဲ့ စိတ်ဆန္ဒအမှန် သိရှိနိုင်ဖို့ ဖြစ်ပါတယ်။ လူထုဟာ မိမိစိတ်ဆန္ဒကို မကြောက်မရွံ့ အမှန်အတိုင်း ဖော်ထုတ်နိုင်တဲ့ ငြိမ်းချမ်းသာယာတဲ့ နိုင်ငံရေးပတ်ဝန်းကျင် ရှိရပါမယ်။

ဒုတိယအားဖြင့် တည်ရှိဆဲ အုပ်ချုပ်ရေးဆိုင်ရာ နယ်နိမိတ်တွေကို အသေကိုင်စွဲမထားဖို့ လိုပါတယ်။ အုပ်ချုပ်ရေးဆိုင်ရာနယ်နိမိတ် သတ်မှတ်မှုဆိုတာဟာ ခေတ်ကာလအလိုက် အပြောင်းအလဲရှိပါတယ်။ အုပ်ချုပ်မှု လွယ်ကူချောမွေ့ရေးကို ဦးစားပေးပြီး သတ်မှတ်ကြတာ ဖြစ်ပါတယ်။ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်၊ ခေတ်အသီးသီးမှာ ပြောင်းလဲသတ်မှတ်တာတွေ ရှိခဲ့ပါတယ်၊ အဓိကဦးစားပေးစဉ်းစားသင့်တာက လူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိစေရေး ဖြစ်ပါတယ်။ ဘယ်လောက်ပဲ လူဦးရေ နည်းပါစေ – သူတို့ဆန္ဒရှိပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးရပါမယ်။ တည်ရှိဆဲအုပ်ချုပ်ရေး နယ်နိမိတ်ကို လိုအပ်သလို ပြုပြင်ပြောင်းလဲပေးရပါမယ်၊

တတိယ။ ဗမာပြည်ဟာ တိုင်းပြည်ငယ်ပါ။ ဒါပေမယ့် လူမျိုးက များပါတယ်။ လူမျိုးတွေကလည်း တနေရာတည်း တသီးတခြား သီးသန့်နေကြတာရှိသလို တချို့လည်း ရောထွေးယှက်တင် နေထိုင်ကြတာ ရှိပါတယ်။ ဒီထူးခြားချက်ကို သတိပြုရပါမယ်။

လူမျိုးတိုင်းလောက်ကလည်း ပြည်တွင်းစစ် နှစ် (၅၀) အတွင်းမှာ အကြောင်းအမျိုးမျိုးနဲ့ ကိုယ်ပိုင်နိုင်ငံရေး အဖွဲ့အစည်းတွေ ဖွဲ့စည်းထားကြတယ်။ လက်နက်ကိုင်တပ်အင်အားကလည်း အနည်းနဲ့အများဆိုသလို ရှိနေကြပါတယ်။ အကောက်ကြံလိုသူတွေက လှုံ့ဆော်သွေးထိုးပေးစရာ လူမျိုးရေး၊ ဘာသာရေးနဲ့ နယ်မြေကိစ္စများကလည်း ရှိနေတတ်ပါတယ်။ အမှိုက်ကစပြာသာဒ်ကို မီးလောင်နိုင်တဲ့ အခြေအနေမျိုးပါ။

စတုတ္ထအားဖြင့် ပြည်တွင်းစစ်သာ မရှိဘူးဆိုရင်၊ ကြီးနိုင်ငယ်ညှဉ်း လူမျိုးကြီးဝါဒသာ မရှိဘူးဆိုရင် လူမျိုးတိုင်းဟာ ငြိမ်းငြိမ်းချမ်းချမ်း လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင်စားသောက် လိုကြပါတယ်။ လူမျိုးအချင်းချင်းကြားမှာ ရန်ဘက်ပဋိပက္ခ အခြေခံအားဖြင့် မရှိကြပါ။ ဒါကို အသိအမှတ်ပြုရပါမယ်၊ လူမျိုးတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပေးလိုက်ရင် ပိုပြီးသင့်မြတ်ချစ်ကြည်လာကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေး ပြဿနာကို စဉ်းစားဆုံးဖြတ်ရာမှာ အစစ သတိရှိဖို့လိုသလို သဘောထားကြီးကြဖို့လည်း လိုအပ်ပါလိမ့်မယ်။

(၂)

ဗမာပြည် ကွန်မြူနစ်ပါတီဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းတွေအတွင်းမှာ တက်ကြွစွာ ပါဝင်ခဲ့ဖူးပါတယ်။ အဲဒီနောက်မှာတော့ အခြေခံဥပဒေရေးဆွဲရေး ကိစ္စတွေမှာ ပါဝင်ခြင်း မပြုခဲ့ပါဘူး။ ပြည်တွင်းစစ် နှစ် (၅၀) အတွင်း တပ်ပေါင်းစု အစည်းအဝေးတွေမှာ အခြေခံဥပဒေရေးဆွဲရေး ကိစ္စများ ပေါ်ပေါက်လာရင် တတ်နိုင်သမျှ ပါတီက ရှောင်ခဲ့ပါတယ်။

အကြောင်းကတော့ အခြေခံဥပဒေရေးဆွဲရေးကိစ္စကို အလေးအနက်ထားကာ တည်ကြည်လေးနက်စေချင်လွန်းလို့ ဖြစ်ပါတယ်။ ငြိမ်းချမ်းသာယာတဲ့ ပတ်ဝန်းကျင်ရှိပြီး ဒီမိုကရေစီအခြေခံပေါ်မှာ ပြည်သူလူထုကြီး ကိုယ်တိုင်က လွတ်လပ်တက်ကြွစွာ ပါဝင်နိုင်တဲ့ နိုင်ငံရေး ရာသီဥတုရှိမှ လုပ်စေချင်လို့ ဖြစ်ပါတယ်။

နိုင်ငံတကာမှာ အခြေခံဥပဒေတွေကို ရေးဆွဲတဲ့ အတွေ့အကြုံတွေ အများကြီး

ရှိခဲ့ပါတယ်။ ပုံစံတွေမတူရင်သာ ရှိမယ် အခြေခံ တခုတော့ အားလုံးတူညီကြပါတယ်။ အဲဒါကတော့ အရေးတော်ပုံ အောင်ပွဲရ ပြီးနောက် အောင်ပွဲကို တည်ငြိမ်ခိုင်မာစေဖို့ သရဖူဆောင်းပေးတဲ့ အနေနဲ့ အခြေခံဥပဒေ တွေကို ရေးဆွဲကြခြင်း ဖြစ်ပါတယ်။

ဗမာပြည်မှာလည်း ဒီလိုပါပဲ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ လွတ်လပ်ရေး အောင်ပွဲကို ခိုင်မာအောင် လုပ်တာပါ။ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး နှစ် (၁၀၀) အရေးတော်ပုံရဲ့ အောင်ပွဲကို သရဖူဆောင်းပေးတာပါ။ ဒါကြောင့် ကျွန်တော်တို့ တက်တက်ကြွကြွ ပါခဲ့ပါတယ်။ အခြေခံဥပဒေမှာ အရေးကြီးတဲ့ အချက်များ ပါဝင်စေဖို့ တွန်းဆော်ခဲ့ပါတယ်။

နောင် – ဒီမိုကရေစီ အရေးတော်ပုံ အောင်မြင်ရင် အခြေခံဥပဒေ ရေးဆွဲရဦးမှာပါ။ အဲဒီအခါမှာ ကျွန်တော်တို့ပါတီက တတ်စွမ်းသမျှ တက်ကြွစွာ ပါဝင်ဦးမှာပါ။

'အခြေခံဥပဒေ' ရေးဆွဲရေး ဆိုတာဟာ အောင်ပွဲကို ခိုင်မာအောင်လုပ်ကြတာလို့ အထက်မှာ တင်ပြခဲ့ပါတယ်။ ဗမာပြည် အတွေ့အကြုံကို အနည်းအကျဉ်း သုံးသပ်ကြည့်ပါမယ်။

(၁၉၄၇) အခြေခံဥပဒေဟာ လုပ်လီလုပ်လဲ့နဲ့ ချိုးဖောက်ခဲ့ရတာပါ။ ဒီမိုကရေစီ ဆိတ်သုဉ်းပြီး ပြည်တွင်းစစ် ဖြစ်နေလို့ပါ။ အဲဒီတုန်းက လုပ်ခဲ့တဲ့ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီ ပြည့်ဝပါတယ်၊ တရားမျှတပါတယ်လို့ ဘယ်သူမှမပြောခဲ့ပါ။ အတိုက်အခံတွေမှ မဟုတ်ပါဘူး။ ဖဆပလ ခေါင်းဆောင်တွေ ကိုယ်တိုင်က မပြောတာပါ။ အခုအာဏာရနေတဲ့ စစ်အစိုးရကလည်း မပြောပါဘူး။ ဟိုတုန်းက အတိုက်အခံတွေ ပြောသလိုတောင် လိုက်ပြောနေပါတယ်။

(၁၉၄၇) အခြေခံဥပဒေဟာ ၁၉၅၈ မှာ ဗိုလ်နေဝင်းစစ်အုပ်စုရဲ့ စိန်ခေါ်မှုခံရပါတယ်။ ပုံပျက်ပန်းပျက် ဖြစ်အောင်လည်း အလုပ်ခံရပါတယ်။ အကျယ်မတင်ပြတော့ပါ။ ဦးနုရဲ့ "တာတေစနေသား"ကိုကြည့်ရင် တွေ့နိုင်ပါ တယ်။

(၁၉၆၂) မှာတော့ လုံးဝဇိဝိန်ချုပ်ပါတယ်။ နောက်အတော်ကြာတော့ "တော်လှန်ရေးကောင်စီ" အမည်ခံ ဗိုလ်နေဝင်း စစ်အုပ်စုဟာ သူတို့ 'အောင်ပွဲ' ကို သရဖူဆောင်းဖို့ (၁၉၇၄) 'အခြေခံဥပဒေ' ဆိုတာကို ပြဋ္ဌာန်းပါတယ်။

စစ်အာဏာရှင်စနစ်ကို ရာနှုန်းပြည့် အာမခံချက်ရှိအောင် လုပ်ထားတဲ့ ၇၄ – မဆလ အခြေခံဥပဒေဟာ ၁၉၈၈ မှာ မပြန်လမ်း မြန်းပါတယ်။ (၁၄ ) နှစ်ခံပါတယ်။ ဒီမိုကရေစီ အရေးတော်ပုံ လူထုတိုက်ပွဲကြီးက အသေသတ်ပေးပြီး န၀တ စစ်အုပ်စုက မသက်မသာနဲ့ မြေမြှုပ်ပေးလိုက်ရတာပါ။ အခုတော့ န၀တ ဟာ 'အောင်ပွဲ' ရပြန်ပြီလို့ ထင်ပြီး "အမျိုးသားညီလာခံ" ဆိုတာကို လုပ်ကာ အခြေခံဥပဒေ ရေးဆွဲလာပြန်တယ်။ နှစ်ချီပြီး ကြာခဲ့ပေမယ့် အခုအထိ သောင်မတင် ရေမကျနဲ့ အဆုံးသတ် ခက်နေပါတယ်။ ဒီလို အခက်အခဲ တွေ့တာဟာ အဓိကအားဖြင့် ဆက်လက်ရှင်သန်နေတဲ့ ဒီမိုကရေစီ အရေးတော်ပုံကြောင့် ဖြစ်ပါတယ်။ "အမျိုးသားညီလာခံ" ဆိုတာကြီးကို ဘယ်လိုဆက် စခန်းသွားရမလဲ ဆိုတာကိုပင် နအဖ စစ်အစိုးရ မကြံတတ်အောင် ဖြစ်နေပါတယ်။ အခုတလောမှာ အမေရိကန်ပြန် ဗိုလ်အောင်ကြီးကတော့ ၄၇ အခြေခံဥပဒေကို "ပြုပြင်ပြီး" ပြန်သုံးဖို့ ပြောနေပါတယ်။ လက်ရှိ "အမျိုးသားညီလာခံ" ဆိုတာကြီးကို ရပ်လိုက်ပါတော့လို့ မူလလက်ဟောင်း စစ်အုပ်စုဝင်တယောက် အနေနဲ့ ပြောတဲ့ အဓိပ္ပာယ်ပါ။

နှိုင်းယှဉ်ချက်အားဖြင့် ပြောရင် 'တော်လှန်ရေး ကောင်စီ' ရလိုက်တဲ့ "အောင်ပွဲ" လိုဟာမျိုးကိုတောင် နအဖ မရနိုင်ဘဲ ဖြစ်နေပါတယ်။ 'တော်လှန်ရေး ကောင်စီ'တုန်းက အကြမ်းဖက် ဖိနှိပ်ချုပ်ချယ်ရေးနဲ့ မလှုပ်နိုင်အောင်လုပ်ပြီး "ဆိုရှယ်လစ်လမ်းစဉ်" ဆိုတာနဲ့လည်း ဖမ်းစားခဲ့တာ တစုံတရာ အောင်မြင်သလိုလို ဖြစ်ခဲ့ပါတယ်၊ ကျွန်တော်တို့ ပါတီ တခုတည်းပဲ သူ့ "ဆိုရှယ်လစ်လမ်းစဉ်"ရဲ့ အဖမ်းစား မခံရတာပါ။

အခု 'နအဖ' ရဲ့" ဒီမိုကရေစီ လမ်းစဉ်"ကတော့ ဗိုလ်အောင်ကြီးတို့လို မူလစစ်အုပ်စုဝင်ဟောင်းတွေကို သာမက မျိုးဆက်သစ် စစ်အုပ်စုဝင် တချို့ကိုတောင် ဖမ်းစားနိုင်ပုံ မပေါ်ပါဘူး။ မျိုးဆက်သစ်စစ်အုပ်စုဝင် တချို့က "အမျိုးသားညီလာခံ" ဆိုတာကြီးကို ဆက်ပြီး လုပ်နေလို့ အကျိုးမရှိဘူး။ 'ခတ်ပြတ်ပြတ်' တခုခုလုပ်ဖို့ ပြောနေတယ်ဆိုတဲ့ သတင်းကြား နေရပါတယ်၊

ကျွန်တော်တို့ ပါတီဟာ "တော်လှန်ရေးကောင်စီ"ရဲ့ "အောင်ပွဲ"ကို အသိအမှတ်မပြု၊ မဆလ အခြေခံဥပဒေကိုလည်း ဆန့်ကျင်ခဲ့သလို န၀တ (နအဖ) အောင်ပွဲကို အသိအမှတ်မပြု၊ သူ့ 'အမျိုးသားညီလာခံ' ကိုလဲ ဆန့်ကျင်ပါတယ်။

၁၉၉၀ – ခုနှစ် ရွေးကောက်ပွဲကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရစကတည်းက ရွေးကောက်ခံရတဲ့ လွှတ်တော်က ဦးစီးကျင်းပပေးတဲ့ အမျိုးသားညီလာခံကြီးတရပ်ခေါ်ဖို့ ကျွန်တော်တို့ပါတီအနေနဲ့ တင်ပြခဲ့ပါတယ်။

အခုလဲ အချိန်သိပ် မနှောင်းသေးပါ။ ဒါကြောင့်ပဲ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရဲ့ လွှတ်တော်ခေါ်ရေး လှုပ်ရှားမှုများကို ကျွန်တော်တို့ အားပေးနေခြင်း ဖြစ်ပါတယ်။

ချုပ်ပြီးတင်ပြရရင် –

–ဒီမိုကရေစီ အရေးတော်ပုံ လုံးဝအောင်ပွဲခံပြီးမှ အမျိုးသားညီလာခံ ခေါ်တာသာလျှင် စစ်မှန်တဲ့ အမျိုးသားညီလာခံ ဖြစ်နိုင်တယ်။ စစ်အစိုးရ ရှိနေသမျှ ဘာမှ လုပ်နိုင်မှာမဟုတ်။

–စစ်အစိုးရမှာ ညီလာခံ ခေါ်နိုင်ခွင့်မရှိ၊ ဒီမိုကရေစီ လွှတ်တော်မှာသာ ရှိတယ်။

– ၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရခြင်းဟာ ဒီမိုကရေစီ အရေးတော်ပုံ လုံးဝအောင်ပွဲခံရေးဆီသို့ ရှေ့ရှုတဲ့ ပထမခြေလှမ်းဖြစ်တယ် ဆိုတာပါပဲ။

(၃)

စစ်မှန်တဲ့ အမျိုးသားညီလာခံ ကျင်းပနိုင်ရေးဟာ အခြေခံဥပဒေ အခိုင်အမာ ပေါ်ထွက်ရေး အတွက် မုချရှိရမယ့် ပွဲဦးထွက် ဖြစ်ပါတယ်။ ၁၉၄၇ – ခုနှစ်တုန်းက အမျိုးသားညီလာခံ ကျင်းပနိုင်တဲ့ အခြေအနေ မရှိခဲ့ပါ။ အဲဒီတုန်းက ရှိနေတဲ့ လွှတ်တော်ကလည်း ၁၉၃၅ – ဥပဒေအရ ကျင်းပရတဲ့ ရွေးကောက်ပွဲကတင်တဲ့ လွှတ်တော်ဖြစ်လို့ ဒီမိုကရေစီ ပြည့်ဝလှတယ်လို့ မဆိုနိုင်ပါ။ ဒီကြားထဲမှာ တချို့က ရွေးကောက်ပွဲ သပိတ်မှောက်တာလည်း ရှိနေပါတယ်။ ဒါကြောင့် နိုင်ငံရေးအင်အားစုအားလုံး၊ တိုင်းရင်းသားလူမျိုးစုအားလုံးကို ကိုယ်စား

ပြုနိုင်တဲ့ လွှတ်တော် မဟုတ်ခဲ့ပါ။ ၄၇ – အခြေခံဥပဒေကို အဲဒီလွှတ်တော်ကပဲ အစအဆုံး လုပ်ခဲ့ပါတယ်။ အခု အဲဒီလို ဖြစ်လို့ မကောင်းပါ။ အကျယ်ပြန့်ဆုံး ပါဝင်နိုင်တဲ့ အမျိုးသားညီလာခံနဲ့ စရပါမယ်။ အမျိုးသားညီလာခံမှာ နိုင်ငံရေးအင်အားစုတိုင်း၊ တိုင်းရင်းသားလူမျိုးတိုင်း ပါဝင်ခွင့်ရှိစေရပါမယ်။ ပါဝင်အောင်လည်း လုပ်ပေးရပါမယ်။ ပါဝင်သူတိုင်းမှာ အခြေခံ ဒီမိုကရေစီ အခွင့်အရေးများလည်း အပြည့်အဝ ရှိစေရပါမယ်။ စစ်စစ်ရေးတင်ပြီး ကျလာမှ ဖတ်ပြုရတာမျိုးဆိုရင် အမျိုးသားညီလာခံ မလုပ်တာကဘဲ ကောင်းပါလိမ့်မယ်။

အားလုံးဟာ ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ခေတ်၊ ဖက်ဆစ်ခေတ်သာမက နှစ် ၅၀ – ပြည်တွင်းစစ် ခေတ်ကိုပါ ဖြတ်သန်းလာရတာ ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ မယုံကြည်မှုတွေ၊ အာဃာတတွေ၊ ထင်ယောင်ထင်မှားဖြစ်မှုတွေ အားလုံးမှာ ရှိနေနိုင်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီ အခွင့်အရေး ပြည့်ဝဖို့သာမက သဘောထားကြီးပြီး စိတ်ရှည်ကြဖို့ လိုပါတယ်။

အမျိုးသားညီလာခံက အခြေခံဥပဒေဆိုင်ရာ ကိစ္စအားလုံးကို ကိုင်နေရင် မပြီးနိုင် မဆုံးနိုင် ဖြစ်ပါလိမ့်မယ်။ မူဆိုင်ရာ ကိစ္စတွေကို ဆုံးဖြတ်ပြီးရင် အနိုင်အမာကိစ္စတွေကို ကိုင်တွယ်ဆုံးဖြတ်ဖို့ ကော်မရှင်တွေ၊ ကော်မရှင်ခွဲတွေ၊ ပူးတွဲအလုပ်အဖွဲ့တွေ စသဖြင့် ဖွဲ့ပြီးလုပ်ဆောင်စေသင့်ပါတယ်။ အမျိုးသား ညီလာခံကတော့ လမ်းညွှန် ကြီးကြပ်တဲ့ အခန်းကပဲ ဆက်လက်ပါဝင်နေသင့်ပါတယ်။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး ကိုယ်ပိုင်အုပ်ချုပ်ရေးကိစ္စဟာ ကိစ္စကြီးတွေ ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကာယကံရှင်များ မပါဘဲ သူတို့မျက်ကွယ်မှာ သူတို့ကြမ္မာ ဖန်တီးတဲ့ ဆုံးဖြတ်ချက် မချသင့်ပါ။ သူတို့ ကိုယ်တိုင် ပါဝင်ဆွေးနွေးပြီး ပါဝင်ဆုံးဖြတ်ရပါမယ်။

သက်ဆိုင်ရာ ဒေသလူထုရဲ့ ဆန္ဒကိုလည်း အမှန်အတိုင်း ရနိုင်စေဖို့ ကွင်းဆင်းစူးစမ်းလေ့လာ ရပါမယ်။ နိုင်ငံရေး၊ လူမှုရေး၊ ကိုယ်ပိုင်ယဉ်ကျေးမှုစတာတွေအပြင် စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ကွင်းလုပ်ကွက်၊ သမိုင်းကြောင်းစသဖြင့် အသေးစိတ် စူးစမ်းလေ့လာရပါမယ်။ မျက်မှန်းရမ်းပြီးလုပ်တာမျိုး လုံးလုံး မဖြစ်သင့်ပါ။

တန်းတူတဲ့ တစည်းတလုံးတည်းရှိတဲ့ နိုင်ငံကို တည်ထောင်ကြရာမှာ ပေးသူနဲ့ယူသူ ရယ်လို့မရှိပါ။ ရှိလဲမရှိနိုင်ပါ။ အားလုံးဆွေးနွေး ညှိနှိုင်းပြီး အားလုံးဝိုင်းဝန်း တည်ဆောက်ကြရပါမယ်။ ကိုယ့်တိုင်းပြည်ကို ကိုယ့်ပြည်သူတွေသာ တည်ဆောက်ရပါမယ်။ ပြင်ပက တည်ဆောက်ပေးရတဲ့ နိုင်ငံဆိုတာ ကြာရှည်မခံပါ။

ကျွန်တော်တို့ ပါတီဟာ လူမျိုးတိုင်း တန်းတူပြီး တစည်းတလုံးတည်းရှိတဲ့ ငြိမ်းချမ်းသာယာဝပြောတဲ့ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ တက်ကြွစွာ ပါဝင်ပါမယ်။ အားလုံးနဲ့ ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြဖို့ ဆန္ဒရှိကြောင်း တင်ပြလိုက်ပါတယ်။

---

●စာမျက်နှာ(၁၉ )မှ

ကာကွယ် စောင့်ရှောက်ရေး။ ၎င်းတို့၏အကျိုးစီးပွားကို အကာအကွယ်ပေးမည့် အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ပြုရေး။

၁၃။ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ စသည်များနှင့် စာရေးစာချီ အစိုးရဝန်ထမ်းများ၊ အတတ်ပညာသည်များနှင့် စာပေအနုပညာရှင်တို့၏ စားဝတ်နေရေး၊ လေ့လာရေးနှင့် နေထိုင်စားသောက်မှု ဘဝတို့ကို အာမခံချက်ရှိအောင် လုပ်ပေးရေး။

ပညာရပ်အလိုက်၊ လုပ်ငန်းအလိုက် သမဂ္ဂအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုရေး။

၁၄။ မြို့နေဆင်းရဲသားများ၏ စားဝတ်နေမှု တိုးတက်လာအောင် စီစဉ်ပေးရေး။ တရားသဖြင့် စီးပွားရှာခွင့်ကို အာမခံရေး။

ပြည်သူများ၏ အိုးအိမ်ရပ်ကွက်အတွင်းသို့ စစ်တပ်နှင့်ပုလိပ်အပါအဝင် အုပ်ချုပ်ရေးပိုင်းများက တရားမဲ့ဝင်ရောက်ရှာဖွေမှု၊ နှောင့်ယှက်မှု မှန်သမျှ တားမြစ်ပိတ်ပင်ရေး။ မိမိဆန္ဒ မပါဘဲ ဇွတ်အတင်း အိုးအိမ်ပြောင်း ရွှေ့နိုင်းမှုများရပ်စဲရေး။

၁၅။ စက်ရုံအလုပ်ရုံ ပိုင်ရှင်များ၊ လုပ်ငန်းရှင်ကလေးများနှင့် ကုန်သည်ပွဲစားများ၏ စက်မှုလက်မှုနှင့် ကုန်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး။

ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်များကို စစ်အုပ်စုနှင့် အပေါင်းပါများအတွက်သာ ကန့်သတ်ထားခြင်းများ ဖျက်သိမ်းရေး။

အရင်းအနှီး ချေးငွေရရှိရေး၊ လျှပ်စစ်၊ လောင်စာနှင့် ကုန်ကြမ်းရရှိရေး၊ ထွက်ကုန်များရောင်းချရာတွင် ချောမော ပြေပြစ်အောင် လုပ်ပေးရေး။

ပြည်ပနှင့် ကုန်သွယ်မှု ပုဂ္ဂလိကများအား လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရေး။

ကုန်သည်ကြီးများ၊ စက်ပိုင်ရှင်များ၊ လုပ်ငန်းရှင်များ၏ အဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြု

၁၆။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှားပါးတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးတို့ကို စနစ်တကျနှင့် အတိအကျ ဥပဒေပြု သတ်မှတ်ရေး။

၁၉၈၈ ခုနှစ်၊ ဇွန်လ။

# ကယ်တင်ရေး ပိုကြိုးပမ်းမှ ဖြစ်မည် .....

(၁)

## ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု

ခုတလော သဘာဝပတ်ဝန်းကျင် အန္တရာယ်ကို ဗမာပြည်လူထု ပိုမိုအလေး ထားလာပုံရသည်။ အလေး မထားလျှင်လည်းမဖြစ်၊ ဗမာပြည် သဘာဝ ပတ်ဝန်းကျင် ယိုယွင်းလာမှုသည် ဟိုနေရာ ဒီနေရာ ကွက်ကွက်ကလေးလောက်တွင်သာ ဖြစ်နေသည် မဟုတ်ဘဲ ဗမာပြည်၏ အသက်သွေးကြော 'ဧရာဝတီ ' ပင်လျှင် အန္တရာယ် ကျရောက် လာနေပါပြီ။ ယင်းပြဿနာများ အကြောင်း ပြောဆိုရာတွင် သစ်တော ပြုန်းတီးမှု၊ ဧရာဝတီမြစ်ရေ ညစ်ညမ်းလာမှု ကအစ ကြွပ်ကြွပ်အိတ် ပြဿနာအဆုံး ပါသည်။ ပြောဆိုသူများထဲတွင် ဗမာပြည်မှ ပညာရှင်များ၊ စာနယ်ဇင်း မျိုးစုံတွင် ရေးသားနေကြသော စာရေးဆရာများ ပါသကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိခိုက်နေမှုကို ကိုယ့်မျက်စိ ရှေ့မှောက်မှာပင် ကြုံတွေ့နေကြသည့် မြို့ပြနှင့် ကျေးလက်နေ ပြည်သူများလည်း ပါဝင်ကြသည်။

ကမ္ဘာတွင်မူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း ကျယ်ကျယ် ပြန့်ပြန့် ပြောဆိုတင်ပြခဲ့ကြသည်မှာ ဆယ်စုနှစ် သုံးခုလောက် ရှိပါပြီ။ (၁၉၇၂ ) ခုနှစ်တွင် လူသားတို့၏ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကွန်ဖရင့်တရပ် ခေါ်ဆိုကျင်းပ လာခဲ့သည်မှစ၍၊ (၁၉၉၂ ) ခုနှစ် ဘရာဇီးလ်နိုင်ငံ၊ ရီယိုဒီဂျနေရိုးမြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံ၊ (၁၉၉၇ ) ခုနှစ် တိုကျိုမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံစသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး ညီလာခံများ အများအပြား ကျင်းပခဲ့သည်။ ကမ္ဘာပေါ်တွင် မြစိမ်းရောင် ငြိမ်းချမ်းရေးအဖွဲ့ ( GREEN PEACE ) ကဲ့သို့ ထင်ရှားသည့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများ (၂၀ ) ကျော် ရှိသည်၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ ( NGOs ) (၁၀၀၀) ခန့်တို့ကလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများနှင့် ဆက်စပ် လှုပ်ရှားနေကြသည်။ "မြစိမ်းရောင်ခါးပတ်" လှုပ်ရှားမှုဟူသည့် သဘာဝပတ်ဝန်းကျင် အကျိုးပြု လှုပ်ရှားမှုများ ပေါ်ထွက်လာခဲ့ပြီး (၁၉၇၇ ) ခုနှစ်က ကင်ညာနိုင်ငံတွင် သစ်ပင် (၂ )သန်း စိုက်ပျိုးခဲ့ကြသည်။ ကမ္ဘာ တဝှမ်းတွင် မြေကမ္ဘာနေ့၊ ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၊ ကမ္ဘာ့ သစ်ပင်များနေ့ စသည်တို့ကို သတ်မှတ်ကာ နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့သည်လည်း ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဖေါင်ဒေးရှင်း၊ ဆွစ်ဇာလန်နိုင်ငံတွင် အခြေစိုက်သော "သဘာဝပတ်ဝန်းကျင်အတွက် ကမ္ဘာတဝှမ်း က ထည့်ဝင်သည့် ရန်ပုံငွေအဖွဲ့" စသည်တို့ ပေါ်ထွက်ခဲ့ရုံမျှမက တိုက်ကြီး ( ၆ ) တိုက်မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့် ရှောက်ရေးအတွက် ကိုယ်ကျိုးစွန့် ကြိုးပမ်း ခဲ့ကြသူ (၆ ) ဦးအား " ဂိုးမင်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆု " ကို နှစ်စဉ် ချီးမြှင့်လာခဲ့သည်။ ယခုနှစ်တွင် အာရှတိုက်ကို ကိုယ်စားပြုပြီး မြန်မာနိုင်ငံမှ ကရင်အမျိုးသား "ကဆောဝါး" ဆုရရှိခဲ့သည်။

ဆိုလိုသည်မှာ ကမ္ဘာတဝှမ်းတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အသိအမြင်များ ဒီရေတက်သလို တက်လာနေခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးသည် လူသားတို့၏ ဘုံအကျိုး စီးပွားဖြစ်ဌာသည်ဆိုသည်ကို ယေဘုယျ အားဖြင့် အသိအမှတ်ပြုလာကြပြီ။ အိုဇုန်းလွှာ ပါးလျားလာမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုတို့သည် ကမ္ဘာသူ ကမ္ဘာသားတို့အား ခြိမ်းခြောက်လျက်ရှိနေသည် ဆိုသည်ကိုလည်း ကမ္ဘာက အကျယ်အပြန့် အသိအမှတ် ပြုလာနေကြပြီဖြစ်သည်။

နှစ်ပေါင်း(၁၀၀)အတွင်း ပြီးခဲ့သော ဆယ်စုနှစ်တွင် ကမ္ဘာကြီး အပူနွေးဆုံးဖြစ်ပြီး (၁၉၉၀) ခုနှစ်သည် အပူဆုံးနှစ် ဖြစ်ခဲ့ပါသည်။ ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေသည့် "ဖန်လုံအိမ်အာနိသင်" ကိုဖြစ်ပေါ်စေသော ဓာတ်ငွေ့များ လျော့နည်းသွားဖို့ မကြိုးပမ်းဘဲ လက်ရှိအတိုင်းသာ ဆက်လက်သွားနေကြမည်ဆိုပါက– အနာဂတ်ကမ္ဘာကြီးနှင့် လူသားမျိုးနွယ်တို့အတွက် ကြမ္မာဆိုးများနှင့် ရင်ဆိုင်ရမည်ကို သိပ္ပံပညာရှင်များက ညွှန်ပြထားပြီး ဖြစ်သည်။

ယနေ့မှစ၍ နောင်အနှစ် ( ၅၀ ) အကြား ကမ္ဘာ့အပူချိန်သည် ( ၄.၅ ) စင်တီဂရိတ်အထိ ပိုမိုတိုးမြင့်လာနိုင်သကဲ့သို့ ကမ္ဘာ့ရေမျက်နှာပြင်သည်လည်း သက္ကရာဇ် (၂၀၅၀ )တွင် (၃၀) နှင့် (၅၀ )စင်တီမီတာ အကြား၊ သက္ကရာဇ် (၂၁၀၀) တွင် တမီတာခန့်အထိ တိုးလာနိုင်ပါသည်။ ၎င်းအခြေအနေမျိုးတွင် ကမ္ဘာပေါ်ရှိ ကြီးမားကျယ်ဝန်းသော ကမ်းရိုးတန်း ဇုန်များနှင့် ကျွန်းနိုင်ငံ အများအပြားတို့မှာ ရေလွှမ်းခြင်းခံရမည်ဖြစ်သလို မိုးလေဝသ၊ ရာသီဥတုနှင့် ပင်လယ်ပြင်ဆိုင်ရာ ဇီဝ ပတ်ဝန်းကျင် အခြေအနေတို့သည်လည်း ပြောင်းလဲကုန်ပါမည်။ အကျိုးဆက်မှာ ဟာရီကိန်းမုန်တိုင်း၊ ဆိုက်ကလုန်းမုန်တိုင်းနှင့် တိုက်ဖွန်းမုန်တိုင်းတို့ အကြီးအကျယ် တိုးများပြင်းထန်လာနိုင်ပါသည်။ သမပိုင်းဇုန်ဒေသတို့တွင်လည်း ငှက်ဖျား၊ သွေးလွန်

တုပ်ကွေး၊ အသားဝါ ရောဂါစသော အပူပိုင်းဇုန်ရောဂါများကို ခံစားလာကြရလိမ့်မည်။ ဂျုံစသည့်သီးနှံများ ရောဂါ 'ကျ' ကာ လူသားမြောက်မြားစွာတို့ အငတ်ဘေးနှင့် ကြုံတွေ့ရပေတော့မည်။

ကမ္ဘာ့အိုဇုန်းလွှာ ပါးလျားလာမှုမှာ (၁၉၇၅ ) ခုနှစ်နှင့် (၁၉၈၆ ) ခုနှစ်တို့အကြား (၅ )ရာခိုင်နှုန်း ရှိခဲ့ပြီး အန္တာတိတ်သမုဒ္ဒရာပေါ်တွင် အိုဇုန်းလွှာအပေါက်ကြီး တပေါက်ကို တွေ့ရှိခဲ့ရုံမျှမက အာတိတ်စက်ဝိုင်းပေါ်တွင်လည်း အိုဇုန်းလွှာ အပေါက်တပေါက် ဖြစ်ပေါ်မည့် အခြေအနေ တည်ရှိနေသည်ဟု ဆိုပါသည်။ အကျိုးဆက်အဖြစ် လူသားမျိုးနွယ်တို့မှာ ခရမ်းလွန်ရောင်ခြည် အန္တရာယ်၊ အရေပြားကင်ဆာနှင့် မျက်စိရောဂါတို့ ဆိုးဆိုးဝါးဝါး စွဲကပ်လာကြဖွယ် ရှိနေသည်။

ဆာလ်ဖာဒိုင်အောက်ဆိုက် အညစ်အကြေး စွန့်ပစ်မှုတို့မှ ပေါ်ထွက် လာသော အက်ဆစ်မိုးရွာသွန်းမှုသည် (၁၉၈၅ ) ခုနှစ် ပတ်ဝန်းကျင်တွင် တန်ချိန် (၁၅၅ ) သန်း ရွာသွန်းသည်အထိ တိုးများလာခဲ့သည်။ အက်ဆစ်မိုးတို့သည် ကမ္ဘာပေါ်ရှိ မြစ်ချောင်းအင်းအိုင်ပေါင်း တသောင်းခန့်တို့ရှိ ရေနေသတ္တဝါများ အသက်မရှင်နိုင်သည့် အခြေအနေသို့ ရောက်ရှိစေပြီး၊ ဥရောပတိုက်၊ အမေရိကတိုက် ၊ အာဖရိကတိုက်နှင့် တရုတ်ပြည်တို့ရှိ သစ်တောများ စိုက်ခင်းများတို့ကိုလည်း ဖျက်ဆီးပစ်ပါလိမ့်မည်။

အနာဂတ်ကာလ မတိုင်မီ မျက်မှောက်ကာလမှာပင်လျှင် ကမ္ဘာမြေကြီးအတွက် 'အရှုံး' ပေါ်နေပါသည်။ ကမ္ဘာပေါ်ရှိ သဲကန္တာရများသည် တနှစ်လျှင် ဟက်တာ ( ၆ ) သန်းနှုန်းဖြင့် တိုးများဖြစ်ပေါ်လျက်ရှိပြီး၊ မြေဆီလွှာ တိုက်စားမှုကြောင့် ကမ္ဘာ့စိုက်ပျိုးမြေဟက်တာသန်း (၂၀) နှစ်စဉ်ဆုံးရှုံးနေရသည်။ ကမ္ဘာ့ပြည်သူ ( ၁.၃) ဘီလီယံတို့မှာလည်း ကျန်းမာရေးအတွက် စိတ်ချရသော သောက်သုံးရေ မရရှိနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရလေသည်။

သတိပြုဖွယ်ကောင်းသော အချက်တခုမှာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ သောက်သုံးရေသန့် ရရှိစေသော ရင်းမြစ်များ ကုန်ခန်းခြင်း စသည်တို့ကို ဆင်းရဲပြီး ဖွံ့ဖြိုးမှု နိမ့်ကျသော နိုင်ငံများက အများဆုံးခံနေကြရခြင်း ဖြစ်ပါသည်။ တတိယကမ္ဘာနိုင်ငံများတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခံရခြင်းစသော သဘာဝ ကပ်ဘေးများကို ပိုမိုခံစားကြရပြီး သိန်းသန်းချီသောပြည်သူများ အိုးအိမ်ပျက်စီးခြင်း၊ သေကြေခြင်း၊ ဆင်းရဲဒုက္ခရောက်ခြင်းတို့ ဖြစ်ကြရပါသည်။ ( ၁၉၈၁ ) ခုနှစ်က မိုးခေါင်ပြီး အစာရေစာ ရှားပါးပြတ်လပ်ခဲ့သဖြင့် အာဖရိကတိုက်ရှိ နိုင်ငံများစွာမှ ပြည်သူသန်း (၆၀ ) (အာဖရိကတိုက်၏ ငါးပုံတပုံ ) တို့မှာ အငတ်ဘေး ဆိုက်ခဲ့ရပြီး (၁၉၈၃) တွင်မူ အငတ်ဘေးဆိုက်သူ အရေအတွက်မှာ သန်း (၁၅၀) အထိ တိုးများလာခဲ့ပါသည်။

ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ကမ္ဘာပေါ်တွင် သက်ရှိဇီဝမျိုးစိတ် (၃၀၀)တို့မှာ နေ့စဉ် မျိုးတုံးပျောက်ကွယ်နေသည်ဟု သိပ္ပံပညာရှင်များက ထုတ်ဖော်လာသည်။ ကြီးမားသော အန္တရာယ်ကြီးများကို အလူးအလဲ ခံစားနေကြရသော ကမ္ဘာ့သူကမ္ဘာ့သားတို့အနေဖြင့် "လူသားမျိုးနွယ်သည်လည်း အနာဂတ်ကာလတွင် ပျောက်ကွယ်သွားနိုင်သလား "ဆိုသော စဉ်းစားစရာ ပြဿနာကို ရင်ဆိုင်လာကြရသည်။ ကမ္ဘာ့သဘာဝ ပျက်စီးယိုယွင်းလာမှုကို ခုခံတိုက်ခိုက်လိုကြသော ကမ္ဘာ့ပြည်သူများ နောက်ထပ် အဖြေရှာရမည့် ပြဿနာတရပ်လည်း တည်ရှိနေပါသေးသည်။ ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ကို အကြီးအကျယ် ဖျက်ဆီးပြီး လူသားတို့အား ဒုက္ခအန္တရာယ် ပေးလျက်ရှိသည့် တရားခံ (သို့မဟုတ် ) အကြောင်းရင်းဇာစ်မြစ်ကို ရှာဖွေဖော်ထုတ်ရေးပင် ဖြစ်ပါသည်။

(၂)

## ကမ္ဘာအနှံ့ အရင်းအနှီး ဖြန့်ကြက်လာသော စီးပွားရေးစနစ်

ဒုတိယကမ္ဘာစစ်ကြီး အပြီးမှသည် (၁၉၇၀ ) ခုနှစ်များ အစပိုင်းအထိ ကမ္ဘာ့အရင်းရှင် စီးပွားရေးစနစ်သည် ယခင်က မကြုံခဲ့ဖူးသော စီးပွားရေး တိုးတက်မှုများ ရရှိကာ ၊ ၎င်းအောင်မြင်မှုကို ကာလတခု တည်တံ့အောင် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ သို့ရာတွင် (၁၉၇၀) ခုနှစ်များ အစပိုင်းမှာပင်လျှင် အရင်းရှင်စနစ်သည်သမိုင်းကြောင်းတလျှောက် သူ့နောက်မှ အရိပ်ပမာ တွယ်ကပ် လိုက်ပါလာတတ်သော အရင်းရှင် စီးပွားရေးကပ်ကို တားဆီးခြင်း မပြုနိုင်ခဲ့ပါ။

ထိုအချိန်က နိုင်ငံတကာ စီးပွားရေးပြိုင်ဆိုင်မှုများ ပြင်းထန်သည်းသန်လာမှုကြောင့် နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးများသည် အမြတ်နှုန်းထားများ ကျဆင်းလာသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး တိုးတက်မှုနှုန်းထားသည် မူလကထက် တဝက်ခန့် ( ၂ . ၅ ရာခိုင်နှုန်း ) ကျဆင်းသွားသည်။ အချမ်းသာဆုံး စက်မှုထွန်းကားပြီးသော နိုင်ငံ (၇ ) နိုင်ငံ၏ အမြတ်နှုန်းထားမှာ (၁၉၆၅ ) ခုနှစ်က (၁၇ ) ရာခိုင်နှုန်း ရှိခဲ့ရာမှ (၁၉၈၀ ) ခုနှစ်တွင် (၁၁ ) ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သလို ကုန်ထုတ်လုပ်ငန်းသည်လည်း ( ၂၅ )ရာခိုင်နှုန်းမှ ( ၁၈ ) ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

ဤကဲ့သို့သော စီးပွားရေးကပ်ကြီးနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အတွက် နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးများသည် စီးပွားရေး အခက်အခဲများထဲမှ ရုန်းထွက်ရန်လမ်းကို ကြံဆလာကြသည်။ သူတို့၏ ကုန်ထုတ်လုပ်ငန်းများ၌ လုပ်ခစရိတ်ကြီးမြင့်ခြင်း၊ လူမှုရေးစရိတ် ကြီးမြင့်ခြင်းနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစရိတ်တို့ ကြီးမြင့်နေခြင်းမှာ သူတို့အကျိုးအမြတ် ကြီးကြီးမားမား ရရှိရေးတွင် အဓိက အတားအဆီးများ ဖြစ်နေသည်။ ယင်းအတားအဆီးများကို ကျော်နင်းနိုင်ရန်အတွက် နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးများသည် ၎င်းတို့၏ အရင်းအနှီးများကို လုပ်ခစရိတ်၊ လူမှုရေးစရိတ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစရိတ်တို့ အနိမ့်ဆုံးဖြစ်သော နိုင်ငံများတွင် သွားရောက်မြှုပ်နှံဖို့ ကြိုးပမ်းလာကြသည်။ ထို့မျှမက ၎င်းတို့၏ ကုန်ထုတ်လုပ်ငန်းကိုပါ ယင်းနိုင်ငံများသို့ ရွှေ့ပြောင်း ထုတ်လုပ်လာကြပါသည်။ ပထမကမ္ဘာ နိုင်ငံများမှ ယင်း "ကမ်းလွန်ထုတ်လုပ်ရေး" တို့သည် အစကနဦးက တတိယကမ္ဘာ နိုင်ငံများထဲမှ ဟန်ပြဒီမိုကရေစီ မဆိုစလောက်သာရှိသော နိုင်ငံ နှင့် စစ်အာဏာရှင်စနစ် ကျင့်သုံးသည့် ဖွံ့ဖြိုးစနိုင်ငံများတွင် အခြေချ ခဲ့ပါသည်။ ၎င်းနိုင်ငံ

တို့အနက်မှ "အာရှကျား"များအဖြစ် ထင်ရှားလာသည့် "တောင်ကိုရီးယား" ကဲ့သို့သော နိုင်ငံမျိုးတို့သည် ၎င်းတို့၏ ဈေးသက်သာသော လုပ်ခနှင့် ဖိနှိပ်ချုပ်ချယ်မှုပြုသော လူမှုရေး ထိန်းချုပ်မှုတို့ကို ပုံအောပြီး လောင်းကြေးထပ်လိုက်သဖြင့် အရှိန်မြန်သော တိုးတက်မှုကို ရရှိလာကာ "စက်မှုဖွံ့ဖြိုးစနိုင်ငံများ" ( NICs ) ဟူ၍ ဖြစ်လာခဲ့ကြသည်။ အရှေ့၊ တောင်နှင့် အရှေ့တောင်အာရှ နိုင်ငံများ၏ (၁၉၈၅ ) ခုနှစ်နှင့် (၁၉၈၉ ) ခုနှစ်များကြားက နှစ်စဉ်တိုးတက်မှုနှုန်းသည် (၃၇ ) ရာခိုင်နှုန်းအထိ မြင့်မားလာပြီး၊ အရှေ့တောင်အာရှ ဒေသတခုတည်း ကပင်လျှင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်မှန်းထားသည့် နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားလုံး၏ (၄၇ ) ရာခိုင်နှုန်းကို လက်ခံရရှိလိုက်သည်၊ ကမ္ဘာ့စီးပွားရေး စနစ်သစ်အတွက် ရည်ရွယ်သော ထုတ်လုပ်ရေးလုပ်ငန်းနှင့် ပြည်တွင်း ဖိနှိပ်ချုပ်ချယ်မှုတို့ကို ပေါင်းစပ်ထားသော ယင်းနည်းဗျူဟာမှာ "အာရှကျား" နိုင်ငံများမှတဆင့် ကမ္ဘာ့အခြား နိုင်ငံများသို့ ကူးစက်ပြန့်ပွားလာခဲ့ရာ ယခုအခါ ကမ္ဘာတဝှမ်း ပိုမိုပျံ့နှံ့လာနေပါပြီ။ ဤဖြစ်စဉ်မှာ " ကမ္ဘာအနှံ့အရင်းအနှီးဖြန့်ကြက်လာသော စီးပွားရေးစနစ် "<Globalization> ၏ အစပြုချက်ပင် ဖြစ်ပါသည်။ ဤစနစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းကြီးများက အခိုင်အမာ လှုပ်ရှားသူများ ဖြစ်ကာ၊ ၎င်းတို့ကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ( IMF )၊ ကမ္ဘာ့ဘဏ်နှင့် " အကောက်ခွန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူညီချက် စာချုပ်အဖွဲ့" (GATT) စသော အဖွဲ့တို့က ကြီးမားသော တန်ခိုးအာဏာတို့ဖြင့် ကျားထောက်ပေးကြသည်။ ( ၎င်းအဖွဲ့ကြီးများကိုလည်း အမေရိကန်နှင့် အခြားကမ္ဘာ့ အချမ်းသာဆုံး နိုင်ငံတို့က လွှမ်းမိုးချယ်လှယ်နေပါသည်။)

ကမ္ဘာအနှံ့ အရင်းအနှီးများဖြန့်ကြက်နေရာချထားနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ သတင်းဆက်သွယ်ရေးဆိုင်ရာနှင့် ထုတ်လုပ်ရေးဆိုင်ရာ နည်းပညာသစ်များ ပေါ်ထွန်းဖွံ့ဖြိုးလာခြင်းက ကြီးမားစွာ အကူအညီပေးခဲ့သော်လည်း ဤစနစ်ကို တွန်းဆော်ပေးသော အဓိက မောင်းနှင်အားမှာကား လုပ်ခစရိတ်၊ လူမှုရေးစရိတ်၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စရိတ်တို့ သက်သာစေရေးပင် ဖြစ်သည်။ ၎င်းမောင်းနှင်အားတွင် လုပ်ခနိမ့်ကျစေရေးမှာ ပို၍ အဓိကကျသော်လည်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစရိတ် ပိုမိုသက်သာနိမ့်ကျစေရန်ဟူသည့် အချက် ပါဝင်နေသည်ကိုလည်း သတိပြုသင့်ပါသည်။

သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စရိတ်သက်သာစေရေးဟူသည်မှာ တကယ်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် တာဝန်မယူလိုခြင်းသာ ဖြစ်ပါသည်။ ပထမကမ္ဘာမှ စက်မှုထွန်းကားပြီးနိုင်ငံကြီးများသည် သူတို့၏ စက်မှုလုပ်ငန်း အညစ်အကြေး စွန့်ထုတ်မှုကို တတိယကမ္ဘာနိုင်ငံများနှင့် တခြားမဖွံ့ဖြိုးသောနိုင်ငံများ၊ ဖွံ့ဖြိုးစနိုင်ငံများသို့ တင်ပို့ရွှေ့ပြောင်းပေးလိုက်ခြင်းပင် ဖြစ်သည်။ အာရှကျားများ၊ စက်မှုထွန်းကားစနိုင်ငံများ ( NICs ) တို့သည် လုပ်အားအပေါ် သွေးစုပ်မှု၊ သဘာဝ ပတ်ဝန်းကျင်အပေါ် မဆင်မခြင် ဖျက်ဆီးမှုတို့ကို အခြေခံပြီး ကြီးမားသော စီးပွားရေး တိုးတက်မှုကို ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံကို ဥပမာထားကြည့်ပါ။ ဖိလစ်ပိုင်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကာလတုန်းကပင်လျှင် ထူထပ်သောသစ်တောနှင့် ကြွယ်ဝသောသယံဇာတများ ရှိနေခဲ့သေးသော်လည်း ယနေ့ကာလတွင်မူ ဖိလစ်ပိုင်နိုင်ငံအတွင်း မည်သည့်နေရာသို့သွားသွား သဘာဝပတ်ဝန်းကျင် အန္တရာယ် တမျိုးမဟုတ်တမျိုး ကျရောက်ထားသည်ကိုသာ တွေ့ရမည် ဖြစ်သည်၊ စီးပွားဖြစ် သစ်ခုတ်လှဲသည့် ကုမ္ပဏီကြီးများ၏ လောဘရမက်ကြောင့် ဖိလစ်ပိုင်၏ ဒုတိယအကြီးဆုံး ကျွန်းဖြစ်သော မင်ဒါနာအို (MINDANAO ) ကျွန်း၏ ထူထပ်သော တောတောင်တွေ ပြောင်တလင်းခါ၍ တောင်ကတုံးတွေ ဖြစ်လာနေသကဲ့သို့ ဖိလစ်ပိုင် တနိုင်ငံလုံး၏သစ်တော အချိုးအဆသည်လည်း (၃၅ )ရာခိုင်နှုန်းမှနေ၍ (၂၀) ရာခိုင်နှုန်းအထိ လျော့ကျလာနေပါပြီ။

ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းကြီးများက ကမ္ဘာတဝှမ်းတွင် ရေနံဓာတုစက်ရုံများ၊ သံမဏိစက်ရုံများ၊ ဓာတုဗေဒဆိုင်ရာ လုပ်ငန်းများကို နေရာချထားထူထောင်လာခြင်းသည် ကမ္ဘာကြီးပူနွေးလာစေသော 'ဖန်လုံအိမ် အာနိသင်' ကို ဖြစ်စေသည့် ဓာတ်ငွေ့များ၊ အိုဇုန်းလွှာကို ပါးလျားစေသည့် ဓာတ်ငွေ့များနှင့် အက်ဆစ်မိုးကို ရွာစေသည့် ဆာလ်ဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အညစ်အကြေးများ ကမ္ဘာတဝှမ်းလုံးမှာ ပျံ့နှံ့ လာစေလိုက်သော အရင်းအမြစ်ပင် ဖြစ်ပါသည်၊ ယင်းစက်ရုံလုပ်ငန်း၏ ကုန်စည်ထုပ်ပိုးမှုများကလည်း ကမ္ဘာတွင် ထုထည်ကြီးမားသော အမှိုက်သရိုက် အညစ်အကြေးတို့ စုပုံလာစေသော ပင်မအကြောင်းရင်းပင် ဖြစ်သည်။ ကမ္ဘာ့ရေပြင်တွင် အလွန်အကျွံ ငါးဖမ်းမှု၊ သစ်တောများကို တရားလွန်ခုတ်လှဲမှု ၊ မြေယာများကို ပျက်စီးသည်အထိ အသုံးချမှုစသော သဘာဝ အရင်းအမြစ်ကို ရစရာမရှိအောင် ဖျက်ဆီးနေမှုများသည်လည်း ကမ္ဘာလုံးဆိုင်ရာ ကော်ပိုရေးရှင်းကြီးများ၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမှ ထွက်လာသော ရလဒ်များပင် ဖြစ်သည်။

ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအတွက် တိုင်းပြည်အလိုက်လည်း တာဝန်ယူကြရပါလိမ့်မည်။ တာဝန်ယူသင့်သည့် အကြောင်းများကလည်း ရှိနေသည်။ ဥပမာ - ဖန်လုံအိမ် အာနိသင်ကို ဖြစ်စေသော ဓာတ်ငွေ့များကို ကမ္ဘာပေါ်တွင် အများဆုံး လွှင့်ထုတ်နေသည့် နိုင်ငံမှာ အမေရိကန် ပြည်ထောင်စု ဖြစ်ပါသည်။ ထို့ပြင် အခြား တိုင်းပြည်များရှိ အမေရိကန်ပိုင် လုပ်ငန်းများက လွှင့်ထုတ်နေသည်များလည်း ရှိသေးသည်။ ကမ္ဘာ့ လူဦးရေ၏ (၂၀ )ရာခိုင်နှုန်းသာရှိသော စက်မှုထွန်းကားပြီး နိုင်ငံများက ကမ္ဘာ့သတ္တုအထွက် အားလုံး၏ သုံးပုံနှစ်ပုံ နှင့် တကမ္ဘာလုံးမှ ထုတ်လုပ်သော စွမ်းအင် အားလုံး၏ လေးပုံသုံးပုံကို သုံးစွဲလျက်ရှိသည်။ 'ဖန်လုံအိမ် အာနိသင်' ဖြစ်ပေါ်စေသည့် ဓာတ်ငွေ့များ၏ (၄၉)ရာခိုင်နှုန်းမှာ စွမ်းအင်သုံးစွဲမှုကြောင့်၊ (၂၄ ) ရာခိုင်နှုန်းမှာ စက်မှုလုပ်ငန်းများကြောင့်ဖြစ်ရာ ကမ္ဘာ့အချမ်းသာဆုံးဖြစ်သော စက်မှုထွန်းကားသည့် နိုင်ငံကြီးများသည် ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုအတွက် မည်မျှတာဝန်ရှိမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု၏ အကြောင်းရင်းများတွင် ရေဒီယို

ခေတ်သတ္တဲ ကြွစေသော နျူကလီယာ အညစ်အကြေးများ စွန့်ထုတ်မှု ၊ နျူကလီယာလက်နက် စမ်းသပ်ဖေါက်ခွဲမှု၊ နျူကလီယာ လက်နက်များထုတ်လုပ်မှု သည်လည်း အတိုင်းအတာ ကြီးမားသော အခန်းမှပါဝင်နေသည်။ ၎င်းအပြင် ကမ္ဘာလုံးဆိုင်ရာ စက်မှုလုပ်ငန်းမှ ထုတ်လိုက်သည့် အညစ်အကြေးတို့၏ (၂၀) ရာခိုင်နှုန်းမှာ စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်ရေး လုပ်ငန်းမှ ဖြစ်ပါသည်။

သဘာဝ ပတ်ဝန်းကျင် ပျက်စီးစေသည့် အကြောင်းအချက်များထဲတွင် စစ်ပွဲများကိုလည်း ခြွင်းချန်ထား၍မဖြစ်၊ စစ်ဆိုလျှင် ကမ္ဘာစစ်၊ ဒေသန္တရစစ်နှင့် ပြည်တွင်းစစ်ဟူ၍ ခွဲခြားနေစရာမလို တိုက်ကြပြီဆိုသည်နှင့် အတိုင်းအတာအလိုက် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။ အချိန်ကြာလေ ထိခိုက်မှုများလေ ဖြစ်၏။ အမေရိကန်က ကျူးကျော်စစ်ဆင်နွှဲခဲ့သော အင်ဒိုချိုင်းနား စစ်ပွဲများတွင် ရွာချခဲ့သော ဗုံးမိုး၊ ရှို့ခဲ့ကြသည့်မီး၊ သုံးခဲ့ကြသည့် ဓာတုပစ္စည်းများကြောင့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၏ သဘာဝပတ်ဝန်းကျင်များသည် ဆယ်စုနှစ် – နှစ်ခုကျော်လာသည့်အထိ ရင်းစားပြန်မရနိုင်သေးပါ။ ယခုတဖန် ကိုဆိုဗိုအရေးအခင်းတွင် နေတိုးတပ်များ၏ ဗုံးဒဏ်ကြောင့် သဘာဝပတ်ဝန်းကျင်များ မည်မျှအထိ – ထိခိုက်သွားမည်ကိုလည်း မပြောနိုင်ကြသေးပါ။

(၃)

## တိုက်ပွဲနည်းနာများ

ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရေးအတွက် တိုက်ပွဲဝင်ကြရာတွင် ယေဘုယျအားဖြင့် 'ကမ္ဘာအန့်အရင်းအနှီးဖြန့်ကြက်လာသော စီးပွားရေးစနစ် 'သည် အဓိကကျသော ပစ်မှတ်ဖြစ်သည်။ သို့ရာတွင် တိုင်းပြည်တခုချင်းအလိုက်၊ ကိစ္စတခုချင်းအလိုက် အခိုင်အမာ ပစ်မှတ်များမှာကား တူညီနိုင်ကြလိမ့်မည် မဟုတ်ပါ။ ကိုယ်ရင်ဆိုင်နေရသော ကုမ္ပဏီတခုခုကို ဦးတည်ဆန့်ကျင်ရသည်မျိုး ရှိသလို၊ ငွေကြေးအရင်းအနှီးထုတ်ပေးသည့် ကမ္ဘာ့ဘဏ်ကဲ့သို့သော အဖွဲ့အစည်းမျိုးကို ဦးတည်တိုက်ရသည်လည်း ရှိတတ်ပါသည်။ နမူနာပြစရာ ကမ္ဘာ့ပြည်သူတို့၏ လက်တွေ့တိုက်ပွဲတွေ အများအပြား ရှိနေသည်။

ဥပမာ– ကာလီဖိုးနီးယား ပြည်နယ် ဟမ်းဖိုးခရိုင်မှ သစ်တောများကို ကာကွယ်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သမားတို့သည် ပစိဖိတ်ကုမ္ပဏီကို ဦးတည် ဆန့်ကျင်ခဲ့ရပါသည်။ သူတို့သည် မီးခိုးရောင် ချောင်းထိပ်ရှိ သစ်တောအတွင်း ပေ (၄၀) အမြင့်ရှိ သစ်ပင်များပေါ် တက်နေလိုက်သည့် နည်းဖြင့် ဆန္ဒပြကြပါသည်။ ကုမ္ပဏီကလည်း သစ်ပင်များကို အတင်းခုတ်လှဲ နိုင်းလိုက်သဖြင့် သစ်ပင်များနှင့်အတူ ဆန္ဒပြသူများ မြေပေါ် လိမ့်ကျကုန်ကြရာ အသက် (၂၄)နှစ်အရွယ် 'ဒေးဗစ်ချိန်း' ဆိုသူ လူငယ်လေးမှာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အသက် စွန့်သွားခဲ့ရပါသည်။

ကမ္ဘာ့ဘဏ်ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းကြီးမျိုးကို ဦးတည်ဆန့်ကျင်ရသည့်အခါ၌မူ တိုက်ပွဲဝင်သူတို့ဘက်ကလည်း ကမ္ဘာလုံးဆိုင်ရာ မြေအနေအထား အခင်းအကျင်းတို့ ရယူဖို့လိုပါသည်။ ဆိုလိုသည်မှာ ကမ္ဘာ့ပြည်သူများ အပြန်အလှန် ကူညီပြီး လက်တွဲတိုက်ပွဲဝင်ဖို့ပင် ဖြစ်သည်။ ဥပမာအားဖြင့် (၁၉၉၂) ခုနှစ်က အိန္ဒိယပြည် နာမာဒါတောင်ကြားချိုင့်ဝှမ်းဒေသ (Namada Valley) တွင် ဆာဒါဆာရိုဗာ ( Sardar Sarovar Dam) ရေကာတာကြီးကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောက်လုပ်လာခြင်းကြောင့် ၎င်းတို့၏ အိုးအိမ်နှင့် နေထိုင်မှုဘဝများ ပျက်စီးကုန်ကြမည့် အန္တရာယ်ကြီးကို ကြုံတွေ့လာကြရသည်။ ထို့အတွက် အိန္ဒိယပြည်သူ သန်းပေါင်းများစွာတို့က ဆန့်ကျင်ကန့်ကွက်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ၎င်းတိုက်ပွဲဝင်ပြည်သူများအား နိုင်ငံပေါင်း (၃၇ )နိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ( NGOs ) – (၉၀၀) တို့က စာနာထောက်ခံသည့် တိုက်ပွဲများဖြင့် အကူအညီပေးကြသည်။ အကယ်၍ ဤစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်အနေဖြင့် ချေးငွေထုတ်ပေးနေမှုကို ရပ်ဆိုင်းခြင်း မပြုလျှင် ကမ္ဘာ့ဘဏ်သို့ နိုင်ငံအသီးသီးမှ ထည့်ဝင်နေသော ရန်ပုံငွေများ ရပ်ဆိုင်းသွားစေရန် မိမိတို့က လှုပ်ရှားမှုများ ဆင်နွှဲရလိမ့်မည်ဟု ( NGO ) အဖွဲ့အစည်းများဘက်မှ ကမ္ဘာ့ဘဏ်သို့ ဖိအားပေးခြိမ်းခြောက်လိုက်သည်။ ကမ္ဘာ့ဘဏ်မှ လက်ခံလိုက်လျောခြင်း မပြုဘဲ အကြိမ်ကြိမ် ငြင်းဆန်နေခဲ့သေးသော်လည်း (၁၉၉၃ ) ခုနှစ်တွင်မူ ဤစီမံကိန်းအတွက် ချေးငွေ ထုတ်ပေးနေမှုကို ရပ်ဆိုင်းပစ် လိုက်ရပါသည်။ ကမ္ဘာ့ ပြည်သူများ လက်တွဲပြီး တိုက်ပွဲဝင်ခဲ့သဖြင့် ရရှိလာသော အောင်ပွဲဖြစ်သည်။

( 'အမေဇုန်' သစ်တောများ ကယ်တင်ရေး ) တိုက်ပွဲသည်လည်း ထင်ရှားကျော်ကြားပါသည်။ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖေါ်သော သစ်ခုတ်ထွင်မှုများကြောင့် ထူထပ်သိပ်သည်းခဲ့သော အမေဇုန်သစ်တောကြီးမှာ ကြာလျှင် တောပြုန်းကုန်မည်ကို စိုးရိမ်လာရပါသည်။ ၁၉၇၀– ခုနှစ်များ အလယ်လောက်က အမေဇုန်တောထဲတွင် နေထိုင်ပြီး ရာဘာစေးခြစ်ကာ အသက်မွေးဝမ်းကြောင်း ပြုနေကြသော ရာဘာစေးထုတ်သူများသည် သစ်တောခုတ်ထွင်မှုကို စတင်ကန့်ကွက်ကြပါသည်။ သစ်ပင်ခုတ်လှဲသူများနှင့် ရာဘာပင်များအကြားတွင် ငြိမ်းချမ်းစွာ စီတန်းရပ်လျက် ဆန္ဒပြခဲ့ကြပါသည်။ ဤနည်းဖြင့် သစ်ခုတ်ရန်လာသူများကို ရှေ့ဆက်မတိုးစေရန် ဟန့်တားထားပြီး သူတို့ချစ်သော သစ်ပင်များကို ကာကွယ်ဖို့ ရည်ရွယ်ပါသည်။ သူတို့သည် နှစ်တချို့ရှေရှည် တိုက်ပွဲဝင်ခဲ့ကြရပြီး အမေဇုန် ဒေသခံ တိုင်းရင်းသားများ၊ အမေရိကန်နှင့် ဘရာဇီးလ် နိုင်ငံတို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများ၊ မနုဿဗေဒ ပညာရှင်များက ၎င်းတို့နှင့် လက်တွဲကာ ပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြသလို နိုင်ငံပေါင်း (၁၁ ) နိုင်ငံမှ (NGO )အဖွဲ့ (၃၂) ဖွဲ့တို့ကလည်း ၎င်းတို့ဘက်မှ ရပ်တည်၍ အမေရိကန်ကွန်ဂရက် လွှတ်တော်မှတဆင့် ကမ္ဘာ့ဘဏ်ကို ဖိအားပေးခဲ့ကြသောကြောင့် နောက်ဆုံးတွင် အောင်ပွဲရရှိလိုက်ပါသည်။ ကမ္ဘာ့ဘဏ်သည် ငွေချေးပေးနေခြင်းကို ရပ်တန့်ပစ်လိုက်သည်။ အမေဇုန် ရာဘာစေးခြစ်သူတို့၏ ခေါင်းဆောင် ဖြစ်သူ 'ချီကိုမင်ဒက်စ်' (Chico Mendes ) မှာကား သတ်ဖြတ်ခြင်း ခံခဲ့ရရှာသည်။

"ကမ္ဘာအန့်အရင်းအနှီးဖြန့်ကြက်လာသောစီးပွားရေးစနစ်" ကို တိုက်ခိုက်

ရာတွင် အလုပ်သမား လူတန်းစားများ၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်း မဟုတ်သော တခြားအဖွဲ့အစည်းများကလည်း တခြားဘက်မှ တိုက်ပွဲဝင်နေကြပါသည်။ အကြောင်းမှုကား ဤစနစ်သည် သဘာဝ ပတ်ဝန်းကျင်ကို သာမက တခြားနယ်ပယ်အသီးသီးကိုလည်း ထိခိုက်ပျက်စီးစေသည့်အတွက် ဖြစ်ပါသည်။ ထို့ကြောင့် ဘုံလက္ခဏာဆောင်သောရန်သူကို အားကောင်းကောင်း တိုက်ခိုက်နိုင်ရန် မတူသော အဖွဲ့အစည်း အချင်းချင်း မဟာမိတ်ဖွဲ့လာကြသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် အလုပ်သမားများအကြား၊ လယ်သမားများနှင့် ပြည်သူ့ကျန်းမာရေးအတွက် လှုပ်ရှားသူများအကြား၊ လူ့အခွင့်အရေး–အမျိုးသမီးအခွင့်အရေးတို့အတွက် ရပ်ခံသူများနှင့် တတိယကမ္ဘာ ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများအကြား မဟာမိတ်ဖွဲ့ကာ လက်တွဲတိုက်ပွဲဝင်ကြရန် ကြိုးပမ်းအားထုတ်လာကြသည်။

တိုက်ပွဲနည်းနာများမှာလည်း စုံလင်ကြွယ်ဝသည်။ ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးနည်းနာ၊ သပိတ်တိုက်ပွဲ၊ အထွေထွေသပိတ်တိုက်ပွဲ၊ လူထုအာဏာ ဖီဆန်ရေးလှုပ်ရှားမှု၊ လူထုထကြွမှု၊ ချီတက်ပွဲများ၊ ဆန္ဒပြပွဲများ၊ ပေးစာများဖြင့် တိုက်ပွဲ ဝင်မှုများ၊ ဥပဒေပြုဌာန်းပေးရန် မဲဆွယ်တောင်းဆိုခြင်းမှသည် လက်နက်ကိုင်တိုက်ပွဲအထိ ပါဝင်နေသည်။

ဂျိုနာသန်ဆွစ်(Jonathan Swift) ရေးသော "ဂါလီဗာ၏ ခရီးစဉ်များ" ( Gulliver's Travels ) ဆိုသောစာအုပ်ကို အထက်တန်းဆင့် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ဖူးပါသည်။ ၎င်းစာအုပ်ထဲတွင် အလုံးအဖန် သေးငယ်ပြီး လက္ခအနည်းငယ်သာ အရပ်မြင့်သော "လီလီပွတ်" နိုင်ငံသားများသည် သူတို့ထက် အဆပေါင်းများစွာ မြင့်မားကြီးထွားသော ကျူးကျော်လာသူ ဂါလီဗာကို ၎င်းအိပ်ပျော်နေစဉ် ရာနှင့်ချီသော ချည်ကြိုးမျှင်ကလေးများဖြင့် တုပ်နှောင်ဖမ်းဆီးထားလိုက်ကြပါသည်။ ဂါလီဗာသည် ဘယ် 'လီလီပွတ် နိုင်ငံသား' ကိုမဆို သူ့ဖနောင့်ဖြင့် စိစိညက်ညက် ချေမှုန်းပစ်နိုင်စွမ်းရှိသော်လည်း၊ စုပေါင်းမှုဖြင့် အားကောင်းလာသော ချည်မျှင်ပိုက်ကွန်ကြောင့် သူ့မှာမလှုပ်ရှားနိုင်ဘဲ အစွမ်းမဲ့ကာ 'မြွေစွယ်ကျိုး' ဖြစ်သွားပါသည်။ ဂါလီဗာကဲ့သို့ပင် အင်အားကြီးမားသော 'ကမ္ဘာ့အနှံ့ ဖြန့်ကြက်လာသော စီးပွားရေးစနစ်' ကြီးသည်လည်း ကမ္ဘာတဝှမ်းမှ ပြည်သူ့ချည်မျှင်ကြိုးများ ပေါင်းဖွဲ့သွေးစည်းလာသည့် အချိန်တွင် ------။

(၄)

"ဗမာပြည်၏ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းလာမှု"

ယနေ့ခေတ်တွင် ကမ္ဘာ့ရွာဟူသော အသုံးအနှုန်းသည် ရေပန်းစားတွင်ကျယ်လာသည်။

"ကမ္ဘာအနှံ့ အရင်းဖြန့်ကြက်လာမှုက ကမ္ဘာ့ရွာပေါ်ထွန်းမှုကို ဦးတည်စေသည်"ဟု ကမ္ဘာအနှံ့ဖြန့်ကြက်လာသော စီးပွားရေးစနစ် ကိုယ်တိုင်က တင်ပြကြွေးကြော်ထားသည်။ ကမ္ဘာ့ရွာ ဖြစ်တည်လာသည်ဟု ဆိုရာ၌ စီးပွားရေးအရ နိုင်ငံနယ်နမိတ် အကန့်အသတ်များကို ဖယ်ရှားကျော်နင်းလာခြင်းက အဓိကဖြစ်ပြီး ကမ္ဘာ့အရှေ့ဖျားမှသည် အနောက်ဖျား--။ တောင်ဘက်မှသည် မြောက်ဘက်စသော ကမ္ဘာ့ လူနေဒေသအသီးသီးသို့ စက္ကန့်ပိုင်း၊ မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ဆက်သွယ်ကူးလူး နိုင်စေရန် အတွက်မှုကား သစ်လွင်တိုးတက်လာသော သတင်းဆက်သွယ်ရေးဆိုင်ရာနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ နည်းပညာတို့က အထောက်အကူပြုပါသည်။ သို့ရာတွင် ဤစီးပွားရေးစနစ်က ဖေါ်ထုတ်ခြင်းမပြုဘဲ ချန်ထားသော ပြဿနာကြီးတရပ်ရှိနေပါသည်။ ၎င်းမှာ ကမ္ဘာ့ရွာဖြစ်တည်လာခြင်းနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ယိုယွင်းပျက်စီးမှုများသည်လည်း ကမ္ဘာ့ရွာအပေါ် အရိပ်မိုးပြီး လိုက်ပါလာခြင်းပင် ဖြစ်သည်။ ၎င်းအရိပ်မည်းကြီးထဲတွင် ကမ္ဘာ့သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုသည်လည်း ကြီးမားလှသော အတိုင်းအတာ ဖြင့် ပါဝင်နေပါသည်။

ကမ္ဘာ့ရွာ ဖြစ်တည်လာခြင်း နှင့်အတူ ကမ္ဘာ့ဂြိုဟ်၏ တနေရာတွင် တည်ရှိနေသော ဗမာပြည်သည်လည်း ကမ္ဘာ့ရွာဖြစ်တည်လာခြင်း၏ ကောင်းကျိုးဆိုးကျိုးများကို မလွဲမသွေ မျှဝေခံစား ရလိမ့်မည် ဖြစ်သည်။

ကမ္ဘာအနှံ့ဖြန့်ကြက်လာသော စီးပွားရေးစနစ်သည် ၎င်း၏အရင်းအနှီးများကို ကမ္ဘာတလွှား ဖြန့်ကြက်နေရာချထားရာ၌ ဗမာပြည် ကိုလည်း 'ဝ'ကွက် ချန်ထားခဲ့သည် မဟုတ်ပါ။ ဗမာပြည်သို့ ဝင်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ ပမာဏမှာ (၁၉၉၅– ၉၆ ) ခုနှစ်က အမေရိကန် ဒေါ်လာ (၃၂၃၇. ၃၈ ) သန်း၊ (၁၉၉၆– ၉၇ )တွင် အမေရိကန် ဒေါ်လာ (၆၆၅၁.၆၃ ) သန်းရှိခဲ့ပြီး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖေါ်မှုလုပ်ငန်းများ၊ စက်မှုဇုန်နှင့် စက်မှုလုပ်ငန်း တူထောင်မှုများ စသည်တို့ကို ဗမာပြည် တွင်လာရောက် လုပ်ကိုင်ကြသူများ အနက် (NIC ) နိုင်ငံများသာမက စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများမှ ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီကြီးများလည်း ပါဝင်နေသည်ကို တွေ့ရပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီကြီး ဖြစ်သော ယူနီကောကုမ္ပဏီကြီး၏ 'ရတနာ' သဘာဝ ဓာတ်ငွေ့သွယ်တန်းသည့် လုပ်ငန်းဆိုလျှင် ဗမာနှင့်ထိုင်းနိုင်ငံတို့၏ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ရုံမက လူ့အခွင့်အရေးများကိုပါ ချိုးဖျက်နေရာ ဗမာပြည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်လိုသူများနှင့် ပြည်ချစ်ပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုကြောင့် ယခုအခါ ယူနီကောကုမ္ပဏီကို တရားစွဲဆိုနိုင်သည့်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ဘဏ်က သူထုတ်ပေးရဦးမည့် ချေးငွေဒေါ်လာသန်း (၃၀၀)ကို ရပ်ဆိုင်းလိုက်မည်ဟု ဆိုလာခြင်းမှာလည်း ဗမာပြည်သူများ၊ ထိုင်းနိုင်ငံပြည်သူများနှင့် ကမ္ဘာ့ပြည်သူများ၏ အောင်ပွဲပင် ဖြစ်ပါသည်။

ဗမာပြည်သို့ လာရောက်ပြီး နိုင်ငံခြားကုမ္ပဏီများက ရင်းနှီးမြှုပ်နှံမှုပြုရာ၌လည်းကောင်း၊ လုပ်ငန်းများ လုပ်ကိုင်ရာ၌လည်းကောင်း ဗမာပြည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေရန်နှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်ရန်မှာ ဗမာပြည်အစိုးရက မလွဲမသွေ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန် ဖြစ်ပါသည်။ နအဖအစိုးရကမူ သူတို့နိုင်ငံခြားငွေ ရရှိရေး၊ အခွန်အကောက်များများ ရရှိရေးတို့ကိုသာ သဲကြီးမဲကြီး အာရုံစိုက်နေသည့်အတွက် ဤတာဝန်ကို စဉ်းစားမိပုံပင် မပေါ်ပါ။ ယင်းလုပ်ငန်းများအတွက် စာချုပ်များချုပ်ဆိုသည့်အခါ အထူးသဖြင့် ရွှေကျင်လုပ်ငန်း

စာချုပ်များ ချုပ်ဆိုသည့်အခါ ဗမာပြည် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်စေရေး အတွက် တလုံးတပါဒမျှ ပြောဆိုတင်ပြခြင်း၊ ကာကွယ်ခြင်း၊ စည်းမျဉ်းကန့်သတ်ထားခြင်း များ မရှိပါ။ ပြည်ပကုမ္ပဏီများက ဧရာဝတီမြစ်တွင် မြစ်ကြမ်းပြင်ကို နှိုက်၍ လည်းကောင်း၊ မြစ်ကမ်းပါးများကို ဖြိုချ၍လည်းကောင်း ရွှေကျင်ကြရာ၌ မာကြူရီပြဒါးများကို သာမက အလွန်တရာ အဆိပ်ပြင်းလှသော 'ဆိုင်ယင်နိုက်' အဆိပ်ကိုပါ ဧရာဝတီမြစ်ထဲ သွန်းလောင်းနေကြသဖြင့် 'ဧရာဝတီ'ပင်လျှင် အဆိပ်သင့်နေရပါပြီ။ ပြည်ပမှလာလုပ်သည့် ရွှေကျင်လုပ်ငန်းများမှာ ဧရာဝတီ မြစ်တွင်သာမက ဥရုချောင်း၊ မန်ဒေါင်ချောင်း၊ တနိုင်းချောင်းနှင့် မေခ ချောင်းတို့တွင်လည်း ရှိကြသည်။ မန်ဒေါင် ချောင်း တခုတည်း၌ပင်လျှင် ရွှေကျင်လှေပေါင်း (၂၀၀) ခန့်ရှိပြီး ပြဒါးများကို ချောင်းထဲသို့ စည်းမဲ့ကမ်းမဲ့ သွန်ပစ်ကြသဖြင့် မန်ဒေါင် ချောင်းထဲမှာသာမက ချောင်းရေစီးဝင်ရာ ဧရာဝတီမြစ်ထဲမှာပါ ငါးများ အများအပြား သေကုန်ကြသည့်အတွက် လူထုက "ငါးတွေ တော့ မျိုးတုံးကုန်တော့မှာပဲ" ဟုပင် ညည်းညူလာကြပါသည်။ ဥရုချောင်းတွင်မူ ရွှေကျင်လုပ်ငန်းလုပ်သူများက သစ်တော ဝါးတောတွေကိုပါ ခုတ်ထွင်လုပ်ကိုင်နေကြသဖြင့် သစ်တောဝါးတောနှင့် မြေလွတ်မြေရိုင်းတို့မှာ အစတေးခံဘဝ ရောက်ရှိသွားသည်။ နိုင်ငံခြားကုမ္ပဏီမှ လာရောက်လုပ်ကိုင်သော ကြေးနီစက်ရုံများမှ အန္တရာယ် ရှိသောစွန့်ပစ် အညစ်အကြေးများကြောင့် ချင်းတွင်းမြစ်ရေ သည်လည်း ညစ်ညမ်းနေရ ပြီ။

နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံ လုပ်ကိုင် သောစက်မှုလုပ်ငန်းများ၊ ဖက်စပ်စက်မှု လုပ်ငန်းများနှင့် ပြည်တွင်းစက်ရုံ လုပ်ငန်းတို့မှ စွန့်ပစ်အညစ်အကြေးများသည်လည်း ဗမာပြည် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း ရေးကို ကြီးစွာထိခိုက်စေပါသည်။ တခြား စက်မှုလုပ်ငန်းကြီးများကို ထည့်မပြောသေးဘဲ အရက်ချက်စက်ရုံများကို ဥပမာပြပါမည်။ အရက် (၁ ) ဂါလံချက်တိုင်း ရေဆိုး (၁၀ ) ဂါလံကို ဘေးထွက်ပစ္စည်းအဖြစ် စွန့်ထုတ် ရသည်ဖြစ်ရာ ရွှေပြည်သာစက်မှုဇုန်ရှိ အရက်ချက်စက်ရုံ (၉ ) ရုံမှ ရေဆိုးများသည် တရချောင်းမှတဆင့် 'လှိုင်'မြစ်အတွင်းသို့ မည်မျှစီးဝင်နေကြမည်ကို စဉ်းစားကြည့်နိုင် ပါသည်။ မန္တလေးစက်မှုဇုန်မှ စွန့်ထုတ် ပစ်နေသည့် အညစ်အကြေး ရေဆိုးဂါလံ (၂) သိန်းခွဲလောက်သည်လည်း ပန်းရုံတော်ချောင်း မှတဆင့် တောင်သမန်အင်းထဲ စီးဝင်သည့် အတွက် 'ရေသေ' ဖြစ်သော တောင်သမန် အင်းသည် အပုပ်နံ့တထောင်းထောင်း ထနေခဲ့သည်ဟု ဆိုသည်။

သဘာဝ ပတ်ဝန်းကျင် ကာကွယ် ထိန်းသိမ်းရေး စရိတ်သည် အလွန်ကြီးမြင့် လှရာ ၎င်းစရိတ်စကများကို ဆင်းရဲ ခေတ်နောက်ကျသော နိုင်ငံများက မတတ် နိုင်ဘဲ သက်ဆိုင်ရာ ပြည်ပကုမ္ပဏီကြီး များသို့သာ စရိတ်စက အကုန်အကျခံရန် တောင်းဆိုလေ့ရှိကြသော်လည်း ဗမာပြည် အစိုးရာက်မှ ဤသို့သော တောင်းဆိုသံ များ ပေါ်ထွက်သည်ဟု မကြားဘူးပါ။ စွန့်ပစ် အညစ်အကြေးများ၏ အန္တရာယ်ကို ကာကွယ်တားဆီးရေးနှင့် ရှင်းလင်းသန့်စင် ရေးတို့အတွက်လည်း ခေတ်မီသော နည်း ပညာများ လိုအပ်ပါသည်။ ဗမာပြည်တွင်မူ လှိုင်မြစ်ရေကို လေ့လာစစ်ဆေးကြည် ရာ၌ပင်လျှင် အာရှဖွံ့ဖြိုးရေးဘဏ်မှ မဲခေါင် မြစ်ဝှမ်း စီမံကိန်း၏ အစိတ်အပိုင်းအဖြစ် အကူအညီ ရယူနေရပြီး အနိမ့်ဆုံးရှိသင့်သည့် စွန့်ပစ်ရေ အဆင့်အတန်း သတ်မှတ်ချက်၊ စွန့်ပစ်ရေနှင့် ပတ်သက်သော ဥပဒေတို့ ပင်လျှင် မရှိသေးပါ။

ဧရာဝတီမြစ်ရေ ညစ်ညမ်းလာမှုတွင် စက်ရုံတို့မှ စွန့်ပစ်အညစ်အကြေးတို့နှင့် လည်း ဆက်စပ်နေပါသေးသည်။ ဧရာဝတီမြစ်၏ ရေထုညစ်ညမ်းမှု လက္ခဏာကို ပိုမိုတွေ့ရှိရသည့်နေရာမှာ ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံနှင့် ရွှေတောင် ချည်မျှင်နှင့် အထည်စက်ရုံ အနီးတဝိုက်တွင် ဖြစ်သကဲ့သို့၊ ရေထုထဲတွင် ကင်ဆာရောဂါဖြစ် စေနိုင်သော (ကွင်းဆက် အော်တိုမက်တစ် ဟိုက်ဒရိုကာဘွန်) ပမာဏ အများဆုံး တွေ့ရသောနေရာမှာလည်း မင်းဘူးရေနံ ချက်စက်ရုံ ပတ်ဝန်းကျင်တဝိုက်တွင် ဖြစ်နေပါသည်။

ဧရာဝတီမြစ်ကိစ္စကို ဆက်ပြော ပါမည်။ ရူပ၊ ဓာတုဂုဏ်သတ္တိရှိသော ပစ္စည်းများ ပါဝင်မှု၊ အဆိပ်အတောက် ရှိသော ဓာတ်ငွေ့ပစ္စည်းပါဝင်မှုတို့ကို ဧရာဝတီမြစ်၏ နေရာအနှံ့အပြားမှာ တွေ့ရှိနေရပြီး ၎င်း အခြေအနေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ (ENVIRONMENT PROTECTION AGENCY- EPA ) ၏လမ်းညွှန် သတ်မှတ်ချက်ထက် ကျော်လွန်လျက် ရှိသည်ဟု ဆိုပါသည်။ ပုဂံနှင့် ရွှေတောင် အကြား မိုင် (၃၀၀) ခရီး စမ်းသပ်စစ်ဆေးမှု အရ ဧရာဝတီ မြစ်ရေသည် ရေထုညစ်ညမ်းမှု စတင်ဖြစ်ပေါ်နေပြီဟု အခိုင်အမာပြော၍ ရနေပါပြီ။ ဧရာဝတီ မြစ်ဆုံတွင် ပလပ်စတစ်စ တစ ပစ်ချပါက (၅၀၀)ကျပ် ဒဏ်တပ်သည်ဟု ဆိုသော်လည်း ဧရာဝတီမြစ်တွင်းသို့ နေ့စဉ် တန်နှင့်ချီသော ပလပ်စတစ်စများ၊ ကြွပ် ကြွပ်အိတ်များ ပစ်ချခြင်းခံနေရသည်။ ဧရာဝတီ မြစ်ကြမ်းပြင်သည် ပလပ်စတစ် ကြမ်းပြင်ကြီး ဖြစ်သွားခဲ့လျှင်မူ ငါးများမျိုးတုံး လာနိုင်သလို ဧရာဝတီမြစ်ကြောင်းတလျှောက်ရှိ ပြည်သူ များ၏ နေထိုင်မှုဘဝကိုလည်း ထိခိုက်စေ နိုင်ပါသည်။

ဧရာဝတီမြစ်သည် ၎င်းအန္တရာယ် များသာမက ဗန်းမော်မှနေ၍ မြစ်ဝကျွန်း ပေါ်အထိ အနည်ပို့ချမှု အထူးသဖြင့် ဗမာနိုင်ငံ သဲချောင်းများ၏ အနည်ပို့ချမှုတို့ကြောင့် သောင်အသွယ်သွယ်ထွန်းကာ ရေကြောင်း ပြောင်းလဲခြင်း၊ မြစ်ပြင်တိမ်ကောခြင်း၊ ရေ ကြောင်းကျဉ်းတည်းခြင်းတို့ ဖြစ်လာနေသည်။ အလားတူပင် ချင်းတွင်းမြစ်သည်လည်း မြစ်ရေပြင် တိမ်ကောလာကာ နှစ်တောင် နှစ်တောင့်ထွာလောက်သာ ရေအနက် ရှိတော့သည့်အတွက် ရေယာဉ်များအသွား အလာခက်ကာ ကူးသန်းရောင်းဝယ်မှုကို အနှောက်အယှက် ပြုနေပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်း ရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ပြုပြင်မွမ်းမံရေး တို့တွင် ဤကဲ့သို့ အစိုးရမှ ထိရောက်စွာ တာဝန်ယူမှု မပြုနိုင်ခြင်းကို ဖေါ်ပြနေသော တခြားဥပမာများလည်း ရှိပါသေးသည်။

အင်းလေးရေကန်ကြီး ရေတိမ်မှုသည် ရန်ကုန်–မန္တလေးစသော မြို့ကြီးများ အပါအဝင် ဗမာပြည် မြို့ကြီးပေါင်းများစွာ၌ လျှပ်စစ်မီး ကပ်ဆိုက်စေပြီး၊ အင်းလေးဒေသ ပြည်သူတို့၏ နေထိုင်မှုဘဝကို ထိခိုက် စေရုံမျှမက အနာဂတ်အတွက်လည်း စိတ် ပူပန်စရာပြဿနာ ဖြစ်နေပါသည်။ အယ်လ်နီညိုဒဏ် (၂ ) နှစ်လောက်ခံရသဖြင့်

မိုးနည်း၍ အင်းရေတိမ်ရပါသည်ဟု တချို့က ဆိုပါသည်။ သို့ရာတွင် အင်းလေးကန်၏ ရေဝေရေလဲ ဧရိယာရှိ သစ်တောများ မပြုန်းတီးအောင်ထိန်းသိမ်းရေး၊ တောင်ကမ်းပါးယံတိုက်စားမှု ကာကွယ်ရေး၊ စားကျက်မြေ သတ်မှတ်ပေးရေး၊ နုန်းမြေပို့ချမှု တားဆီးရေး၊ ရွှေ့ပြောင်းတောင်ယာ စနစ်နှင့်တောင်စောင်းများတွင် ထွန်ယက်သောစနစ်တို့ကို ကန့်သတ်ပေးရေးစသော သဘာဝပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများကို လျစ်လျူရှုခြင်း မပြုခဲ့ပါမူ အင်းလေးကန် အခြေအနေမှာ ဤမျှဆိုးဝါးလာလိမ့်မည် မဟုတ်ပါ။

"ဗြိုဟ်တုသတင်း အချက်အလက်များအရ ဗမာပြည်အလယ်ပိုင်း မိုးနည်းဒေသရပ်ဝန်းအတွင်း သဲကန္တာရ ဖြစ်ပေါ်လာရန် အရိပ်လက္ခဏာတို့ကို တွေ့လာရသည်" ဟူသော စိုးရိမ်ထိတ်လန့်ဖွယ် သတင်းကို နအဖက 'ကိုးခရိုင် စိမ်းလန်း စိုပြေရေး' စီမံကိန်းဖြင့် ဖုံးဖိသားရန် ကြိုးစားနေပါသည်။

နအဖ-က ဗမာပြည်ရှိ သယံဇာတများကို အိမ်ခွံချည်းကျန်အောင် ရှိသမျှအကုန်ထုတ်ရောင်းနေသည့် အထဲတွင် ကျွန်းသစ်နှင့် တခြားအဖိုးတန်သစ်များလည်း ပါဝင်နေပါသည်။ ဗမာပြည်တွင် နှစ်စဉ်စာရင်းဝင်အင်းဝင် ထုတ်လုပ်ရောင်းချသော သစ်ပမာဏမှာ တကယ်ခုတ်လှဲသော သစ်ပမာဏ၏ ရာခိုင်နှုန်း အနည်းငယ်သာရှိပါသည်။ အစိုးရကသာ သစ်ခုတ်ရောင်းနေသည်မဟုတ်၊ နအဖ စစ်တပ်ကလည်း နယ်စပ်မှာ သစ်ခွဲစက်တွေထောင်ပြီး သစ်တွေထင်တိုင်းရောင်းနေသလို သစ်တောကွက်များနှင့် သစ်ခုတ်ခွင့်ကို တံစိုးလက်ဆောင်အဖြစ်ရထားသော "ငြိမ်းချမ်းရေး" ရယူထားသည့် အဖွဲ့များကလည်း အစွမ်းကုန် 'လသာခိုက် ဗိုင်းငင်'နေကြသည်။ ရှည်လျားသည့် ရေဝတီမြစ်ကြောင်းတလျှောက်ရှိ မြေပြန့်ဒေသ တချို့တွင် သစ်ပင်သစ်တောတို့ မတွေ့ရသလောက် နည်းပါးလာပြီဟု ပြောကြသည်။ သည်ပုံအတိုင်းဆက်သွားနေပါက ကြာလျှင် နယ်စပ်ဒေသ တောင်တန်းတွေပါ တောင်ကတုံးတွေ ဖြစ်ကုန်တော့မည်လားမသိ။

တောတွေပြောင်သလို တောကောင်တွေပါ ရှားလိုက်လာသည်။ ကုလသမဂ္ဂမှ ကမ္ဘာတဝှမ်းလုံးတွင် လူဝံ၊ ပင်လယ်လိပ်၊ ပန်ဒါဝက်ဝံ၊ အာရှဆင်၊ ကျားသစ်၊ ကျားစသော ရှားပါးတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရောင်းဝယ်ခြင်း မပြုရန် တားမြစ်ပိတ်ပင်ထားသော်လည်း ပြည်တွင်းစစ်ကို ရာစုနှစ်၏ တဝက်ကျော် တိုက်လာသည့် ဗမာပြည်တွင်မူ နှစ်ဘက်လက်နက်ကိုင်တပ်တို့၏ ဒဏ်ကို တောတွင်းနေသတ္တဝါတို့လည်း ခံကြရပါသည်။ ကမ္ဘာတွင် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခို ရောင်းဝယ်ခြင်း လုပ်ငန်းပြီးလျှင် တိရစ္ဆာန်မှောင်ခိုရောင်းဝယ်ဖေါက်ကားသည့် လုပ်ငန်းမှာ တတိယအကြီးဆုံးဖြစ်ရာ ဗမာပြည်မှ ရှားပါးတိရစ္ဆာန်များဖြစ်သည့် ဆင်များ၊ ကျားများ၊ ကျားသစ်များမှအစ – ငှက်၊ လိပ်၊ ဂဏန်း၊ သင်းခွေချပ်အလယ် တောက်တဲ့နှင့် မြွေအမျိုးမျိုးတို့အဆုံး အားလုံးတို့သည် 'ပြည်ပ ခရီး'ထွက်ကြပါသည်။ နအဖသည် အဖိုးတန်ဆင်အပါအဝင် ရှားပါးတိရစ္ဆာန်များအားပြည်ပသို့ ထုတ်နေသည်ကို မတားနိုင်သလို ပြည်တွင်း၌ စည်းမဲ့ကမ်းမဲ့ သတ်ဖြတ်နေကြသည်ကိုလည်း မတားနိုင်ပါ။ ဥပမာ- (၁၉၉၇)ခုနှစ်က ရခိုင်ရိုးမတွင် ကြံခင်းမြို့နယ်မှ မုဆိုးတစုက တချိတည်းနှင့် ဆင် (၁၇ ) ကောင်ကို ပစ်သတ်ပြီး ဆင်စွယ်ဖြတ်ကာ ရောင်းချခဲ့သလို၊ ဟိမဝန္တာဝက်ဝံနှင့် ကြောင်မျိုးနွယ်စုံတို့ ရှိပြီး တိရစ္ဆာန်စုံလင်လှသည့် အလောင်းတော်ကဿပ တောကြီးထဲ ကျူးကျော်ကာ တောကောင်ခိုးပစ်သူများကလည်း လက်နက်ကောင်းမျိုးစုံနှင့် ငွေကုန်ကြေးကျခံကာ လိုက်လံသတ်ဖြတ်နေကြသည်။

ဤသို့ဘက်ပေါင်းစုံမှ ယိုယွင်းပျက်စီးလာနေသော ဗမာပြည် သဘာဝပတ်ဝန်းကျင် အရေးကို ပြည်သူတွေက ရင်မအေးနိုင်ဘဲ တဖွဖွပြောဆိုနေကြသည်မှာ ပြောသင့်ပြောထိုက်သောကိစ္စ ဖြစ်ပါသည်။ မြန်မာပြည်တွင် အစိုးရမဟုတ်သော (NGO) အဖွဲ့ဖြစ်သည့် "သစ်တော၊ သယံဇာတ၊ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း"ကို စိတ်တူသဘောတူရှိသူများနှင့် တတ်သိပညာရှင်များ ပူးပေါင်းဖွဲ့စည်းလိုက်သည်ဟု ကြားသိရပါသည်။ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် ထိထိရောက်ရောက် ဆောင်ရွက်ဖို့ဆိုလျှင် ထိုက်သင့်သည့် ဒီမိုကရေစီ အခွင့်အရေးရှိဖို့လိုသည်ဆိုသောအချက်ကိုလည်း မေ့မထားသင့်ပါ။

ဗမာပြည် သဘာဝပတ်ဝန်းကျင် ပျက်စီးနေမှုများကို ကယ်တင်လိုသူများအနေဖြင့် ဆန့်ကျင်သင့်သည်ကိုဆန့်ကျင်၊ တိုက်ခိုက်သင့်သည်ကို တိုက်ခိုက်ရမည်ဖြစ်သကဲ့သို့ စည်းရုံးသင့်သူကိုလည်း စည်းရုံးရပါမည်။ ဘုံအကျိုးစီးပွားအတွက် ပြည်တွင်းမှ လုပ်ငန်းအတူ တွဲလုပ်နိုင်သူများအားစည်းရုံးရမည်ဖြစ်သလို၊ ပြည်ပနိုင်ငံများမှ (NGO) အဖွဲ့များ၊ ပြည်သူများနှင့်လည်း လက်တွဲထားကြဖို့ လိုပါသည်။

သို့သော် ဗမာပြည် သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးသူများ၏ ပူးပေါင်းလက်တွဲမှုတွင် နအဖ- အစိုးရသည်ကား မည်သည့်နည်းနှင့်မျှ စိတ်ရင်းစေတနာကောင်းဖြင့် ပါဝင်လာကြလိမ့်မည် မဟုတ်ပါ။ သူတို့သည် ဆန့်ကျင်ရမည့် 'ပစ်မှတ်'အနေအထားတွင် ရှိနေရုံမျှမက သူတို့ပါးစပ်ကဘာပြောပြော သူတို့သည် သူတို့ကိုယ်ကျိုးစီးပွားနှင့် စစ်အုပ်စုအကျိုးစီးပွားမှတပါး တခြားမည်သည့် အကျိုးစီးပွားကိုမျှ တကယ်တန်း မချစ်နိုင်ကြသောကြောင့် ဖြစ်ပါသည်။ ■

# ပါတီဗဟိုကျောင်းအဘိဓမ္မာပို့ချချက်

## ဟောပြောချက်(၃)

### မာ့က်စ်ဝါဒမတိုင်မီ ရုပ်ဝါဒဆိုင်ရာ သမိုင်းသဏ္ဍာန်များ

ခေတ်အမျိုးမျိုးရှိ ရုပ်ဝါဒဆိုင်ရာဒြဝါဒများသည်၊ အသိနှင့်ဘာဝ ဆက်ဆံမှုပြဿနာအား ရုပ်ဝါဒအရ ဖြေရှင်းခြင်းကို အစပြုချက်အဖြစ် ထားရှိသော်လည်း အဆုံးတွင် တခုနှင့်တခု ကြီးမားသော ကွဲလွဲမှု၊ ခြားနားချက်များ ရှိလေသည်။

သဘာဝ ဝိဇ္ဇာပညာ ၏သစ်လွင်သော ကြီးမြတ်သော ရှာဖွေတွေ့ရှိမှုတိုင်းနှင့် တပါတည်း ရုပ်ဝါဒသည် သစ်လွင်သော သဏ္ဍာန် ဆောင်လာလေသည်။ အကြောင်းမူကားရုပ်ဝါဒသည် ဝိဇ္ဇာပညာ လူမှုရေးလက်တွေ့၏ အချက်အလက်များနှင့် ဩဂါနစ်အရ ဆက်သွယ်နေသော ကြောင့် ဖြစ်သည်။

ခြားနားသောသမိုင်း ခေတ်ကာလများ၏ ရုပ်ဝါဒသမားတို့သည် ထိုခေတ် ထိုအခါရှိ ဖြစ်ပေါ်တိုးပွားမှုရေချိန်အရ ဝိဇ္ဇာပညာ ရှာဖွေတွေ့ရှိမှု၏ အခိုင်အမာ အခြေအနေအရ တိုးတက်သော လူတန်းစားအသီးသီး၏ အကျိုးကျေးဇူးကို ကိုယ်စားပြုရာတွင်လည်းကောင်း၊ ကမ္ဘာလောက၏ ယေဘုယျ ရုပ်ပုံကားကိုလည်းကောင်း၊ ကမ္ဘာလောက၏ တရားလက္ခဏာကို လည်းကောင်း၊ လူမှုရေးဘဝနှင့် သိမြင်ခြင်း ပြဿနာကိုလည်းကောင်း နားလည်ရာတွင် တဦးနှင့်တဦး မတူကြချေ။ မာ့က်စ်ဝါဒ၏ ရန်သူများသည် ရုပ်ဝါဒ၏ ပိုမိုမြင့်မားသော သဏ္ဍာန် ၊ မာ့က်စ်ဝါဒ၏ ရုပ်ဝါဒဆိုင်ရာ သဏ္ဍာန်ကို ရုပ်ပျက်ဆင်းပျက် ဖြစ်စေရန်– ထိုမှတဆင့် သမိုင်းခေတ်ကာလ တရပ်လုံး၌ ရုပ်ဝါဒအမြင်ဘက်တွင် ရရှိနေသော ကြီးမားသည့် တိုးတက်မှုများကို မေးမှိန်သွားစေရန်–လျစ်လျူ ရှုသွားစေရန်၊ ရုပ်ဝါဒဩဝါဒဆိုင်ရာ မှန်သမျှကို ရောနှောမွှေနှောက်ထားကြသည်။

ရဲဘော်စတာလင်သည် ဤရန်သူများ၏ အကြံယုတ်ကို ဖွင့်ချရာ၌ – ညွှန်ပြသည်မှာ ခြားနားသော ရုပ်ဝါဒဂိုဏ်းအမျိုးမျိုးအကြားတွင် အခြေခံအရ ခြားနားချက်များ တည်ရှိသည်။ ထို့ကြောင့် ရုပ်ဝါဒအသီးသီးတို့၏ ခြားနားသော သဏ္ဍာန်များအား၊ ထပ်တူထပ်မျှ အရာများ ဖြစ်သည်ဟု မှတ်ယူနေခြင်းများကို လုံးဝခွင့်မပြုနိုင်တဲ့ အရာဟု ညွှန်ပြခဲ့သည်။

### ရုပ်ဝါဒ၏ ပထမပိုင်း သမိုင်း ဆိုင်ရာသဏ္ဍာန်

ရှေးခေတ် ကျေးကျွန်လူ့အဖွဲ့အစည်းတွင် တရုတ်ပြည်၊ အိန္ဒိယပြည်၊ ဘေဘီလွန်ပြည်များတွင် ရုပ်ဝါဒဆိုင်ရာ အဘိဓမ္မာများ အစောဆုံး ပေါ်ပေါက်လာခဲ့သည်။

ရှေးဂရိတ်လူမျိုးတို့သည် ဤနိုင်ငံများရှိ အဘိဓမ္မာဆိုင်ရာ တွေးခေါ်မှု၏ အောင်မြင်မှုများကို အမှီပြုပြီး၊ ပဌမဦးဆုံး ရိုးလွန်းသော ရုပ်ဝါဒဆိုင်ရာ ကမ္ဘာ့အမြင်၏ အသွင်သဏ္ဍာန်ကို သတ်မှတ်ခဲ့သည်။

၎င်းတို့က ယူဆသည်မှာ–တည်ရှိနေသော အရာဟူသမျှသည် တစုံတခုသော မူလဓာတ်ကိုယ်၊ မူလပင်မရုပ်ဝတ္ထု၊ မူလဗီဇကိုယ်ထည်မှ ဖြစ်ထွန်းခဲ့သည်။ ဤမူလကိုယ်ထည်မှာ–ရေဖြစ်သည်ဟု သေးလ်ကယူဆ၍၊ လေဖြစ်သည်ဟု အန်းနက်ဆီမန်းဒါးက ညွှန်ပြကါ– အခြင်းအရာဟူသမျှမှာ–မီးမှဖြစ်လာပြီး၊ မီးအဖြစ်သို့ ပြန်ရောက်သွားသည်ဟု ဟီရာကရိတပ်စ်က ယူဆလေသည်။ ကမ္ဘာလောကရှိ အရည်အချင်းဟူသမျှ၏ ဖြောက်မြားလှသော လက္ခဏာသည် တစုံတခုသော ထိတွေ့(အာရုံခံစား)ခြင်းဖြင့် နားလည်သော အရာဝတ္ထုဖြစ်သည်ဟု နိဂုံးချုပ်သော လုပ်ပုံလုပ်နည်းများကို တခြားသော ရုပ်ဝါဒအဘိဓမ္မာ ဆရာအချို့က စွန့်ပယ်လိုက်ပြီး၊ ရုပ်ဝတ္ထုနှင့် ပတ်သက်သော စုပေါင်းထားသည့် အယူအဆကို အစွမ်းကုန်ထုတ်ဖေါ်တင်ပြရန် ကြိုးစားကြသည်။ ဥပမာ– အန်းနက်တီမန်းဒါးက တည်ရှိနေသော အရာဟူသမျှ၏ အခြေခံသည်–အပူနှင့် အအေးပါရှိသော ဆန့်ကျင်ဖက်များ၏ တစုံတခုသော "အတိအကျမရှိသည့် ရုပ်ဝတ္ထု" ဖြစ်၍–ဤဆန့်ကျင်ဖက်မျိုးသည် ၎င်း၏ နဂိုပါရှိသော မူသဘောဖြစ်လေသည်။

အနုမြူ ( ရုပ်ဝါဒ ) သဘောတရား ဂိုဏ်းသားများ၊ ( လီယူကိပ်ပို့စ်၊ ဒီမိုကရီးတပ်စ်၊ အီပီကျူလပ်စ် ) နှင့် ရောမလူမျိုး– (လူကရိတီဒစ် )တို့က ကမ္ဘာလောကကြီး တည်ရှိမှုသည် ထာဝရဖြစ်၍ မည်သည့်အခြေခံ (အယ်လီမင့်) ( မူလပင်မရုပ်ဝတ္ထု )မျှ မရှိပေ။ သူတို့သည် ရုပ်ဝတ္ထု၏ အယ်လီမင့်များ ဖွဲ့စည်းသည့် အစိတ်အပိုင်း၊ ဖွဲ့စည်းပုံနှင့် ပတ်သက်သော ပြဿနာများကို ရှာဖွေလေ့လာသည်။ သူတို့၏ ဩဝါဒအရ အရာခပ်သိမ်းတို့သည် မခွဲခွာနိုင်သော ထာဝရဖြစ်သော တခုနှင့်တခု ထပ်တူထပ်မျှလောက်ဖြစ်သော အနုမြူနှင့် လဟာများနှင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ခြားနားသော အနုမြူအမျိုးမျိုးတို့၏ ပူးပေါင်းခြင်းသည် ကိုယ်ထည်၏ ဖြောက်များလှသော သဏ္ဍာန်များအဖြစ် ပုံဖွဲ့လာသည်။ အနုမြူ သဘောတရားဆိုင်ရာ ဩဝါဒရာထားချက်မှာ–ရှေးရုပ်ဝါဒ၏ ထင်ပေါ်သော ဝိဇ္ဇာပညာ အောင်မြင်မှုဖြစ်၍ နတ်ဘုရားမဲ့ဝါဒ၏ လက္ခဏာများ ပါရှိလေသည်။

ကမ္ဘာလောကကြီး တည်ရှိမှုသည် ထာဝရဖြစ်သည်၊ အမြဲတည်တံ့နေသည်။ သဘာဝလောက၏ အခြင်းအရာများသည် အမြဲပေါ်ပေါက်လာ၍ ပြောင်းလဲနေသည်ဟူသည့် ဩဝါဒဖြင့် သဘာဝလောက၏ တည်ရှိမှုကို ဒဏ္ဍာရီသဖွယ်၊ ဖန်ဆင်းထားခြင်းသာဖြစ်သည်ဟူသော ဘာသာရေးအမြင်ကို အစားဝင်ထိုးခြင်းသည် ရှေးဂရိတ်ရုပ်ဝါဒ၏ သမိုင်းဝင်အောင်မြင်မှု ဖြစ်သည်။ အန်းနက်ဆီးမန်းဒါးက ပြောဆိုခဲ့သည်မှာ နေဗိမာန်၊လဗိမာန်နှင့် တခြားမီး

တောက်နေသော လေများသည် ကမ္ဘာလုံးမှ ပေါ်ပေါက်လာ၍၊ ကမ္ဘာလုံးမှ အပေါ်သို့ တက်သွားသော ရေခိုးရေငွေ့များသည် ပြန့်ကြဲသွား၍ မီးဖြစ်သွားသည်။ အပေါ်သို့ တက်နေသော မီးမှတဆင့် ဂြိုဟ်နက္ခတ်များ ဖြစ်နေသည်ဟု သိမြင်ခြင်းတို့သည် ရိုးရိုးဖြစ်စေကာမူ နောင်သိမြင်မှုဆိုင်ရာ အတွက် အလားအလာရှိသည့်အမြင် ဖြစ်လေသည်။

လီယူကိပို့စ်က တဆစ်ချ ပြောဆိုလိုက်သည်မှာ အရာဝတ္ထုတိုင်း၏ ပေါ်ပေါက်ခြင်းသည် အကြောင်းရင်းများ မရှိသည် မဟုတ်၊ အရာခပ်သိမ်းတို့၏ ပေါ်ပေါက်ခြင်းသည် အကျိုးအကြောင်းနှင့် လိုအပ်မှုများ ပါရှိသည်ဟု ပြောခဲ့သည်။

သေးလ်၏ပြောဆိုချက်ကား ရုပ်ဝတ္ထုတခုလုံးသည် အသက်ရှိ၍ ဤအဓိပ္ပာယ် မျိုးအရ သံလိုက်တွင်လည်း နာမ်ရှိကြောင်း သူကယူဆလေသည်။

ဟီရာကလိတပ်စ်ကမူ နာမ်သည် မီးဖြစ်သည်၊ ၎င်းမီးသည် အကောင်းဆုံးဖြစ်ပြီး အခြောက်သွေ့ဆုံးလည်းဖြစ်၍၊ စွတ်စိုခြင်းနှင့် အတူတကွ မတည်ရှိနိုင်ဟု ပြောဆိုခဲ့သည်။

ဒီမိုကရီးတပ်စ်ကလည်း စိတ်ကိုပုံသဏ္ဌာန် အပြည့်စုံဆုံးသော အနုမြူများဖြင့် ဖွဲ့စည်းထားသည်ဟုဆိုသည်။ ဤကားရိုးလွန်းသောသဏ္ဌာန်ဖြင့် သက်သေထူလိုက်သည်မှာ ပြင်ပကမ္ဘာလောက၏ အရာများ၏ ပုံသဏ္ဌာန်နှင့် (ကော်ပီရိုက်ကူးထားသည့် ရုပ်ပုံကား ) ကို ပြင်ပကမ္ဘာလောကနှင့် ခွဲခြားထားရမည်ဟု ပြောလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ထိုအရာများနှင့် အလွန်ဝေးလံစွာ ကွာခြားနေ၍လည်းကောင်း၊ ၎င်းအရာဝတ္ထုနှင့် တိုက်ရိုက်မတွေ့ရသော်လည်း ထိုပုံသဏ္ဌာန်နှင့် ကော်ပီသည် ငါတို့အာရုံအင်္ဂါ (မျက်စေ့ ) နှင့် ထိတွေ့ပြီး ပသာဒအာရုံကို ဖြစ်စေသည်။

ဟီရာကလိတပ်စ်က ပြောဆိုသည်မှာ အကယ်၍တည်ရှိနေသော အရာဟူသမျှသည် မီးခိုးအဖြစ် အသွင်ပြောင်းသွားလျှင်– နှာခေါင်းသည် သိမြင်ခြင်း၏အင်္ဂါ ဖြစ်သွားပေလိမ့်မည်ဟု ဆို၏။

ဟီရာကလိတပ်စ်က ယူဆသည်မှာ "အရာခပ်သိမ်းတို့သည် တိုက်ပွဲမှတဆင့် ပေါ်ပေါက်လာ၍ မရှောင်မလွှဲသာပေ " မြေကြီးသေ၍ မီးရှင်သည်၊ မီးသေ၍ လေရှင်သည်၊ လေသေ၍ရေရှင်သည်၊ ရေသေ၍မြေကြီးရှင်သည်။ ဥပမာ– ရေသည် ရေခိုးရေငွေ့ဖြစ်၍ လေအဖြစ်သို့ အသွင်ပြောင်းသွားသည်။ အအေးသည် အပူဖြစ်လာ၍ – အပူသည် အအေးဖြစ်လာသည်။ အစိုသည် အခြောက်ဖြစ်လာ၍ အခြောက်သည်အစို ဖြစ်လာသည်။

သူတို့သည် ကမ္ဘာလောကကြီးအားသိနိုင်ကြောင်းကို မူအရ အသိအမှတ်ပြုခြင်းနှင့်၊ သိမြင်ခြင်းနှင့် သိမြင်ခြင်း ပြဿနာအပေါ်တွင် – သံသယဝါဒကို ဆန့်ကျင်ခြင်း၊ ဤသည်တို့ကား ရုပ်ဝါဒ ဂိုဏ်းများ၏ အဓိက လက္ခဏာ ဖြစ်သည်။

သူတို့သည်လှုပ်ရှားမှု၊ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးပွားမှုတို့၏ တလောကလုံးဆိုင်ရာ လက္ခဏာနှင့် အရေးပါအရာရောက်ပုံကို အသိအမှတ်ပြုသော်လည်း တချိန်တည်း၌ ဤဖြစ်စဉ်များကို၊ အခြင်းအရာများ၏ ထာဝရဖြစ်သော စက်ဝိုင်းကဲ့သို့ လည်ပတ်ခြင်းအဖြစ်သို့ နိဂုံးချုပ်ပြီး၊ သစ်လွင်သော ယခင်က မတည်ရှိခဲ့သော အရာဝတ္ထုတို့၏ ပြောင်းလဲလာမှု ဖြစ်စဉ်ကို ဝိဇ္ဇာနည်းကျကျ မဖေါ်ထုတ်နိုင်ကြချေ။

ရုပ်ဝါဒ၏ ဤပထမသမိုင်း ဖြစ်စဉ်သဏ္ဌာန်၏ ကန့်သတ်မှု အတွင်းမှာသာ ရှိနေခဲ့ကြသည်။ ရှေးခေတ် ရုပ်ဝါဒသည် ကမ္ဘာလောကကြီးကို ရုပ်ဝါဒအရ ရှင်းပြပြီး လူမှုရေးဘဝကို ရုပ်ဝါဒအရ နားလည်သည့် ပြဿနာများကို မထုတ်ဖေါ်ခဲ့ကြချေ။

ရှေးဂရိတ် ရုပ်ဝါဒသည် ကျေးကျွန်စနစ်အတွင်း ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ပဒေသရာဇ်စနစ်အတွင်း၌ (၁၈) ရာစုနှစ်များနှင့် (၁၉) ရာစုနှစ် အထိ ဓနရှင်လူတန်းစား၏ ရုပ်ဝါဒ အခြေအနေဖြင့် ကမ္ဘာ၌ ထွက်ပေါ်လာခဲ့သည်။

### ရုပ်ဝါဒ၏ဒုတိယပိုင်း သမိုင်းဆိုင်ရာ သဏ္ဌာန်

ရုပ်ဝါဒ၏ ဒုတိယပိုင်း သမိုင်းဆိုင်ရာသဏ္ဌာန်သည် ထိုခေတ်ကာလရှိ ထုတ်လုပ်ရေးအင်အားစု၏ ဖြစ်ပေါ်တိုးပွားမှုအတွက် တတ်အားသမျှ ကြိုးစားအားထုတ်နေသော ဓနရှင်လူတန်းစား၏ ကမ္ဘာ့အမြင်ဖြစ်သည်။ နေဗိမာန်ကို ဗဟိုအဖြစ်ထားသော ဩဝါဒနှင့် ဂြိုဟ်များ၏ လှုပ်ရှားသောတရားနှင့် ရုပ်ဝတ္ထုအစရှိသည့် စက်ကိရိယာများ လှုပ်ရှားသည့် ယေဘုယျတရားကိုတွေ့ရှိခြင်းများ၊ အားသဘော ပညာများလည်း ဖြစ်ပေါ်တိုးပွားလာသည်။ အက္ခရာသင်္ချာ၊ ဂဲဩမေတြီ၊ လော်ဂရစ်သမ်၊ ဂဏန်းသင်္ချာ အတိုကောက်တွက်နည်း၊ ကိန်းခွဲကိန်းပြည့်တို့ကို ရှာဖွေတွေ့ရှိခြင်း၊ စသည်တို့သည် သင်္ချာပညာရပ်ရှိ ကြီးမားသော တိုးတက်မှုများကို မှတ်တိုင်ထူခဲ့သည်။ ဝိဇ္ဇာပညာသည် ကြီးမားသော အောင်မြင်မှုများကို ဖန်တီးပြုစုလိုက်၍ -- လူတို့သည် တနေ့တခြား သစ်လွင်ခြားနားနေသည့် ဓမ္မတာအလျောက် ဖြစ်လာနေသော၊ သဘာဝအင်အားကို ချုပ်ကိုင်မိပြီး၊ ရုပ်အခြင်းအရာ၏ မြောက်မြားလှသော အင်္ဂါရပ်များကို ရှင်းပြမည့်၊ ကြွယ်ဝသော လက်တွေ့အချက်အလက်များကို စုဆောင်းသိုမှီးခဲ့သည်။ သစ်လွင်သော ကမ္ဘာ့တိုက်ကြီးများနှင့် နာမည်ကျော် ရှခင်းများ၊ ရှေးဟောင်းပစ္စည်းများကို ရှာဖွေတွေ့ရှိခြင်းတို့မှာ လူများ၏ အသိအမြင်ကို ကြီးမားစွာ တိုးချဲ့ပစ်လိုက်သည်။

အင်္ဂလိပ်ရုပ်ဝါဒ၏ ဘိုးအေဖရန်စစ်ဘေကွန်က - အသိပညာသည် ခိုင်မြဲသော အခြေခံပေါ်ရှိ လူများ၏ အစွမ်းတန်ခိုးကို တည်ဆောက်နိုင်၍– လူများက သဘာဝကို စီမံခန့်ခွဲမည့် အာဏာကို ဖွင့်လှစ်ထုတ်ဖေါ်နိုင်သော အင်အားနှင့် နည်းနာများဖြစ်သည်ဟု ပြောလိုက်ပေသည်။

၁၈ ရာစုနှစ်ရှိ ပြင်သစ် ရုပ်ဝါဒသမား ပေါလ်ဟင်နရီ ဟိုရ်ဘာ့ချ်က "ယေဘုယျအားဖြင့် ရုပ်ဝတ္ထု သည် ငါတို့၏ အာရုံအင်္ဂါများကို အနည်းနည်းအဖုံဖုံ အကျိုးသက်ရောက်နေသော အရာအားလုံးဖြစ်သည်"ဟု ဆိုသည်။ သို့ရာတွင် ဓနရှင်လူတန်းစား၏ ရုပ်ဝါဒဆိုင်ရာ အဘိဓမ္မာ၏ ကိုယ်စားလည်များသည်၊ ဖေါ်ပြချက်သဏ္ဌာန်အရ ကြည့်ရှုလျှင် ရုပ်ပိုင်းဆိုင်ရာ အဘိဓမ္မာ အယူအဆကို၊ ထုတ်ဖေါ်တင်ပြကြသော်လည်း သူတို့သည်ရုပ်ဝတ္ထုကို တက္ကဗေဒနည်းအရ နားလည်ကြသည်။ တက္ကဗေဒဝါဒသမားများသည် စစ်မှန်သော အကန့်အသတ်မရှိဘဲ ဖြစ်ပွားနေသော

အရည်အချင်းအရ ပြောင်းလဲနေသော ရုပ်ဝတ္ထုကို အစားထိုးရန် · စက်ယန္တရားဆန်သောရုပ်ဝတ္ထုကို ရှာဖွေနေကြသည်။ ထိုခေတ်ကာလရှိ သဘာဝဝိဇ္ဇာပညာများနှင့် အတူ ရည်ရွယ်ချက်ရှိရှိနှင့် အရည်အချင်း၏ ခြားနားမှုကို တူညီသော အသေးငယ်ဆုံးဖြစ်သည့် အစိတ်အပိုင်းများအား အရေအတွက်သက်သက်ဖြစ်သော ခြားနားမှု ဖြစ်အောင် ကြံရွယ်ကြသည်။ သူတို့က ရုပ်ဝတ္ထုသည် မည်သည့်သဘာဝထက် လွန်ကဲသော အင်အားမျှ မလိုအပ်ကြောင်းကို သက်သေပြပြီး၊ လှုပ်ရှားမှုသည် ရုပ်ဝတ္ထု၏ မရှိမဖြစ်သော အင်္ဂါရပ်ဖြစ်ကြောင်း သက်သေပြခဲ့သည်၊ သို့ရာတွင် လှုပ်ရှားမှုကို ပြောင်းလဲမှုအဖြစ် နားမလည်သေးဘဲ၊ ကိုယ်ထည်များက ကွက်လပ်များတွင်၊ နေရာအလိုက်ရွေ့လျားနေခြင်း အဖြစ်သို့ နိဂုံးချုပ်ကြသည်။ ဆိုလိုသည်ကား စက်ယန္တရားလှုပ်ရှားမှုမျိုး အဖြစ်သို့သာ နိဂုံးချုပ်ကြသည်၊ ပြင်သစ်ပြည် ရုပ်ဝါဒသမားလာမတ်က ဤရုပ်ဝါဒဆိုင်ရာ ဩဝါဒ၏ အဓိကနိဂုံးကို လူသားများ၏ ကိုယ်ပေါ်၌ ကျင့်သုံးရာတွင် ရေးသားသည်မှာ လူသည် စက်ကိရိယာ ဖြစ်သည်ဟု ဆိုသည်။

၁၈ ရာစုနှစ်တွင် ပေါ်ပေါက်ခဲ့သော ရုပ်ဝါဒသမားများသည်၊ အဘိဓမ္မာ၏ အခြေခံပြဿနာများအား ဖြေရှင်းနည်းကို၊ ရုပ်နှင့်စိတ်ဝါဒအရ ခွဲခြားပြသည်။ ပြင်သစ်ရုပ်ဝါဒသမား ဒီဒရော့သည် တက္ကဗေဒနှင့် ၁၈ –ရာစုနှစ် နတ်ဘုရားမဲ့ သဘောတရားဝါဒကို၊ ရုပ်ဝါဒအရ သက်သေထူပြရာတွင် အောင်မြင်ခဲ့သည်။ သူက သက်သေပြသည်မှာ– ဘာသာရေး၏ ရေသောက်မြစ်ကား တဖက်က ဉာဏ်မရှိ ထုံထိုင်းခြင်းနှင့်၊ လူများမသိသေးသော အရာများကို ကြောက်လန့်နေခြင်း ဖြစ်၍ – အခြားတဖက်တွင် ကလိမ်ချုံများနှင့်၊ ပဒေသရာဇ်မင်းဆိုး အမျိုးမျိုးတို့၏ တကိုယ်ကောင်းကြံခြင်း ဖြစ်သည်။ ပြင်သစ်ရုပ်ဝါဒသမားများက ယူဆသည်မှာ – လူလူချင်းဖိနှိပ်သည့် ရေသောက်မြစ်မှာ တစုံတခုသောရုပ်ဝတ္ထုဆိုင်ရာ ဆက်ဆံမှုအပေါ် မတည်ဘဲလျက်၊ ဘာသာရေးနှင့် ယေဘုယျအားဖြင့် မှောက်မှားသော အသိတည်ရှိမှု အပေါ်၌ တည်လေသည်။ (ဘာသာရေးအပေါ် စိတ်ဝါဒအမြင် ဖြစ်သည်။)

ဓနရှင်ရုပ်ဝါဒသည် မုချမလွဲပင် မပြည့်စုံသော လက္ခဏာပါရှိ၍ ၎င်းမှာ သဘာဝလောကကို နားလည်သည့်ဘက်တွင် ရုပ်ဝါဒဖြစ်ပြီး (ဤဘက်တွင်လည်းအစဉ်အမြဲ ပြည့်ပြည့်စုံစုံ နားလည်သည်မဟုတ် ) လူမှုရေးဘဝကို နားလည်သည့် ဘက်တွင်မူ စိတ်ဝါဒအရ ဖြစ်သည်။ အာရုံခံစားခြင်းဖြင့် သိရှိနိုင်သော အတွေ့အကြုံအရ အစဉ်သဖြင့် သေချာစွာ သတ်မှတ်နိုင်သည့်အရာမှ လွဲ၍ လူမှုရေးဘဝတွင် မည်သည့်တခြားအင်အားနှင့် အချင်းအရာကိုမျှ သူတို့က အသိအမှတ်မပြုချေ။

လူများသည် အခြားအရာများနည်းတူ သဘာဝလောက၏ အစိတ်အပိုင်း ဖြစ်သည်။ ဖြူးဝါးဘက်က "ကျွန်ုပ်သည် သဘာဝလောကတွင် မှီခိုနေခြင်းဖြင့် ရှက်စရာကောင်းသည်ဟု မထင်မှတ်ပေ။" လူ့အဖွဲ့အစည်း၌ မညီမျှခြင်းများကို သဘာဝကျသည်ဟု ရှင်းလင်းဖော်ပြ၍ –တကယ်စင်စစ်မှာ– လူများ၏ သဘာဝပင်ကိုယ်လက္ခဏာနှင့် ယေဘုယျ သဘာဝလောကသည်၊ ပြောင်းလဲမှု မရှိဟူ၍ မှတ်ယူကြသည်။

ဓနရှင်ရုပ်ဝါဒသည် ဓနရှင်လူတန်းစား၏ တော်လှန်ရေးလက္ခဏာ ပါရှိသည်။ တိုတောင်းသော ခေတ်ကာလတွင် ဓနရှင်လူတန်းစား၏ တွေးခေါ်မှုဆိုင်ရာ လက်နက်ကိရိယာ ဖြစ်လေသည်။ သို့သော် ၎င်းသည် ဘာသာရေးနှင့် ပဒေသရာဇ်၏ ဆိုးဝါးသော နိုင်ငံရေးအစရှိသည်တို့ကို အဘက်ဘက်မှ ထိုးစစ်ဆင်သောအခါ၌ –တိုက်ရိုက်သိခြင်း၊ ကမ္ဘာ့အမြင် ဖြစ်လေသည်။

လူများသည် သဘာဝကို ပြုပြင်ပြောင်းလဲသော သို့မဟုတ် သဘာဝကို ပြောင်းလဲပစ်သော အင်အားစု မဟုတ်ကြောင်း၊ လူများသည် သဘာဝလောကမှ၊ ပေါ်ထွက်လာသောအရာဖြစ်ကြောင်း၊ ဤရုပ်ဝါဒမျိုးက ယူဆလေသည်။

ဤအရာနှင့် ဆီလျော်စွာပင် –၎င်းတို့က သိခြင်းနှင့် လူများ၏ လက်တွေ့ဘဝ သဘာဝလောက၏ ပြောင်းလဲမှုတို့၏၊ ဆက်သွယ်နေမှုကို မသိကြချေ။

## ရုပ်ဝါဒ၏ တတိယပိုင်း သမိုင်းဆိုင်ရာသဏ္ဍာန်

မာ့က်စ်ဝါဒ မတိုင်မီ ရုပ်ဝါဒ၏ တတိယပိုင်း သမိုင်းဆိုင်ရာသဏ္ဍာန်မှာ– ရုရှားပြည် တော်လှန်သော ဒီမိုကရေစီ အင်အားစု၏ အဘိဓမ္မာ ဖြစ်သည်။ ၁၉ –ရာစုနှစ်များတွင်၊ ရုရှားစာရေးဆရာများသည်၊ လယ်ကျွန်စနစ်နှင့် သက်ဦးဆံပိုင်စနစ်ကို ဆန့်ကျင်သော၊ သွေးစုပ်ခံလယ်သမားထု၏ အတွေးအခေါ်ရှင်များဖြစ်ကြသည်။ သဘောတရားရေးရာ ပြဿနာ၏ အရေးပါ အရာရောက်မှုသည် ၎င်းနှင့် တကယ့် အဖြစ်မှန်၏ ဆက်ဆံမှုအရ ပြောင်းလဲနေသည်။

ဟီဂဲလ်၏ "တည်ရှိနေသော အရာရာတိုင်းအပေါ် ထားရှိသည့် ကြင်နာမှုနှင့် စိတ်ရှည်သော သဘောထား" ကိုဝေဖန်ပြီး ဟီဂဲလ်သည် "လက်ရှိအခြေအနေနှင့် လက်ရှိလူမှုရေးအဆောက်အအုံ၏ ကျေးကျွန်ဖြစ်ကြောင်း" ချယ်ရ်နီရှက်ဖ်စကီက ရေးသားခဲ့သည်။

အဘိဓမ္မာနှင့် အသိပညာ၏ နောက်ဆုံးရည်ရွယ်ချက်မှာ "ယေဘုယျအားဖြင့် ဝတ်မွတ်ခြင်းနှင့် အအေးဒဏ်ကို ခံရသူများ၏ ပြဿနာကို ဖြေရှင်းရန် ဖြစ်သည်။ ဤပြဿနာမှလွဲ၍၊ တခြားဂရုစိုက်ခြင်း၊ စဉ်းစားခြင်းနှင့် အားထုတ်ခြင်း မပြုထိုက်ချေ" ဤအတိုင်း ချယ်ရ်နီရှက်ဖ်စကီ၏ အမွေဆက်ခံသူများက ပြောဆိုကြသည်။

ဖြူးဝါးဘက်သည်၊ ၁၉ –ရာစု အနှစ် ၃၀ ပိုင်းကာလ အဆုံးနှင့် အနှစ် ၄၀ ပိုင်းအစတွင်၊ ဂျာမန်စိတ်ဝါဒကို၊ စပြီးဝေဖန်ခဲ့သည်မှာ တက္ကဗေဒနည်း၏ ရုပ်ဝါဒ ရပ်တည်မှုမှနေ၍ ဖြစ်ခဲ့သည်။ ဘယ်လင်စကီ၊ ဟာဇင်း ချယ်ရ်နီရှက်ဖ်စကီ တို့နှင့် ဒိုဗရိုလူဗော့ အစရှိသူတို့သည်၊ ရုပ်ဝါဒသမား ဖြစ်ရုံသာမက အနုပဋိလောမသမားများလည်း ဖြစ်ကြ၍၊ ကန့်၊ ဖိချ်ကီချယ်လ်လင်းနှင့် ဟီဂဲလ် အပေါ် ဝေဖန်ချက်မှာ၊ ဖြူးဝါးဘက်နှင့် မူအရ ခြားနားလေသည်။ ဖြူးဝါးဘက်သည်၊ ဟီဂဲလ်၏ စိတ်ဝါဒဆိုင်ရာ အနုပဋိလောမနည်းထဲတွင်ရှိ ကျိုးကြောင်းဆီလျော်သော၊ အတွင်းသားအဆံကို၊ မတွေ့ရှိခဲ့။ ရုရှားအဘိဓမ္မာဆရာများသည်၊ ဤအတွင်းသားအဆံကို၊ တိကျစွာ တန်ဖိုးဖြတ်ပြီး၊ ၎င်းကိုဝေဖန် ပိုင်းခြားမှုရှိစွာ လက်ခံလိုက်ကာ ၊ ရုပ်ဝါဒ၏ ရပ်တည်မှုမှ အနုပဋိလောမနည်းကို လေ့လာခဲ့ကြသည်။

"အသိသည်၊ သဘာဝလောကနှင့် လုံးဝ မသက်ဆိုင်ကြောင်း အလျှင်းမဆိုနိုင်။ ၎င်းသည် သဘာဝလောကက ဖြစ်ပေါ်တိုးပွား မှု၏ မြင့်မားသောအဆင့် ဖြစ်သည် " ဟု ဟာဇင်းက ဆိုသည်။

"လက်ရှိ အမှန်တရားသည်၊ ဆန့်ကျင်ဘက်များ၏ ညီညွတ်မှုအပေါ်၌ တည်သည် "ဟု ဘယ်လင်စကီးက ဆိုသည်။

အမှန်တရားသည်၊ ထာဝစဉ် မပြောင်းသော အရာတမျိုးဖြစ်သည်ဟု၊ နားလည်နေသော တက္ကဗေဒ အယူအဆကို၊ ချေပရန် ဟာဇင်းက –သိခြင်းဖြစ်စဉ်အတွင်းရှိ အမှန်တရား၏ ထာဝရလှုပ်ရှားမှုကို၊ ညွှန်ပြလိုက်သည်။ ဤသို့သော သိခြင်းဖြစ်စဉ်၌ "မူသဘောဟူသမျှတို့သည်၊ အဆင့်ပိုမို မြင့်မားသော မူသဘော အကျိုး၌၊ ဖယ်ရှားခြင်းခံရလိမ့်မည်။ ဤမူသဘောများကို ဆက်ခံခြင်း၌လည်းကောင်း၊ တိုက်ခိုက်ခြင်းနှင့် ဖျက်သိမ်းခြင်း၌ လည်းကောင်း၊ သာ၍ စွမ်းအားပြည့်ဝ (အသက်တလူလူရှိ ) သော အမှန်တရားသည်၊ မိမိအတွက်၊ လမ်းကြောင်းများ ဖေါက်လုပ်နိုင်လိမ့်မည် " ဟု ဟာဇင်း၏ ဆောင်းပါးများတွင် ဖေါ်ပြထားသည်။

ရုရှားတော်လှန်သော ဒီမိုကရေစီ ရုပ်ဝါဒဆိုင်ရာ အဘိဓမ္မာ၏ အခြေခံနှင့်၊ အရည်အချင်းအရ ထူးခြားချက်မှာ၊ လယ်ကျွန်စနစ်ကို ရန်မူသည်သာမက၊ (မြေရှင်ရုပ်ဝါဒသမားတို့ကိုလည်း ဤအတိုင်းပင် )၊ မြေရှင်စနစ်ကိုလည်း ရန်မူပေသည်။ ယင်းသို့ဖြင့် ၎င်းမြေရှင်ဂိုဏ်းတို့၏၊ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒများ၊ ပေါ်ပေါက်လာသည်။ အနောက်ဥရောပတိုက်ဝါဒ နှင့်ခြားနားကာ၊ ဆိုရှယ်လစ်ဝါဒလမ်းကြောင်းတွင်၊ ငြိမ်းချမ်းစွာဖြင့် ပြုပြင်ရေးဝါဒနည်းဖြင့်၊ ချီတက်သွားရန်၊ ငြင်းပယ်ကြ၍၊ သွေးစုပ် ချယ်လှယ်မှုကို၊ တော်လှန်သောနည်းလမ်းဖြင့်၊ သုတ်သင်ဖယ်ရှားခြင်းနည်းကို အသိအမှတ် ပြုကြသည်။ သို့ရာတွင် ပစ္စည်းမဲ့လူတန်းစား၏ အခန်းကို မသိမြင်ကြချေ။ ပစ္စည်းမဲ့လူတန်းစားကို၊ လုပ်သားလူထုနှင့် လည်းကောင်း၊ ဆင်းရဲသားနှင့် လည်းကောင်း၊ မခွဲခြားဘဲ၊ ဦးစွာ ပထမ လယ်သမားများ၏၊ တော်လှန်သော ဆိုရှယ်လစ်ဝါဒနည်းကျသော ဦးဆောင်မှုကို၊ မျှော်ကိုးနေကြပေသည်။

### မာ့က်စ်ဝါဒ၏ အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒသည် ရုပ်ဝါဒ၏ အမြင့်ဆုံး သဏ္ဍာန် ဖြစ်သည်

မာ့က်စ်ဝါဒ၏ အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒသည်၊ ယခင်ကတည်ရှိခဲ့သော ရုပ်ဝါဒ ဆိုင်ရာ ဩဝါဒဟူသမျှတို့နှင့်၊ အရည်အချင်းအရ ခြားနားလေသည်။ မာ့က်စ်ဝါဒ အဘိဓမ္မာသည်၊ ယခင်တည်ရှိခဲ့သော ရုပ်ဝါဒ ၏၊ တိုးတက်သော အစဉ်အလာများကို တော်လှန်သောနည်း၊ ဝေဖန်သောနည်းတို့ဖြင့် လက်ခံလိုက်၍၊ မူအရသစ်လွင်သော၊ အမြင့်မားဆုံးဖြစ်သော အဘိဓမ္မာဆိုင်ရာ တွေးခေါ်မှု ဖြစ်ပေါ်တိုးပွားသည့်အဆင့် ဖြစ်သည်။ ဤဝါဒသည် ကမ္ဘာလောကကြီးကို၊ ရုပ်ဝါဒအရ နားလည်သည့် အမြင့်ဆုံး သဏ္ဍာန်ဖြစ်၍၊ ၎င်းက ကမ္ဘာလောကသည်၊ ၎င်း၏ ရုပ်လက္ခဏာအရ တညီတညွတ်တည်း တည်ရှိမှုကို သက်သေထူပြခဲ့သည်။ အသိနှင့်ရုပ်ဝတ္ထုတို့၏ ဆက်ဆံမှုကို၊ ဝိဇ္ဇာနည်းကျ ရှင်းပြပြီး သဘာဝလောကနှင့် လူ့အဖွဲ့အစည်းကို၊ သိနိုင်မှုနှင့် ပတ်သက်သော ဝိဇ္ဇာပညာနှင့် လက်တွေ့ကျင့်သုံးမှုဖြင့်၊ လက်နက်တပ်ဆင်ပေးခဲ့သည်။

### အနုပဋိလောမနည်းနာနှင့် ရုပ်ဝါဒ သဘောတရား၏ ညီညွတ်မှု

မာ့က်စ်ဝါဒအဘိဓမ္မာဆိုင်ရာရုပ်ဝါဒ သည်၊ အခြင်းအရာများ၏ အပြန်အလှန် မှီခိုအားထားမှုနှင့် ဖြစ်ပေါ်တိုးပွားမှုဆိုင်ရာ ရုပ်ပိုင်းအခြေခံကို ဖွင့်ပြလိုက်၍ ရုပ်ဝတ္ထု ဆိုင်ရာ တည်ရှိမှုသဏ္ဍာန်နှင့် သိခြင်းအတွက် အခြေခံသော့ချက်ကို၊ ရှင်းပြလိုက်သည်။

အနုပဋိလောမနည်း၏ တရားအရ၊ အကောင်အထည်ဖြစ်ပေါ်နေသော လှုပ်ရှားမှု၊ ပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးပွားမှုသည် ရုပ်ကမ္ဘာလောက ကိုယ်တိုင်၏ လှုပ်ရှားမှု၊ ပြောင်းလဲမှုနှင့် ဖြစ်ပေါ်တိုးပွားမှုပင် ဖြစ်သည်။

မာ့က်စ်ဝါဒ အနုပဋိလောမနည်း၏ အခြေခံ ထူးခြားချက်က၊ ရုပ်ဝတ္ထုကိုယ်တိုင်၏ ဖြစ်ပေါ်တိုးပွားမှု အဓိပ္ပာယ်ကို၊ ဖေါ်ပြလိုက် သည်။ ထိုရုပ်ဝတ္ထုသည် အတွင်းပိုင်း ဆက်သွယ်မှုရှိသော၊ တညီတည်းဖြစ်သော၊ ကိန်းပြည့်တခုလုံး အနေဖြင့် တည်ရှိ၍၊ အဆက်မပြတ် လှုပ်ရှားနေသည့် အခြေအနေမျိုးတွင် တည်ရှိလေသည်။ ရုပ်ဝတ္ထုသည် အရည်အချင်းအရ မြောက်မြားလှသောသဏ္ဍာန် များရှိသောကြောင့် ရုပ်ကမ္ဘာလောကတွင် ဖြစ်ပေါ်လာသော၊ မထင်ရှားသော အရေအတွက် ပြောင်းလဲမှုသည်၊ အခြေခံဖြစ်သော အရည်အချင်း ပြောင်းလဲမှုသို့ ရွေ့ရှသွားလိမ့်မည်။ ရုပ်ဝတ္ထု ကိုယ်တိုင်တွင် ပါရှိနေသော ဖြစ်ပေါ်တိုးပွားရာ ရေသောက်မြစ်ကို ဖွင့်ပြသည့် ဆန့်ကျင်ဘက် များ၏ ညီညွတ်မှုနှင့် တိုက်ပွဲတရားမှာ ရုပ်ဝတ္ထု ကိုယ်တိုင်၌ နဂိုပါဖြစ်လေသည်။ ၎င်းသည် အရာဝတ္ထု ဖြစ်စဉ်ဟူသမျှ၏ ဖြစ်ပေါ် တိုးပွားမှုဆိုင်ရာ စစ်မှန်သော အတွင်း သဘော ဖြစ်သည်။

### သဘာဝအပေါ် ရုပ်ဝါဒအမြင်နှင့် လူမှုရေးအပေါ် ရုပ်ဝါဒ အမြင် တို့၏ ညီညွတ်မှု

မာ့က်စ်ဝါဒက ဖန်တီးပြုစုလိုက်သော ရုပ်ဝါဒ၏ အမြင့်ဆုံးသဏ္ဍာန်က၊ စိတ်ဝါဒကို ၎င်း၏ နောက်ဆုံးခိုကိုးရာအရပ် (ဝါ ) လူမှုရေးပညာရပ်မှ မောင်းထုတ်လိုက်သည်။

မာ့က်စ်ဝါဒ၏ အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒသည်၊ သဘာဝအပေါ် ရုပ်ဝါဒ အမြင်နှင့် လူမှုရေးအပေါ် ရုပ်ဝါဒအမြင်တို့၏ နီးကပ်သော၊ မခွဲခွာနိုင်သော ညီညွတ်မှုကို ဖော်ပြသည်။ ၎င်းသည်သဘာဝ အပေါ်တွင် ကန့်သတ်မထားဘဲ၊ လူမှုရေးဘဝအပေါ် ရုပ်ဝါဒအရ နားလည်ခြင်းကို အခြေပြုခြင်း ဖြင့်လည်း ထိုပြဿနာကို ဖြေရှင်းလေသည်။

မာ့က်စ်ဝါဒက ငါတို့အား သင်ကြားလိုက်သည်မှာ –

လူတို့၏ လူမှုရေးအသိသည်၊ လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုအတွက် အလွန်တရာ လိုအပ်၍ ၎င်းသာ မရှိလျှင်၊ လူမှုရေးဘဝ လုံးလုံးရှိနိုင်လိမ့်မည် မဟုတ်ချေ။ လူမှုရေးအသိသည် လူမှုရေးဘဝ၏ ရောင်ပြန်ဟပ်မှု ဖြစ်သည်ဟု ယူဆခြင်းမှာ အနုပဋိလောမ ရုပ်ဝါဒနှင့် တက္ကဗေဒရုပ်ဝါဒ ၏ အခြေခံ ခြားနားချက်ဖြစ်သည်။ မာ့က်စ်ဝါဒ ဆိုင်ရာရုပ်ဝါဒက ညွှန်ပြသည်မှာ – အဖိနှိပ်ခံနှင့် သွေးစုပ်ခံလူထုများ၏ ဘာသာရေး အသိသည် သွေးစုပ်သူများက သူတို့ကို

ကျွန်ဘဝ သွတ်သွင်း၍ ဖိနှိပ်နေသည့် ပြစ်မှုကို၊ ပြောင်းပြန်လှန်သော သဏ္ဌာန်ဖြင့် ရောင်ပြန် ဟပ်လေသည်။ အတိုက်အခံရှိသော လူ့အဖွဲ့အစည်းတွင်၊ စီးပွားရေးအရ ၊ နိုင်ငံရေးနှင့် စိတ်ဓါတ်အရ ၊ သူတို့ခံစားနေရသော ဖိနှိပ်မှုကို ရောင်ပြန်ဟပ်လေသည်။ အသိသည် ဘဝ၏ ရောင်ပြန်ဟပ်မှု ဖြစ်သည် ဟု အနုပဋိလောမနည်းအရ နားလည်ခြင်းသည် ငါတို့အဖို့ အသိ၏ တက်ကြွသော အခန်းကို နားလည်၍ အသုံးချရန် တတ်နိုင်စေသည်။ လီနင်နှင့် စတာလင်တို့သည်၊ ဤအချက်ကို အခြေပြု၍ တိုးတက်သော အတွေးအခေါ်လမ်းညွှန်မှုဖြင့် လူ့အဖွဲ့အစည်း အသစ်ကို တည်ဆောက်သွားရန် လှုံ့ဆော်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအခန်းနှင့် ပတ်သက်ပြီး၊ ပစ္စည်းမဲ့လူတန်းစား ၏ ဘဝလွတ်မြောက်ရေး တိုက်ပွဲတွင် ဆိုရှယ်လစ်ဝါဒအသိကို ဖြစ်ပေါ်တိုးပွား စေသော အခန်းနှင့်ပတ်သက်သည့် ဩဝါဒကို သတ်မှတ်ခဲ့သည်။

ဝိဘာဝ – တကယ့်ဘာဝ (ရုပ်ဝတ္ထု) သည် လူသားတို့၏ အသိအာရုံနှင့် အတွေ့အကြုံ အစရှိသည်တို့အပေါ် မမှီခိုကြောင်း၊ အနုပဋိလောမရုပ်ဝါဒက တင်ပြခဲ့သည်။ လူမှုရေးဘဝသည်၊ လူသားတို့၏ လူမှုရေး အသိအပေါ် မမှီခိုကြောင်း၊ သမိုင်းရုပ်ဝါဒက ရှင်းပြခဲ့သည်။

လူ့အဖွဲ့အစည်း၏ ရုပ်ပိုင်းဘဝသည် ပထမအရာဖြစ်၍၊ လူ့အဖွဲ့အစည်း၏ နာမ်ပိုင်းဘဝသည်၊ ဒုတိယအရာနှင့် အဆွယ်အပွားသာ ဖြစ်သည်။

"လူမှုရေးဘဝတွင်လည်း ပြင်ပ အခြေအနေ အချက်အလက်များ၊ ရုပ်ပိုင်း အခြေအနေ အချက်အလက်များသည် ရှေးဦးစွာ ပြောင်းလဲသည်။ ထိုနောက် ၎င်းနှင့် ဆီလျော်စွာ လူများ၏ အတွေးအခေါ် ၊ လူများ၏ ဓလေ့ထုံးစံနှင့် လူများ၏ ကမ္ဘာ့ အမြင်များ ပြောင်းလဲလာသည်။ (ဤအမှာကို စတာလင်က – မင်းမဲ့ဝါဒလော၊ ဆိုရှယ်လစ် ဝါဒလောဟူသည့် ရေးသားချက်တွင် ဖော်ပြခဲ့သည် )။

လူမှုရေးဘဝသည် လူများ၏ ဆန္ဒ အသိနှင့် စိတ်သဘောအရ ပြောင်းလဲ နေခြင်းမဟုတ်ဘဲ၊ ပြောင်းပြန်ပင်၊ လူများ၏ ဆန္ဒ၊ အသိနှင့် စိတ်သဘောကို ၎င်းက ပြဋ္ဌာန်းသည်ဟု မာ့က်စ်ကယူဆသည်။ ဤအမှာကို လီနင်က (ပြည်သူ့မိတ်ဆွေ ဆိုသည်ကား အဘယ်နည်း။ သူတို့သည် ဆိုရှယ်ဒီမိုကရေစီ ဂိုဏ်းသားများကို၊ မည်သို့မည်ပုံ တိုက်ခိုက်ကြသနည်း ) တွင် ရေးသားခဲ့သည်။

မာ့က်စ်မတိုင်မီ ပေါ်ပေါက်ခဲ့သော ရုပ်ဝါဒသည်၊ လူများ၏ လူမှုရေး ပင်ကိုယ် လက္ခဏာမှ ကင်းကွာ၍လည်းကောင်း၊ လူများ၏ သမိုင်းဖြစ်ပေါ်တိုးပွားမှုမှ ကင်းကွာ၍လည်းကောင်း၊ သိခြင်းပြဿနာကို ကြည့်ရှုကြသည်။ ထို့ကြောင့် လူမှုရေးလက်တွေ့ အပေါ် သိခြင်း၏ မှီခိုမှုကို နားမလည်နိုင်ပေ။ ဆိုလိုသည်ကား ထုတ်လုပ်ရေးနှင့် လူတန်းစား တိုက်ပွဲအပေါ် သိခြင်း၏ မှီခိုမှုကို နားမလည်နိုင်ချေ။

(ဤအမှာကို မော်စီတုန်းက လက်ရွေးစဉ်ကျမ်းတွင် ဖော်ပြခဲ့သည် )။

သဘာဝနှင့် လူ့အဖွဲ့အစည်းသည် ဆန့်ကျင်ဘက်ဖြစ်သည်ဟူသော တတ္တဗေဒ၏ အမြင်ကို မာ့က်စ်၏အဘိဓမ္မာဆိုင်ရာ ရုပ်ဝါဒ က တွန်းလှန်ပစ်လိုက်ပြီး၊ လူများက သဘာဝကို ပြုပြင်ပြောင်းလဲခြင်းသည် လူမှုရေးဘဝ၏ ရုပ်ပိုင်းအခြေခံ၊ သိခြင်း၏အခြေခံ၊ ယေဘုယျအားဖြင့် လူသားသမိုင်း၏ အခြေခံ ဖြစ်ကြောင်းကို ညွှန်ပြလိုက်သည်။ မာ့က်စ်ဝါဒ အဘိဓမ္မာ ဆိုင်ရာ ရုပ်ဝါဒသည် လူမှုရေးဘဝ အပေါ် တိုက်ရိုက်သိခြင်းအမြင်ကို သုတ်သင် ဖယ်ရှားလိုက်၍ ၎င်း၏ လူတန်းစားလက္ခဏာ (ဝါ) လူမှုရေးဘဝကို တော်လှန်ပြောင်းလဲရေး ပြုလုပ်ရန် လက်လွတ်ခြင်းကို ဖွင့်ချလိုက် ပေသည်။

(ဟောပြောချက်–၃ ပြီးပြီ။ )

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ဗိုလ်ခင်ညွန့်က သူတို့မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာအကျပ်အတည်းမှ မရှိပါဘူးလို့ ပြောပါတယ်။ ဖြောင်လိမ်တာပါ။

(NLD)ခေါင်းဆောင်တွေကို ဖမ်းထား၊ထိန်းသိမ်းထားရတာဟာ နိုင်ငံရေးအကျပ်အတည်းပါ။ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်မပြုဝံ့တာလည်း နိုင်ငံရေးအကျပ်အတည်းပါ။"အမျိုးသားညီလာခံ"ကို ခဏခဏရွှေ့ဆိုင်း နေရတာကလည်း နိုင်ငံရေး အကျပ်အတည်းပါ။ ဒါတွေမှ နိုင်ငံရေးအကျပ်အတည်းလို့ မခေါ်ရင် ဘာက နိုင်ငံရေး အကျပ်အတည်းလဲ။

ကုန်ဈေးနှုန်းတွေ ခေါင်ခိုက်အောင်တက်နေတာ၊ သယံဇာတတွေကို ဈေးပေါပေါနဲ့ ထုတ်ရောင်းနေရတာ၊ နိုင်ငံခြားငွေ လဲလှယ်ရေးကိစ္စမှာ သဘာဝမကျ ဖြစ်နေတာနဲ့ နစ်နာနေတာ၊ သယံဇာတနဲ့ ပြည်တွင်းဈေးကွက်ကို ထိုးအပ်ပြီး နိုင်ငံရေး ထောက်ခံမှုရအောင် မျက်နှာချိုသွေးနေရတာတွေဟာ စီးပွားရေးအကျပ်အတည်း မဟုတ်ရင် ဘာက စီးပွားရေးအကျပ်အတည်းလဲ။

တက္ကသိုလ်တွေ ခဏခဏပိတ်၊ ကျောင်းသားတွေကို ဖြန့်ခွဲ၊ တက္ကသိုလ်နယ်မြေတွေကို မြို့နဲ့ဝေးရာပို့ လုပ်နေရတာတွေ၊ အမှုထမ်းအရာထမ်းတွေကို တသုတ်ပြီးတသုတ် မပြတ်ခေါ်ပြီး သင်တန်းပေးတယ်ဆိုတဲ့ နာမည်နဲ့ စစ်တပ်ကိုချုပ်ကိုင်သလို ချုပ်ကိုင်နေရတာကကော ဘာလဲ။ အကျပ်အတည်း မဟုတ်ဘူးလား။

အကျပ်အတည်းတွေက ပြောမကုန်အောင် များပါတယ်။

[ဗမာပြည်ကွန်မြူနစ်ပါတီ၊ အထွေထွေအတွင်းရေးမှူး(ယာယီ)၏ နိုင်ငံရေးအစီရင်ခံစာ(၁၅–၈–၉၄) မှ]

*နှစ်ဆယ့်တစ်ရာစုနှစ်နဲ့*

# တကမ္ဘာလုံးလက္ခဏာဆောင်မှု

အရင်ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပနိုင်ငံတွေ အသွေးအရောင် ပြောင်းသွားပြီးတဲ့နောက် ကမ္ဘာပေါ်မှာ တခါမှမကြားဘူးတဲ့ ဝေါဟာရ နှစ်ခုနဲ့ ပြောင်မကြေညာတဲ့ ထိုးစစ်ကြီးနှစ်ရပ်ကို တွေ့လာရပါတယ်။ တခုက နိုင်ငံရေး နယ်ပယ်မှာဖြစ်ပြီး "ကမ္ဘာ့ အခင်းအကျင်းသစ်" (New World Order) ဆိုတာ ဖြစ်ပါတယ်။ နောက်တခုကတော့ စီးပွားရေးနယ်ပယ်က "တကမ္ဘာ လုံးလက္ခဏာဆောင်မှု" (Globalisation) ဆိုတာဖြစ်ပါတယ်။ ကမ္ဘာ့ အခင်းအကျင်းသစ်ဆိုတာကို စတင်ပြောသူဟာ အမေရိကန် သမ္မတဟောင်း ဂျော့ဘုရ်ှဖြစ်ပြီး ဒီအခင်းအကျင်းသစ် တည်ထောင် ရေးကို အီရတ်အပေါ် အမျိုးမျိုးထိုးစစ်ဆင်မှု၊ ပနားမားနိုင်ငံထဲကို စစ်တပ်တွေစေလွှတ်ပြီး အစိုးရကို ဖြုတ်ချတာစတာတွေနဲ့ စတင် အကောင်အထည် ဖော်ခဲ့ပါတယ်။ ဘုရ်ှကို ရွေးကောက်ပွဲမှာ အနိုင်ယူခဲ့တဲ့ လက်ရှိသမ္မတ ကလင်တန်ဟာ ဘုရ်ှရဲ့ကြွေးကြော်သံတွေကို ဆက်လက်ကိုင်စွဲပြီး အီရတ်ကိုဆက်ဗုံးကြဲ ၊ ဆူဒန်ကိုဗုံးကြဲ ၊ အာဖဂန်နစ္စတန်အထဲကို တပ်နဲ့ဝင်၊ အခုယူဂိုဆလဗ်ကို အနိုင်ကျင့်တာတွေ လုပ်နေပါတယ်။ အမေရိကန်သမ္မတတွေ ပြောနေတဲ့ ကမ္ဘာ့အခင်းအကျင်းသစ်ဆိုတာ ကမ္ဘာပေါ်မှာ သူတို့တဦးတည်း ဗိုလ်လုပ်ပြီး တိုက်ကြီးငါးတိုက်စလုံးမှာ သူတို့အမိန့်ကို နာခံ၊ မနာခံသူကို "ဆုံးမ"ရေးပဲ ဖြစ်ပါတယ်။

အခုဒီဆောင်းပါးမှာ အမေရိကန်နယ်ချဲ့သမားနဲ့ သူ့အပေါင်းပါတွေရဲ့ "စစ်ကြောင်းကြီးနှစ်ခု" အထဲက စီးပွားရေး စစ်ကြောင်းကြီး ဖြစ်တဲ့ "တကမ္ဘာလုံးလက္ခဏာဆောင်မှု" အကြောင်း ဆွေးနွေးသွားပါမယ်။

## အခန်း ( ၁ )

"တကမ္ဘာလုံးလက္ခဏာဆောင်မှု"ရဲ့ အဓိကလက္ခဏာ ဟာ တကမ္ဘာလုံးကငွေကြေးတွေ စုစည်းမိလာတာ၊ ဒီကမှတဆင့် တကမ္ဘာလုံးကိုတင်ပို့ပြီး ရင်းနှီးမြှုပ်နှံ၊ သွေးစုပ်ချယ်လှယ်တာပဲ ဖြစ်ပါတယ်။

ဒီငွေကြေးစုစည်းမှုဆိုတာ နည်းနည်းနော်နော် မဟုတ်ပါဘူး။ စီးပွားရေး ကသောင်းကနင်း ဖြစ်နေတဲ့ ဂျပန်နိုင်ငံမှာ ၉၀ ခုနှစ် အစောပိုင်းလောက်တုန်းက ရင်းနှီးမြှုပ်နှံစရာ ငွေဒေါ်လာ ( ၁၀ )ထရီလျံ (၁ ထရီလျံ = သန်း ပေါင်း ၁ သန်း) လောက်ရှိနေပါတယ်။ ပင်စင်ရန်ပုံငွေနဲ့ အသက်အာမခံ လုပ်ငန်းလိုဟာမျိုးတွေက ထရီလျံ နဲ့ချီတဲ့ ငွေတွေဟာ "အား" နေတာပါ။ အမေရိကန်နိုင်ငံဟာ သူ့ရဲ့ပင်စင်ရန်ပုံငွေထဲက ၁၀ ရာခိုင်နှုန်းလောက်ကို အာရှတိုက်မှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ ဒီငွေတွေကိုကိုင်ပြီး ကမ္ဘာအနှံ့အပြားမှာ ရင်းနှီးမြှုပ်နှံတာ၊ ရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရုပ်သိမ်းတာ၊ ငွေကြေးကစားတာ စတာတွေကို လုပ်နေတာဟာ နိုင်ငံလွန်ဘဏ်ကြီးများ (transnational banks ) နဲ့ဟက်ချ်ရန်ပုံငွေများ ( hedge funds ) ပဲဖြစ်ပါတယ်။ အရေအတွက်အားဖြင့် နည်းနည်းလေးပါ။ (ဒီအထဲမှာ ဟက်ချ်ရန်ပုံငွေအသေးစားလေးတွေကို ထည့်မတွက်ပါ။ )

၁၉၉၇ ခုနှစ် အတွင်းကထုတ်တဲ့ အမေရိကန်နိုင်ငံက ဖော့ဘ်စ်(FORBES) မဂ္ဂဇင်းကြီးရဲ့ စာရင်းဇယားအရဆိုရင် ကမ္ဘာ့အကြီးဆုံး ကော်ပိုရေးရှင်းကြီး (၁၀၀)ရဲ့ စီးပွားရေးဟာ တကမ္ဘာလုံးစီးပွားရေးရဲ့ တဝက်ကျော်ရှိပါတယ်။ ကမ္ဘာမှာ စီးပွား ရေးအင်အား အတောင့်ဆုံး အဆောက်အအုံ ၁၀၀ ရယ်လို့ တန်းစီ လိုက်တော့ ဒီအထဲမှာ ကော်ပိုရေးရှင်းကြီးတွေက ၅၁ ခု၊ နိုင်ငံတော် တွေက ၄၉ ခု ဖြစ်နေတာတွေ့ရပါသတဲ့။

ဒီလိုငွေကြေးစုစည်းမှု ဖြစ်စဉ်ထဲမှာ ဒီနေ့တွေ့နေရတဲ့ ဧရာမကုမ္ပဏီကြီးတွေ ပေါင်းလိုက်ကြတာတွေလဲ ပါဝင်ပါတယ်။ တလောတုန်းကပဲ သမိုင်းမှာ အကြီးမားဆုံး ပေါင်းစည်းမှုတွေ တွေ့ကြရပါတယ်။ ဒါဟာ ပိုမိုကြီးမားစွာ သွေးစုပ်နိုင်ဖို့ ပြင်ဆင်ကြတာ ဖြစ်သလို ဒီလိုမှ မလုပ်ရင် သူတို့လောကမှာ နေရာမရနိုင်တာကြောင့်၊ ပြုတ်ထွက်သွားမှာ စိုးရတဲ့အတွက်ကြောင့် ပေါင်းစည်းကြတာလည်း ဖြစ်ပါတယ်။ဂျာမဏီနိုင်ငံက ကမ္ဘာကျော် မော်တော်ကား ကုမ္ပဏီကြီး ဒင်းမလား (မားစီးဒီးကားထုတ်တဲ့ ကုမ္ပဏီ) နဲ့ အမေရိကန်က ခရိုက်စလာမော်တော်ကား ကုမ္ပဏီကြီး၊ ဗြိတိန်က ဘီပီရေနံ ကုမ္ပဏီကြီးနဲ့ အမိုကိုရေနံကုမ္ပဏီကြီး၊ ဂျာမဏီဘဏ်ကြီးနဲ့ ဘင့်ကားထရပ်စ်ဘဏ်လုပ်ငန်းကြီး၊ ပြင်သစ်က အာမခံ ကုမ္ပဏီကြီးဖြစ်တဲ့ အက္ကစာ(AXA)နဲ့ ဗြိတိန်က ဂါးဒီးယန်း ရွိုင်ရယ်အိဒ်စချိန်း ဘဏ်လုပ်ငန်းကြီး၊ အားလုံး အကြီးကြီးတွေချည်းပါ။ နောက်ပြီး အများအားဖြင့်ဟာ နိုင်ငံနယ်နိမိတ်တွေကို ကျော်လွှားပြီး ပေါင်းစည်းကြတာ ဖြစ်ပါတယ်။ ဒင်းမလား–ခရိုက်စလာ ကုမ္ပဏီကြီးရဲ့ ပူးတွဲဥက္ကဋ္ဌဖြစ်တဲ့ ရောဘတ်အီတန်က "ဒင်းမလား–ခရိုက်စလာ ကုမ္ပဏီဆိုတာမျိုးကို မကြာခင်နှစ်များက စိတ်ထောင်ကူးမိကြမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုကျွန်တော်တို့ ကုမ္ပဏီလို လူမျိုးကွဲ မင်္ဂလာဆောင်တာမျိုးဟာ နောင်မှာ ရိုးသွားတော့မှာပါ"လို့ ပြောခဲ့ပါတယ်။

ဒီဖြစ်စဉ်တွေက ဖော်ပြနေတာဟာ အရင်းအနှီးကို သိပ်ကြီးမားတဲ့ အတိုင်းအတာနဲ့ စုစည်းလာနေတယ်ဆိုတာသာမက ပိုမိုနည်းပါးတဲ့ လူအရေအတွက်ရဲ့ လက်ထဲမှာ ဒီအရင်းအနှီးတွေ စုစည်းမိလာတာကိုလည်း ဖော်ပြနေပါတယ်။ နောက်ပြီး ဂျပန်နိုင်ငံရဲ့

တတိယ အကြီးဆုံးဘဏ်ကြီး ပြုတ်ထွက်သွားတာလို ရောမလုပ်ငန်းကြီးတွေ ဒေဝါလီခံကြ၊ ပြုတ်ကုန်ကြတာဟာလည်း လူနည်းစုလက်ထဲမှာ ဓနအင်အား ပိုမိုကြီးလာတာကို ဖော်ပြတာဖြစ်ပါတယ်။ တနည်းအားဖြင့် လက်ဝါးကြီးအုပ်မှု အတိုင်းအတာ ပိုမိုကြီးမား ကျယ်ပြန့်လာတာ ဖြစ်ပါတယ်။

တကယ်က ငွေကြေးစုစည်းမှုဆိုတာနဲ့ အရင်းအနှီး တင်ပို့မှု (စီးဆင်းမှုလို့ပြောရင်လည်း ရပါတယ်။)ဆိုတာ အရင်းရှင်စနစ်ရဲ့ ဖြစ်ပေါ်တိုးပွားမှု သမိုင်းမှာ အသစ်မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်တရာကျော်လောက်ကတည်းက သဏ္ဍာန်တခုနဲ့ စတင်ခဲ့၊ ပေါ်ပေါက်ခဲ့ပြီး ဖြစ်ပါတယ်။

ငွေကြေးစုစည်းမှုနဲ့ ပတ်သက်ပြီး ရဲဘော်လီနင်က သူရဲ့ **အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်ကျမ်း** ထဲမှာ အခုလို ရေးခဲ့ပါတယ်။ "*စုပုံမှုမှာ နိုင်ငံတနိုင်ငံ၊ သို့မဟုတ်. ..နိုင်ငံအများအပြား၊ သို့မဟုတ် ကမ္ဘာတခုလုံး၌ ကုန်ကြမ်းအရင်းအမြစ်များ(ဥပမာ သံရိုင်းသိုက်များ)တို့ကိုပင် အကြမ်းဖျင်း ခန့်မှန်းနိုင်သည့် အဆင့်သို့ ရောက်ရှိခဲ့သည်။ ဤအရင်းအမြစ်များ ကို ခန့်မှန်းတွက်ချက်ကြသည်သာမက လုယူကြသည်။*"* နောင်အခါမှာ **TNC/ MNC** လို့ခေါ်တဲ့ နိုင်ငံလွန် ကော်ပိုရေးရှင်းကြီးတွေ ဖြစ်လာမယ့် ထရပ်စ်၊ ကွန်ဘိုင်းစတာတွေဟာ အဲဒီတုန်းက စပေါ်ပေါက်ခဲ့တာပါ။

နောက်ပြီး အရင်းအနှီး တင်ပို့မှုဆိုတာလည်း အရင်းရှင်စနစ်ရဲ့ အစောပိုင်းကတည်းက တည်ရှိခဲ့တဲ့ အချင်းအရာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး **ကွန်မြူနစ်ကြေငြာစာတမ်း** ထဲမှာ ကားလ်မာ့က်စ်က အခုလို ရေးခဲ့ပါတယ်။ "*မိမိအထွက်ပစ္စည်းများအတွက် ဈေးကွက်ကို အဆက်မပြတ်တိုးချဲ့ရန် လိုအပ်သောကြောင့် ဓနရှင်လူတန်းစားသည် ကမ္ဘာအနှံ့ ပြေးလွှားနေရသည်၊ နေရှင်လူတန်းစားသည် မည်သည့်နေရာ၌မဆို အိုးအိမ်ထူထောင်ကြရမည်။ မည်သည့်နေရာ၌မဆို အခြေစိုက်ကြရမည်။ မည်သည့်နေရာ၌မဆို ဆက်သွယ်ကြရမည်ဖြစ်၏။ ဓနရှင်လူတန်းစားသည် ကမ္ဘာ့ဈေးကွက်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် တိုင်းပြည်တိုင်း၌ ထုတ်လုပ်ရေးနှင့် သုံးစွဲရေးကို ကမ္ဘာ့လက္ခဏာ ဆောင်စေသည်။*"** လီနင်ရဲ့လက်ထက်မှာ အရင်းအနှီးတင်ပို့မှုဟာ မာ့က်စ်တို့ခေတ်နဲ့ မတူတော့ဘဲ လုံးဝပီပြင်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့် သူက **အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်ကျမ်း** ထဲမှာ "*လွတ်လပ်စွာ ပြိုင်ဆိုင်မှုက အတုမရှိ စိုးမိုးနေသည့် အရင်းရှင်စနစ်ဟောင်း၏ စံကျသောအချက်မှာ ကုန်ပစ္စည်းတင်ပို့မှုဖြစ်သည်။ လက်ဝါးကြီးအုပ်အဖွဲ့အစည်းများ မင်းမူချိန်ဖြစ်သည့် အရင်းရှင်စနစ်၏ နောက်ဆုံးအဆင့်တွင် စံကျသောအချက်မှာ အရင်းတင်ပို့မှုပင်ဖြစ်သည်။*"* လို့ ရေးခဲ့တာပါပဲ။

## အခန်း ( ၂ )

"တကမ္ဘာလုံးလက္ခဏာဆောင်မှု" ရဲ့ကမ္ဘာသားတွေအပေါ် အကျိုးသက်ရောက်မှု အကြောင်းမတင်ပြခင် အရင်းရှင်စနစ်ရဲ့ ဒုတိယကမ္ဘာစစ် ဒီဘက်ပိုင်းသမိုင်းကို တစေ့တစောင်းပြန်ကြည့် စေချင်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတော့ ဥရောပအပါအဝင် ကမ္ဘာ့နေရာ အနှံ့အပြားဟာ ပြာပုံနဲ့အုတ်ပုံသာ ကျန်ရစ်ကြတာပါ။ အဲဒီအပျက်ပုံပေါ်မှာ အဆောက်အဦတွေ ပြန်ဆောက်ဖို့၊ စစ်အတွင်းသုံးကုန်သွားတဲ့ လက်နက်ခဲယမ်း ဂိုဒေါင်တွေကို ပြန်ဖြည့်ဖို့၊ ဈေးကွက်တောင်းဆိုချက်ဟာ ကြီးမားကျယ်ပြန့်လှပါတယ်။ ဒီဈေးကွက်လိုအပ်မှုနဲ့ ဘရက်တင်ဝုဒ်စ် ကွန်ဖရင့် (Bretton Woods Conference )*** လိုအစီအစဉ်တွေ ပေါင်းစည်းလိုက်တော့ အရင်းရှင်စနစ်ရဲ့ စစ်အပြီးစန်းပွင့်မှုကြီး ဖြစ်လာတာပါ ပဲ။

ဒီစန်းပွင့်မှုဟာ ၅၀ စုနှစ်များနဲ့ ၆၀ စုနှစ်များအထိ စန်းထခဲ့ပြီး ၇၀ စုနှစ်များမှာ စပြီးညှိုးမှိန်ခဲ့ပါတယ်။ အိုပက် ရေနံဈေးမြင့်တင်တာကစလိုက်တဲ့ ၁၉၇၄ –၇၅ ခုနှစ်က စီးပွားရေးကျဆင်းမှု (ဗမာပြည်မှာ ကုန်ဈေးနှုန်း ကြီးမြင့်မှုကြောင့် မေ–ဂျွန် အလုပ်သမားလှုပ်ရှားမှုနဲ့ နောက်ပိုင်းကျောင်းသား –လူထု လှုပ်ရှားမှုတွေ ပေါ်ပေါက်ခဲ့တဲ့ကာလ) ဟာ ၁၉၃၀ စုနှစ်များက စီးပွားရေးကပ်ဆိုက်မှု နောက်ပိုင်းမှာ (အဲဒီအချိန်အထိ) အဆိုးဝါးဆုံးကျဆင်းမှုလို့ ပြောစမှတ်ပြုခဲ့ရပါတယ်။ ဒီကာလ တဝိုက်မှာပဲ ဘရက်တင်ဝုဒ်စ် ကွန်ဖရင့်က စီမံခဲ့တဲ့ ဒေါ်လာငွေကို ရွှေနဲ့တိုက်ပြီး တန်ဖိုးသတ်မှတ်တဲ့ စနစ်ကိုလည်း ဖျက်သိမ်း လိုက်ရပါတယ်။

အဲဒီနောက်မှာတော့ "ပျောက်ဆုံးသွားတဲ့ ဆယ်စုနှစ် (The Lost Decade )" လို့ခေါ်ကြတဲ့ ၈၀ စုနှစ်များအတွင်းက လက်တင်အမေရိကနိုင်ငံတွေ ပြည်ပကြွေး ပြန်မဆပ်နိုင်တာကစတဲ့ စီးပွားရေးကသောင်းကနင်း ဖြစ်ရမှုနဲ့ ၁၉၈၇ ခုနှစ် စတော့ဈေးကွက် ဝရုန်းသုန်းကားဖြစ်မှု၊ အခု ၉၀ စုနှစ်များအတွင်းမှာ အရှေ့တောင်အာရှက စလိုက်တဲ့ ငွေကြေးဝရုန်းသုန်းကား ဖြစ်မှုနဲ့ စီးပွားရေးဒုက္ခရောက်မှု၊ တောက်လျှောက်ဆက်နေတာပါ။ ဒီတခါထိုင်းနိုင်ငံက စလိုက်တဲ့ စီးပွားရေးကျဆင်းမှုဟာ နှစ်နှစ်ကျော်လာတဲ့တိုင်အောင် နာလန်မထူနိုင်သေးတဲ့အပြင် ရုရှားနဲ့ ဘရာဇီးလ်အထိ ဆက်သွားပါတယ်။ ဒါ့အပြင် ကမ္ဘာပေါ်မှာ

---

* ဗွီအိုင်လီနင်ရေး အရင်းရှင်စနစ်၏အမြင့်ဆုံး အဆင့်ဖြစ်သော နယ်ချဲ့စနစ် ။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာန။ ၁၉၉၀ခုနှစ်၊မေလ။မြန်မာဘာသာပြန်မူ။ စာမျက်နှာ ၉။ /စာမျက်နှာ ၃၈။

** ကားလ်မာ့က်စ်နှင့် ဖရက်ဒရစ်အိန်ဂယ်၊ ကွန်မြူနစ်ပါတီကြေငြာစာတမ်း။ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာန။ ၁၉၇၇ခုနှစ်ထုတ်၊ မြန်မာဘာသာမူ၊စာမျက်နှာ၅၀။)

*** ၁၉၄၄ ခုနှစ်က အမေရိကန်နိုင်ငံ နယူးဟင်မ်ရှိုင်းယားက ဘရက်တန်ဝုဒ် အရပ်မှာ ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့တဲ့ ငွေကြေးဆိုင်ရာ ကွန်ဖရင့်ဖြစ်ပါတယ်။ ဒီကွန်ဖရင့်ဟာ ကမ္ဘာ့ဘဏ်နဲ့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ တို့ကိုမွေးထုတ်ပေးခဲ့ပါတယ်။ )

စီးပွားရေးအရ ဒုတိယအတောင့်တင်းဆုံးလို့ဆိုတဲ့ ဂျပန်ကိုလည်း ဆွဲချသွားပါတယ်။ ဒီကပ်ဘေးကြီးဟာ ပြီးသွားပြီလို့ ဘယ်သူမှ မဆိုနိုင်သေးသလို ဟခြားနိုင်ငံတွေကို ဆက်မပြန့်ဘူးလို့လည်း ဘယ်သူမှ အာမ မခံနိုင်ပါဘူး။

ဒီ၂၀ – ရာစုနှစ်အကုန်ပိုင်းရဲ့ စီးပွားရေးကပ်နဲ့ပတ်သက်ပြီး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အင်မ်အက်ဖ်) ရဲ့ဒါရိုက်တာ မိုက်ကယ်ကမ်ဒဲစပ် (Michael Camdessus) ပြောလိုက်တဲ့ စကားဟာ အင်မတန် စဉ်းစားစရာကောင်းပါတယ်။ ၁၉၉၈ ခုနှစ်အောက်တိုဘာလ ( ၆ )ရက်နေ့က ဝါရှင်တန်မှာကျင်းပတဲ့ အိုင်အင်မ်အက်ဖ် နဲ့ကမ္ဘာ့ဘဏ်တို့ရဲ့ နှစ်စဉ်အစည်းအဝေးမှာ သူက "ကျွန်တော်တို့အခုပြောနေတာဟာ အကျပ်အတည်းဆိုက်နေတဲ့ နိုင်ငံတွေရဲ့ ကိစ္စသာမဟုတ်ပါဘူး။ အကျပ်အတည်းဆိုက်နေတဲ့ စနစ်ရဲ့ကိစ္စပါ။" လို့ထုတ်ပြောခဲ့ပါတယ်။ ဒီအရှေ့တောင်အာရှ နိုင်ငံတွေကို ဒုက္ခတွင်းထဲက ဆွဲထုတ်မယ့်သူလို့ အများကမျှော်လင့်ထားကြတဲ့ ဂျပန်နိုင်ငံကိုယ်တိုင် ဒုက္ခတွေ့နေတာကိုတော့ သူက "ကပ်ဆိုက်မှုနဲ့ နလုံးအိမ်ကကပ်"ပါတဲ့။

ဟိုတုန်းက ကိုလိုနီ နိုင်ငံတွေကို သိမ်းပိုက်တာနဲ့ပတ်သက်လို့ ပြောကြရင် သမိုင်းပညာရှင်တွေက နယ်ချဲ့သမားဟာ အမ် ( M ) သုံးလုံးနဲ့ ကိုလိုနီပြုတယ်လို့ ဆိုလေ့ရှိကြပါတယ်။ သူတို့ပြောတဲ့ အမ် သုံးလုံးဆိုတာက သာသနာပြုတွေ စေလွှတ်ခြင်း ( Missionary )၊ ကုန်သည်တွေစေလွှတ်ခြင်း ( Merchant ) နဲ့ စစ်အင်အား စေလွှတ်ခြင်း ( Military ) ဖြစ်ပါတယ်။ အခုအခါမှာ အဲဒီကိုလိုနီ နိုင်ငံဆိုတာဟာ မပြောပလောက်အောင်သာ ကျန်ရစ်ပါတယ်။ ဒါပေမဲ့ စီးပွားရေး (ငွေကြေးအပါအဝင်) အရ နိုင်ငံကြီးတွေအပေါ် မှီခိုမှုကတော့ ဆက်လက်တည်ရှိနေပါတယ်။ အခုနောက်ဆုံးပေါ်ပေါက်လာတဲ့ဒီ "တကမ္ဘာလုံးလက္ခဏာဆောင်မှု" ဟာ အဲဒီမှီခိုမှုကို ပိုမိုမြဲမြံစေ၊ ပိုပြီးသူတို့ဘက် ယိုင်လဲစေအောင် လုပ်တာဖြစ်ပါတယ်။ ဒါကြောင့် တချို့လူတွေကဒီ "တကမ္ဘာလုံးလက္ခဏာဆောင်မှု" ဆိုတာကို "ကိုလိုနီပုံစံသစ်" လို့တင်စားပြောဆိုနေကြတာပါ။ ဒီတခါ "ပုံစံသစ်" ထိုးစစ်မှာတော့ နယ်ချဲ့နိုင်ငံကြီးတွေဟာ အိုင် ( I )သုံးလုံးနဲ့ ထိုးစစ်ဆင်တယ်လို့ဆိုရပါမယ်။ အဲဒီအိုင်သုံးလုံး ကတော့ ရင်းနှီးမြှုပ်နှံမှု (investment)၊ အိုင်အမ်အက်ဖ် –ကမ္ဘာ့ဘဏ်–ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ (IMF + WB + WTO ) ဆိုတဲ့ သုံးပွင့်ဆိုင်အင်အားနဲ့ သတင်းဆက်သွယ်ရေး (information) တို့ ဖြစ်ပါတယ်။

## တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု

ဒီနေ့ကမ္ဘာမှာ ဆင်းရဲတဲ့နိုင်ငံတွေက (အရင်းအနှီးဖြစ်စေ၊ နည်းပညာဖြစ်စေ) တခုခုကိုလိုချင်ရင် အရင်းရှင်နိုင်ငံ ကြီးတွေဆီကမှ ရနိုင်သလိုဖြစ်နေပါတယ်။ ဒါ့အပြင် ကုန်သွယ်ရေးဘက်ကို ပြောရင်လည်း ဒီနိုင်ငံကြီးတွေဟာ ကုန်ကြမ်း၊ ကုန်ချော၊ အဓိက ဈေးကွက်မှန်သမျှကို ချုပ်ကိုင်ထားပါတယ်။ နည်းပညာထုတ်လုပ် ပိုင်ဆိုင်မှုရော၊ ဈေးကွက်ရောဟာလည်း သူတို့ရဲ့လက်ထဲမှာပါ။

ဒီလိုအခြေအနေမျိုးမှာ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေဟာ ပြည်ပက ရင်းနှီးမြှုပ်နှံလာမှာကို နေလိုလလို မျှော်တမ်းရတဲ့ အခြေအနေ ဆိုက်မှန်းမသိ ဆိုက်လာခဲ့ပါတယ်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ရှိလာရင် "စက်မှုဖွံ့ဖြိုးလာမယ်၊ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေး လုပ်ငန်းတွေ တိုးတက်လာမယ်၊ နည်းပညာသစ်တွေရ ရှိမယ်၊ အလုပ်အကိုင်ပေါများမယ်၊ ဒီလိုနဲ့ပြည်သူလူထုရဲ့ နေထိုင်မှု အဆင့်အတန်း မြင့်လာမယ်၊ စသည်ဖြင့်— စသည်ဖြင့် " တွေးလိုက်ရင်ဖြင့် ရွှေပြည်ကြီးက ဟီးလို့ပါ။

ဒါပေမဲ့ လက်တွေ့က ဒီလိုမဟုတ်ပါဘူး။ ဒီခေတ်မှာ ပြည်ပကနေ ကြီးကြီးမားမား လာပြီးရင်းနှီးကြသူတွေဟာ အဓိကအားဖြင့် နှစ်မျိုးနှစ်စားသာ ရှိပါတယ်။ တမျိုးက နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေ ဖြစ်ပြီး နောက်တမျိုးကတော့ ငွေကြေး လုပ်ငန်း အဆောက်အအုံကြီးတွေ ဖြစ်ပါတယ်။ ဒီနှစ်မျိုးစလုံးကို ဆက်စပ် လုပ်ကိုင်နေတဲ့ အဆောက်အအုံကြီးတွေလည်း မနည်းဘဲ ရှိပါတယ်။

အခုခေတ်ဟာ ရင်းနှီးမြှုပ်နှံချင်သူတွေက လုပ်ငန်းလုပ်ခွင့်ပြုမယ့် နိုင်ငံကို လိုက်ရှာရတဲ့ခေတ် မဟုတ်တော့ဘူးဆိုတာ သတိပြုဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံစေချင်တဲ့ နိုင်ငံတွေက အဲဒီလုပ်ငန်းကြီးတွေကို လိုက်ရှာရတဲ့ခေတ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူတို့ဟာ နိုင်ငံတနိုင်ငံမှာ ရင်းနှီးမြှုပ်နှံတော့မယ်ဆိုရင် အဲဒီနိုင်ငံ အပေါ် တောင်းဆို ချက်တွေ တင်လေ့ရှိပါတယ်။ အဲဒီအထဲမှာ နိုင်ငံရေးတောင်းဆိုချက်တောင် ပါတတ်ပါတယ်။ နိုင်ငံတနိုင်ငံရဲ့တည်ဆဲဥပဒေတွေကို ပြင်ဆင်ခိုင်းတာ မျိုးကတော့ ဆန်းတောင်မဆန်းတော့ပါဘူး။

နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေရဲ့ ရင်းနှီးမြှုပ်နှံမှုကြောင့် သက်ဆိုင်ရာနိုင်ငံမှာ စီးပွားရေးအရ တိုက်ရိုက်ထိခိုက်နစ်နာရတာတချို့ကို ဖော်ပြရရင်

၁။ သူတို့နဲ့လုပ်ငန်း သဘောသဘာဝချင်း ဆင်တူတဲ့ ပြည်တွင်းက လုပ်ငန်းငယ်တွေ ပျက်စီးကုန်ရပါတယ်။ လုပ်ငန်းငယ်တွေဟာ ဒီကော်ပိုရေးရှင်းကြီးတွေရဲ့ အရင်းအနှီးအင်အားကို မယှဉ်နိုင်တဲ့အပြင် သက်ဆိုင်ရာ အစိုးရများကလည်း ဒီကော်ပိုရေးရှင်းကြီးတွေကို အခွန်အကောက်ကိစ္စကအစ အဘက်ဘက်မှာ သက်သာခွင့် ပြုထား၊ အထူးအခွင့်အရေးတွေ ပေးထားပါတယ်။ ဒါ့အပြင် ဒီအစိုးရတွေဟာ အလုပ်သမားသမဂ္ဂတွေရဲ့ အခန်းကိုလည်း ကန့်သတ်ထားလိုက်ပါတယ်။

၂။ လုပ်ငန်းငယ်တွေ ပျက်စီးသွားတဲ့အတွက် အဲဒီလုပ်ငန်းတွေက အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ကုန်ရပါတယ်။ အသစ်ရင်းနှီးမြှုပ်နှံ လာသူတွေဟာ ပိုမိုခေတ်မီတဲ့ စက်မှုနဲ့နည်းပညာကို အသုံးပြုတာမို့ အလုပ်သမားနည်းနည်းအပေါ်က အစွန်းထွက်အမြတ် များများထုတ်ယူနိုင်ကြပါတယ်။

၃။ တိုင်းပြည်ထဲမှာ ပြည်ပကော်ပိုရေးရှင်းကြီးတွေရဲ့ လုပ်ငန်းတွေ ပိုတိုးလာ၊ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ လုပ်ငန်းတွေ ပျက်စီးသွား၊ ဒီလိုနဲ့ဒီတိုင်းပြည်ရဲ့ စီးပွားရေးဟာ ဒီကော်ပိုရေးရှင်းကြီးတွေရဲ့ လက်ခုပ်ထဲကို ရောက်မှန်းမသိ ရောက်သွားပါတယ်။

၄။ သက်ဆိုင်ရာ နိုင်ငံရဲ့ပြည်တွင်း ဈေးကွက်ကိုလည်း ဒီကော်ပိုရေးရှင်းကြီးတွေကပဲ စီးမိသွားပါတယ်။

၅။ မူလကရှိနေတဲ့ ပြည်တွင်းစီးပွားရေး တည်ဆောက်ပုံဟာ ဟန်ချက်ပျက်သွားပြီး လူ့အဖွဲ့အစည်းထဲမှာ လည်း ကမောက်ကမတွေ ဖြစ်လာတယ်။ စားသုံးသူတွေ အနေနဲ့ကြည့်ရင်လည်း ရွေးချယ်စရာ နည်းသထက်နည်း လာတယ်။

၆။ တဖြည်းဖြည်းနဲ့ သက်ဆိုင်ရာနိုင်ငံရဲ့ အခြေခံစီးပွားရေး

အဆောက်အအုံဟာ ဒီနိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေ ကမ္ဘာလုံးဆိုင်ရာ သေနင်္ဂဗျူဟာထဲက အစိတ်အပိုင်းတခု ဖြစ်သွားပြီး ကိုယ့်အစီအစဉ်နဲ့ ကိုယ် တည်ဆောက်လို့ မရတော့ဘူးဖြစ်လာပါတယ်။ အထူးသဖြင့် အခြေခံစက်မှုလုပ်ငန်း ထူထောင်ရေး၊ မိမိပြည်တွင်းထုတ်လုပ်မှုနဲ့ မိမိနိုင်ငံအတွင်း ဖူလုံစေရေး စတာတွေဟာ ဝေးသထက် ဝေးသွားပါတော့တယ်။

၇။ စီးပွားရေးအရ နစ်နာမှုစာရင်းမှာ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု၊ ဇီဝသဘာဝထိခိုက်ပျက်စီးမှု စတာတွေကိုလည်း ထည့်သွင်းရပါမယ်။

ဒါ့အပြင် ဒီနိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေက ရိုက်သွင်းလိုက်တဲ့ ယဉ်ကျေးမှုတွေရဲ့ အန္တရာယ်လည်း ရှိပါသေးတယ်။ သူတို့ဟာ နိုင်ငံတနိုင်ငံကို ကြည့်ရင် ပင်ကိုယ်ယဉ်ကျေးမှု ဓလေ့ထုံးစံတွေနဲ့ ခွဲခြားကြည့်မြင်တာ မဟုတ်ပါဘူး။ ဈေးကွက်ကိုပဲကြည့်တာပါ။ ဒါကြောင့်သူတို့ဟာ အဲဒီနိုင်ငံကလူတွေအနေနဲ့ အနောက်နိုင်ငံက နေထိုင်မှုပုံစံကို အထင်ကြီးအောင် အနောက်နိုင်ငံရဲ့ အစားအသောက်ကအစ အသုံးအဆောင်အမျိုးမျိုးအထိ (အကုန်လုံး သူတို့က ထုတ်လုပ်တဲ့ပစ္စည်းတွေ ) သုံးစွဲချင်အောင်၊ သုံးစွဲကျင့်ပါအောင် လုပ်ပါတယ်။ လန်ဒန်စီးကရက်သကြီန်၊ တိုက်ဂါးဘီယာ တန်ဆောင်တိုင်ပွဲ စတာတွေဟာ ဒီယဉ်ကျေးမှုနယ်ချဲ့ခြင်းရဲ့ လက္ခဏာတချို့ပါပဲ။

မဖွံ့ဖြိုးတဲ့ နိုင်ငံတွေဟာ ကိုယ့်မှာအခြေအနေ မရှိလို့ တောင့်တလက်ခံရတဲ့ ဒီပြည်ပရဲ့တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ( Foreign Direct Investment ) ကိုပြည်ပရဲ့ တိုက်ရိုက်သွေးစုပ်မှု လို့ပဲဆိုရမှာပါ။ ဒါဖြင့်အောက်ပါ ရင်းနှီးမြှုပ်နှံမှုကိုတော့ ဘယ်လိုသွေးစုပ်မှုလို့ ခေါ်မလဲ။

## ကာစီနိုရင်းနှီးမြှုပ်နှံမှု ( ၂ )

တကမ္ဘာလုံးဆိုင်ရာလက္ခဏာဆောင်မှုရဲ့ အမှတ်လက္ခဏာလို့ တချို့ကတင်စားပြောဆိုကြတဲ့ ဒီဒုတိယပုံစံ ရင်းနှီးမြှုပ်နှံမှုကို ရင်းနှီးမြှုပ်နှံမှုလို့ခေါင်းစဉ်အောက်မှာ စာရင်းသွင်းတာဟာ အတော်စဉ်းစားပြီးမှ ရေးရတာပါ။ အကြောင်းက ဒီပုံစံဟာ ရင်းနှီးမြှုပ်နှံတယ်ဆိုတာထက် လောင်းကစားတဲ့ အသွင်ပိုဆောင် လို့ပါပဲ။

လက်ထဲမှာငွေကြေး အပိုအလျှံတွေ အများကြီးရှိနေတဲ့ လူတွေ၊ လုပ်ငန်းတွေဟာ သူတို့ရဲ့ဒီငွေတွေနဲ့ ကမ္ဘာအနှံ့ရှိဘဏ်လုပ်ငန်း၊ အသက်အာမခံလုပ်ငန်း၊ အိမ်ယာလုပ်ငန်း ( real estate )၊ စတော့ဈေးကွက် စတာတွေမှာ အစုရှယ်ယာတွေဝင်ကြ၊ ဝယ်ကြပါတယ်။ သူတို့ဟာ သူတို့ရဲ့ အကျိုးစီးပွားသက်သက်ကိုသာ အခြေပြုတာမို့ ကိုယ့်အတွက် အကျိုးရှိမယ်ဆိုရင် ဒေါ်လာသန်းပေါင်းများစွာဖိုး ရင်းနှီးမြှုပ်နှံတတ်ပြီး အကျိုးမရှိဘူးထင်ရင် တမုဟုတ်ချင်းပဲ ကြိုက်သလောက် ပြန်ရုပ်သိမ်းသွားပြီးနောက် တနေရာမှာ ရင်းနှီးမြှုပ်နှံကြပါတယ်။ ကမ္ဘာပေါ်မှာ ဒီလိုပဲ တနေ့တနေ့ "ရင်းနှီးမြှုပ်နှံ " တမ်းကစားနေတဲ့ ငွေကြေးပမာဏဟာ ဒေါ်လာ ၁ . ၈ ထရီလျံ ရှိပါတယ်။ (ဒါနဲ့ နှိုင်းယှဉ်စဉ်းစားသင့်တာက တကမ္ဘာလုံးရဲ့ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဟာ တနေ့ကို ဒေါ်လာ ၀.၂ ထရီလျံပဲရှိပါတယ်။)လွန်ခဲ့တဲ့ ၁၅ နှစ်လောက်တုန်းကဆိုရင် ဒီလိုစီးဆင်းနေတဲ့ငွေပမာဏဟာ တနှစ်လုံးမှာမှ ဒေါ်လာ ဘီလျံ ၁၅၀ သာ ရှိပါတယ်။

ကာစီနိုစီးပွားရေးလို့ တချို့က သမုတ်ကြတဲ့ ဒီ"ရင်းနှီးမြှုပ်နှံမှု " ဒဏ်ကို အဆိုးဝါးဆုံးခံရတာဟာ ဓမ္မတာပဲ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေဖြစ်ပါတယ်။ သူတို့ရဲ့နဂိုစီးပွားရေး အဆောက်အအုံကမှ ချည့်နဲ့နဲ့၊ ဒီလောက်ကြီးမားတဲ့ ငွေလုံးငွေရင်းကြီးတွေက ဝင်တချက် ထွက်တချက် ရိုက်ပုတ်လိုက်ကြတော့ ဘယ်ခံနိုင်တော့မလဲ။ အရှေ့တောင်အာရှက ကျားဆိုတာတွေ 'ညောင် 'သံတောင် မထွက်တော့တာဟာ ဒီဒဏ်တွေကြောင့်ပါပဲ။ ၁၉၉၄ ခုဆီတုန်းကလည်း ဒီ "ရင်းနှီးမြှုပ်နှံမှု " တွေနိုပ်စက်လို့ မက္ကစီကို နိုင်ငံရဲ့ စီးပွားရေးဟာ ပုံကျသွားခဲ့ဖူးပါပြီ။ ဒီနေရာမှာ စစ်ပြီးခေတ် အရင်းရှင်စနစ်ရဲ့ ပိသုကာကြီးလို့ ဆိုရမယ့် ကိန်းစ် ( J.M.Keynes ) ၁၉၄၁ ခုနှစ်တုန်းကပြောခဲ့တဲ့ "အချုပ်အနှောင်မရှိတဲ့ ငွေကြေးတွေဟာ ကမ္ဘာ့အဝှမ်း စီးဆင်းပြီး တည်ငြိမ်တဲ့လုပ်ငန်းအားလုံးကို ဗရုဗရဲဖြစ်စေလိမ့်မယ် " ဆိုတာကို သတိရမိပါတယ်။

ဒီရင်းနှီးမြှုပ်နှံမှုရဲ့ ထူးခြားချက်တခုက သူတို့ဟာ သက်ဆိုင်ရာနိုင်ငံရဲ့ ထုတ်လုပ်မှုနဲ့ဝန်ဆောင်မှုကို သိသိသာသာ တိုးတက်စေခြင်းမရှိတာပါပဲ။ ပိုဆိုးတာက သက်ဆိုင်ရာ နိုင်ငံရဲ့ဘဏ်ဟာ ဒီဝင်လာတဲ့ငွေကြေးတွေအတွက် အတိုးတောင်ပေးလိုက်ရပါသေးတယ်။ သူတို့ကြောင့်မို့ နိုင်ငံတွင်းမှာ အလုပ်အကိုင်သစ်တွေ ဖြစ်ပေါ်တယ် ဆိုတာလည်း အတော်ကို နည်းပါတယ်။

သူတို့ဒီလို လောင်းကစားကြတဲ့အတွက် သူတို့ကိုယ်တိုင်ကြွေတလက် ကြက်တခုန် ကြုံရတာမျိုး မရှိဘူးလားလို့ မေးစရာရှိပါတယ်။ ဒီလိုမေးလာရင်တော့ ဒင်းတို့လည်း ဘာသားနဲ့ထုထားတာမို့လဲ လို့ပဲ ပြန်ပြောရမှာပါ။ ကမ္ဘာပေါ်က ဘဏ်ကြီးတွေအထဲမှာ သမိုင်း အလွန်ရှည်ကြာပြီး ဂုဏ်သိန်ကြီးလှတဲ့ အင်္ဂလန်က ဘဲရင်းဘဏ်ကြီး ဂျမ်းပစ်သွားတာဟာ စင်္ကာပူမှာရှိတဲ့ သူတို့ရဲ့ ကိုယ်စားလှယ်က ဒီလိုပဲ ရင်းနှီးမြှုပ်နှံတမ်းကစားရင်း ငွေမျောငွေနဲ့လိုက်ပြီး ရှုံးကုန်လို့ဖြစ်ပါတယ်။ ကမ္ဘာ့ငွေကြေးလောကမှာ ပြဿနာကောင်ကြီးလို့ နာမည်ပေးထားကြတဲ့ အမေရိကန်နိုင်ငံက ဂျူးလူမျိုး သူကြွယ်ကြီး ဆောရိုးစ်ဟာ ရုရှားနိုင်ငံမှာ ယယ်လဆင် အာဏာတည်မြဲရေး (ကွန်မြူနစ်အာဏာမရရေး) အတွက် ကျားထောက်ပေးတဲ့ အနေနဲ့ ငွေအမြောက်အမြား ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ဒါပေမဲ့ ယယ်လဆင်တို့ရဲ့ ဗျူရိုကရေစီ ခြပုံကြီးထဲမှာ သူ့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေဟာ အမှုန်အမွှားသာ ကျန်ရစ်ခဲ့လေတော့ ဆောရိုးစ်က "ဒါဟာ ကျုပ်တသက်မှာ အညံ့ဖျင်းဆုံး ရင်းနှီးမြှုပ်နှံမှုပါပဲဗျာ" လို့မှတ်ချက်ချပါသတဲ့။ မှတ်သားလောက်ပါတယ်။

ဘာပဲပြောပြော တခုလုံးခြုံပြီးပြောရရင် အရင်းရှင်ကြီးတွေ အဖို့ကတော့ ဆင်ပိန်ကျွဲပါ။ ဒီလိုအဖြစ်အပျက်တွေက သူတို့ရဲ့ ခြေလှမ်းတွေကို တုန့်ဆိုင်းစေမှာ မဟုတ်ပါဘူး။ ပထမပုံစံ ရင်းနှီးမြှုပ်နှံမှု – နိုင်ငံခြားက တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဟာ ၁၉၉၀ ခုနှစ်ကနေ ၁၉၉၃ ခုနှစ်အတွင်းမှာ ဒေါ်လာ ၂၆ .၃ ဘီလျံ ( ၁ဘီလျံ= သန်းပေါင်း ၁၀၀၀) ကနေ ဒေါ်လာ ၆၇ ဘီလျံအထိ တိုးတက်လာပြီး ဒုတိယပုံစံ ကာစီနို ရင်းနှီးမြှုပ်နှံမှုကတော့ ဒေါ်လာ ၉.၃ ဘီလျံကနေ ဒေါ်လာ ၉၃ ဘီလျံအထိ တိုးလာခဲ့ပါတယ်။ ဒါဟာ အစောပိုင်း ကိန်းဂဏန်းများသာ ဖြစ်နေသေးပြီး တိုးတက်မှုနှုန်းဟာ နောင်မှာဒီထက် အများကြီး ပိုမြန်ခဲ့ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအပေါ်မှာ မူးယစ်ဆေးဝါးစွဲသလို စွဲနေပြီဖြစ်ပြီး ဒီရင်းနှီးမြှုပ်နှံမှုတွေ ပြန်ရုပ်သိမ်းကြလို့ ကမောက်ကမ

ဖြစ်ကြရတဲ့ မဖွံ့ဖြိုးတဲ့ နိုင်ငံတွေကျတော့ ကယ်ပါယူပါ တစာစာ ဖြစ်ကုန်ရပါတယ်။ သူတို့ဟာ အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ် **စတာတွေဘက်ကို လည်ပင်းကိုးတောင်ကျော် လှမ်းမျှော်မိခဲ့ကြပါတယ်။** ဒီလိုအခါမျိုးမှာ အိုင်အမ်အက်ဖ်တို့တတွေက "ညည်းအပေါ်မှာ ဒီလင်မကောင်းရင် ကွဲလိုက်ပေါ့ " ဆိုတာမျိုးမပြောပါဘူး။ သူတို့က "ညည်းဘက်က အလျှော့ပေးရမယ် " လို့ပဲ ပြောပြီး ပြန်ပေါင်းခိုင်းတာပါ။

အရင်းကျမ်း (ပထမတွဲ) ထဲမှာ မာ့က်စ်က *"မြက်မြက်ကလေး မြတ်မည်ဆိုလျှင် အရင်းသည် အင်မတန်မှ အတင့်ရဲသည်။ ၁၀ ရာခိုင်နှုန်းလောက် မြတ်မည်ဆိုလျှင် ဘယ်ကိုမဆိုသွားပြီး ရင်းနှီးမြှုပ်နှံတာ လုပ်မည်။ ၂၀ ရာခိုင်နှုန်း မြတ်မည်ဆိုလျှင် တက်တက်ကြွကြွ လုပ်မည်။ ၅၀ ရာခိုင်နှုန်း မြတ်မည်ဆိုလျှင် မိုက်မိုက်ကန်းကန်းလုပ်မည်။ ရာခိုင်နှုန်း ၁၀၀ မြတ်မည်ဆိုလို့ကတော့ ဥပဒေ မှန်သမျှကို နင်းချေပစ်မည်။ နောက်ပြီး ရာခိုင်နှုန်း ၃၀၀ ဆိုလျှင် သူ့အနေဖြင့် မည်သည့် ရာဇဝတ်မှုကိုမျှ ကျူးလွန်ရန် နောက်မတွန့်တော့၊ မပြုလုပ်ဝံ့သော စွန့်စားမှု ဆိုသည်လည်း မရှိတော့ ----"*လို့ရေးသားထားပါတယ်။

ဒီခေတ်မှာ ဒီနယ်ချဲ့အရင်းအနှီးတွေဟာ ဥပဒေတွေကို ကိုယ်တိုင်နင်းချေဖို့ မလိုတော့ပါဘူး။ သူတို့ကိုယ်စား ကမ္ဘာနဲ့ချီတဲ့ အဖွဲ့အစည်းကြီးတွေ ရှိနေပါတယ်။ အဲဒါတွေကတော့ အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ်စသည် ----။

## ကယ်တင်ရှင်ကြီးတွေ

ဒီအဖွဲ့အစည်း နှစ်ရပ်ဟာ ၁၉၄၄ ခုနှစ်က ဘရက်တန်ဝုဒ်စ် မှာကျင်းပခဲ့တဲ့ ကွန်ဖရင့်က မွေးဖွားလိုက်တဲ့ အမြွှာညီနောင် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီး မပြီးဆုံးသေးမီ စစ်တိုက်နေဆဲ ကျင်းပကြတဲ့ ဒီကွန်ဖရင့်ရဲ့ ရည်ရွယ်ချက်ဟာ တရားဝင် စာသားများအရဆိုရင် ကမ္ဘာ့စီးပွားရေးနဲ့ ကုန်သွယ်ရေး ပြန်လည် ဖွံ့ဖြိုးအောင်နဲ့ စီးပွားရေးကပ်များကို ရှောင်ကွင်းနိုင်ဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ဖြစ်လာတာက ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားလို့ ကိုလိုနီနိုင်ငံတွေကို လက်လွှတ်ရပြီးတဲ့နောက် ကမ္ဘာ့ကုန်ကြမ်း ကုန်ချောဈေးကွက်၊ အရင်းအနှီး မြှုပ်နှံရာဒေသ စတာတွေကို ပြန်လည်ခွဲတမ်းချတာပါ။ တနည်းပြောရရင် ဗြိတိသျှအင်ပါယာနဲ့ တခြားကိုလိုနီဒေသတွေကို အဲဒီတုန်းက စီးပွားရေးအရ အရင်းအနှီးအရ အားအကြီးဆုံးဖြစ်တဲ့ အမေရိကန်ရဲ့ လက်ထဲကို လွှဲပေးရတာပါပဲ။

အိုင်အမ်အက်ဖ်နဲ့ ကမ္ဘာ့ဘဏ်တို့ဟာ အဲဒီပန္နက်ချတဲ့ အတိုင်း ဆက်ကြီးထွားလာတာ ကာလတိုလေးအတွင်းမှာပဲ ကမ္ဘာ့ အရင်းရှင်စနစ်ကြီးရဲ့ ခွဲမရတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပါတော့တယ်။ ကမ္ဘာ့အရင်းရှင်စနစ်ကို ကာကွယ်တဲ့၊ တွန်းအားပေးတဲ့ အဆောက် အအုံကြီးတွေ ဖြစ်လာပါတယ်။ ၇၀ ခုနှစ်များတုန်းက အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဒေါ်နယ်ရီဂင် (သမတ ရီဂင်မဟုတ်) က အခုလို ပြောင်ပြောင်ပြောခဲ့ပါတယ်။ " အိုင်အမ်အက်ဖ်ဟာ သူ့ရဲ့ သဘောသဘာဝအရ ဆိုရင် နိုင်ငံရေးနဲ့ မဆိုင်တဲ့ အဖွဲ့အစည်းပဲ၊ ----ဒါပေမဲ့ ဒါဟာ အမေရိကန်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ လုံခြုံရေး အကျိုးစီးပွားတွေကို အလုပ်အကျွေး မပြုရဘူးလို့ ဆိုလိုတာမဟုတ်ဘူး။" သူဆိုလိုတာ အိုင်အမ်အက်ဖ်သာ မဟုတ်ပါဘူး၊ ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း ( W.T.O )၊ ဂါ့တ် ( GATT ) ခေါ် အခွန်အကောက်နဲ့ ကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘော တူညီချက် စတာတွေလည်း ပါပါတယ်။

ကမ္ဘာမှာ အမေရိကန်က သူ့ကိုယ်သူ ကမ္ဘာ့ပုလိပ်လို သတ်မှတ်ပြီး ဗိုလ်ကျရမ်းကားနေတဲ့ ဒီနေ့မှာ သူ့ကို အလုပ်အကျွေး ပြုပါတယ်ဆိုတဲ့ အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ်စတာတွေဟာလည်း ကမ္ဘာ့စီးပွားရေးစာပေတွေအထဲမှာ ဘွဲ့အသစ်ရလာပါတယ်။ အဲဒါက တော့ ကမ္ဘာ့ စီးပွားရေး လောကရဲ့ ဂေါ့ဖားသားတွေ ---- တဲ့။

သူတို့ကို ဒီလိုခေါ်ဝေါ်တာရဲ့ အကြောင်းရင်းက ဒီလိုပါ။ သူတို့ဆီက ငွေချေးယူတဲ့ နိုင်ငံတွေဟာ မိမိတို့နိုင်ငံရဲ့ စီးပွားရေးကို သူတို့ကြိုက်တဲ့ ပုံစံအတိုင်း စီမံကိန်း ရေးဆွဲရပါတယ်။ အလွယ်ဆုံး ဥပမာ ပြရရင် ကမ္ဘာ့ဘဏ်ဟာ လယ်ယာနိုင်ငံတွေကို စက်မှုနိုင်ငံ ဖြစ်အောင် ငွေချေးပေးတာမဟုတ်ပါဘူး၊ လယ်ယာနိုင်ငံပဲ ဆက်ဖြစ်နေအောင်၊ တခါတလေဆိုရင် သတ်မှတ်ထားတဲ့ စိုက်ပျိုးသီးနှံကိုပဲ အမိကစိုက်ပျိုးနေအောင် ငွေချေးပေးတာပါ။ တခါတလေမှာတော့ ကမ္ဘာ့ဘဏ်ဟာ မဖွံ့ဖြိုးတဲ့ နိုင်ငံတနိုင်ငံမှာ အရင်းအနှီးမရှိလို့ မဖော်ထုတ်နိုင်တဲ့ အရင်းအမြစ်သစ်၊ ဒါမှမဟုတ် ကုန်ကြမ်းသစ်တွေကို အရင်းရှင်ကြီးတွေ လက်လှမ်းမှီနိုင်စေဖို့အတွက် အကူအညီပေးတဲ့ အနေနဲ့ပဲ ဒီနိုင်ငံကို ငွေချေး ပေးပါတယ်။ဒါပေမဲ့ ဒါဟာကုန်ကြမ်းဖော်ထုတ်ဖို့သာ ချေးပေးတာပါ။ ကုန်ချောအဆင့်ထိ ရောက်အောင် ထုတ်ပေးတာ မဟုတ်ပါဘူး ဒီလိုနဲ့ အာဖရိက နိုင်ငံအမြောက်အမြားဟာ မိမိတို့ရဲ့ ခေတ်နောက်ကျတဲ့ အခြေခံ စီးပွားရေး အဆောက်အအုံကို ပုံစံမပြောင်းနိုင်တဲ့အပြင် ပြည်ပ ကြွေးတွေ ပိသထက်ပိလာတာ ဖြစ်ပါတယ်။ အဲဒီအကြွေးတွေ ပိလာလို့ ပြည်ပကြွေးတွေ ပြန်မဆပ်နိုင်တော့ဘဲ တိုင်းပြည်ရဲ့ စီးပွားရေးဟာ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်လာပြီဆိုရင် ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်တို့ရဲ့ အကြွေးပြန်လည်ထိန်းညှိရေးလို့ဆိုတဲ့ ဆေးခါးကြီးနဲ့ တွေ့တော့တာပါ ပဲ။ အဲဒီ ဆေးခါးကြီးကို စီးပွားရေးအဆောက်အအုံ ထိန်းညှိမှု လို့ခေါ်ပါတယ်။ ဒီလိုထိန်းညှိရတဲ့ နိုင်ငံတွေဟာ ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်နဲ့ တခြားသူတို့စီစဉ်ပေးတဲ့ ဌာနတွေက ချေးငွေကို ရယူမယ်ဆိုရင် သူတို့ရဲ့ တောင်းဆိုချက်တွေ ကတိပြုရပါတယ်။ အဲဒါတွေက ( ၁ ) ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ဖော်ထုတ်ပေးရမယ်။ အခြေအနေတွေ ဖန်တီးပေးရမယ်။ အဲဒါကတော့ ပြည်ပက အရင်းရှင်တွေအတွက် ရင်းနှီးမြှုပ်နှံရေးနဲ့ ကုန်သွယ်ရေးအတားအဆီး မှန်သမျှကို ဖယ်ရှား ပေးရေးဖြစ်ပါတယ်။ နိုင်ငံစုံရင်းနှီးမြှုပ်နှံရေး သဘောတူညီချက် (အမ်အေအိုင်) ( Multilateral Agreement on Investment ) ကို အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ်နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ရေးဆွဲ အတည်ပြုပြဌာန်းခဲ့တယ်။ (အမ်အေအိုင်) အတွက် ဆွေးနွေး ညှိနှိုင်းပွဲများကို ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၂၉ နိုင်ငံ ပါဝင်တဲ့ အိုအီးစီဒီ ရဲ့ ကုန်သွယ်ရေး ဝန်ကြီးများက ၁၉၉၅ ခုနှစ်မေလတွင် စတင် ပြုလုပ်ခဲ့တယ်။ (ဒါကိုဆန့်ကျင်ကန့်ကွက်နေတဲ့ နိုင်ငံလည်း ၃၁ –နိုင်ငံ

ရှိတယ်။) အမ်အေအိုင်၏ အဓိက အချင်းအရာ သုံးရပ် (က)စည်းမျဉ်း စည်းကမ်းများ လျှော့ချဖျက်သိမ်းပြီး နိုင်ငံခြား အရင်းအနှီးများကို လွတ်လပ်စွာ မြှုပ်နှံခွင့်ပြုရေး။ (ခ) အမြင့်ဆုံးအခွင့်အရေးပေးရေး။ (ဂ) စာချုပ်စည်းကမ်းများအတိုင်း လိုက်နာကျင့်သုံးရေး နဲ့ ပတ်သက်တဲ့ ဝိဝါဒကွဲပြားမှု ဖြေရှင်းရေးစနစ်ပြဋ္ဌာန်းရေး (ဒေသခံများနဲ့ တန်းတူရည်တူရေး မကတဲ့ အခွင့်အရေး ပိုပေးရေး၊ အကြိုစည်းကမ်းချက်များ မထားရေး၊ နိုင်ငံပိုင်မသိမ်းရေး၊ အရင်းအနှီးများ လွတ်လပ်စွာစီးဝင်ခွင့်၊ ပြန်ထုတ်ယူခွင့်ပြုရေးနဲ့ ယုတ်စွအဆုံး နိုင်ငံအစိုးရများအပေါ် နစ်နာမှုအတွက် တရားစွဲဆို လျော်ကြေးတောင်းခံရေးအထိ ပါဝင်တယ်၊ ဒီသုံးချက်ဟာ သူတို့မြို့ရှင် အချင်းချင်းကို 'လျှော့ဈေးမပေးကြနဲ့'လို့ ညှိလိုက်တဲ့ သဘောလည်း တစုံတရာ ပါနေပါတယ်။) ( ၂ )အစိုးရရဲ့ အသုံးအစွဲတွေကို ဖြတ်တောက်ရမယ်။ လက်တွေ့က လူမှုဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ အသုံးစရိတ်တွေလျှော့ခိုင်းတာ ဖြစ်လို့မို့ ပြည်သူတွေရဲ့ နေထိုင်မှုဘဝကို သာသိခိုက်ပါတယ်။ တခါတလေမှာ မိမိနိုင်ငံရဲ့ ငွေကြေးကို တန်ဖိုးချခိုင်းတာလည်း ပါပါသေးတယ်။ ( ၃ ) ပြည်ပ ပို့ကုန် တိုးမြှင့်ပြီး နိုင်ငံခြားသုံးငွေကို အသေအလဲ ရှာရမှာဖြစ်ပါတယ်။ ဒီလိုနဲ့ မိမိတိုင်းပြည်ရဲ့ စီးပွားရေးဟာ အခြေခံ အဆောက်အအုံ တည်ဆောက်ရေးကို အာရုံမစိုက်နိုင်တော့ဘဲ နိုင်ငံခြားသုံးငွေ ရရေးကိုသာ အာရုံစိုက်ရတာဖြစ်လာပါတယ်။ ဒီလိုရှာရတဲ့ နိုင်ငံခြားသုံးငွေဟာ– ( ၄ ) အရေးအကြီးဆုံး တောင်းဆို ချက်ဖြစ်တဲ့ ပြည်ပကြွေးတွေကို အကျေအလည်ဆပ်ဖို့ ဖြစ်ပါတယ်။ ဒီလို လုပ်လိုက်တော့ အဆုံးမှာ မြို့ရှင်တွေဟာ မိမိတို့ရစရာရှိတဲ့ အကြွေးနဲ့ အတိုးတွေ အကုန်ပြန်ရသွားပြီး မြီစားနိုင်ငံတွေကတော့ တခြားက အကြွေးတွေတင်ပြီး ဂျာအေးဇာတ်ခင်း ရတာပါပဲ။ တပါတည်းမှာ အဲဒီမြီစားနိုင်ငံရဲ့ နှစ်စဉ်တိုးတက်မှုနှုန်းဟာ ကြုံ့သွားပြီး၊ ငွေစက္ကူ တန်ဖိုးကျသွားတာလည်း ကြုံရတတ်ပါတယ်။

ဒီကနေတဆင့် တက်လာတာကတော့ အခု တကမ္ဘာလုံး လက္ခဏာဆောင်မှုနဲ့ ဆက်နေတဲ့ အိုင်အမ်အက်ဖ်ရဲ့ တောင်းဆိုချက်တွေပဲ ဖြစ်ပါတယ်။ ဒီခြေလှမ်းမှာ တောင်းဆိုတာက – အရပ်စကားနဲ့ ပြောရရင် နိုင်ငံတော်ပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင် ပြောင်းလဲပေးရေး၊ အစိုးရရဲ့ အခွန်အကောက်စနစ်တွေကို ပြင်ပေးရေးနဲ့ ငွေကြေးနယ်ပယ်မှာ ဈေးကွက်အားလုံးကို ဖွင့်ပေးရေးတို့ ဖြစ်ပါတယ်။ ဒီလိုသူတို့တောင်းဆိုတဲ့အတိုင်း လုပ်ပေးရလို့ အကျိုးဆက် ဘယ်လိုရှိတယ်ဆိုတာကို မပြောမီ ဒီလိုလုပ်ဖို့အတွက် နိုင်ငံတွေဟာ မိမိတို့နိုင်ငံရဲ့ ဥပဒေလုပ်ထုံးတွေ ပြင်ပေးရပါတယ်။ တချို့ဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုတောင် ပြင်ပေးရပါတယ်။ အိုင်အမ်အက်ဖ်ဆိုတဲ့ အမြောက်တင်သင်္ဘောကြီးရဲ့ အမိန့်အရ နိုင်ငံ့အချုပ်အခြာ အာဏာ ပိုင်မှုကို အလျှော့ပေးရတာဖြစ်ပါတယ်။ သူတို့က လက်နက်မသုံးတော့ အေးအေးပြတိုက်တယ်လို့ ဆိုရမှာပါ။

သူတို့တောင်းဆိုတဲ့အတိုင်း ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲပေးတယ်ဆိုတာ မိမိနိုင်ငံရဲ့ အချက်အချာကျတဲ့၊ ဒါမှမဟုတ်ဝင်ငွေကောင်းတဲ့ လုပ်ငန်းတွေကို နိုင်ငံခြား အရင်းရှင် လက်ထဲ ထိုးအပ်တာ ဖြစ်လာပါတယ်။ နိုင်ငံခြားက ငွေရှင်ကြေးရှင်တွေဟာ အခြေအနေ မကောင်းတဲ့ လုပ်ငန်းတွေ၊ စက်ရုံတွေဆိုရင် စိတ်မဝင်စားပါဘူး။ ဒီနေ့ (နအဖ) အစိုးရက ရောင်းပေးတဲ့ ပုလိပ်ချည်မျှင်လုပ်ငန်း၊ အင်းစိန်က သံနဲ့သံမဏိလုပ်ငန်း စတာတွေကို ပြည်တွင်းပြည်ပ ဘယ်သူကမှမဝယ်ကြတာဟာ ဒီ အဓိပ္ပာယ်ပါပဲ။ သတင်းထုတ်ပြန်ချက်တခုအရကတော့ အင်းစိန်ရွာမရှိ သတ္တုတွင်းဝန်ကြီးဌာနပိုင် သံမဏိစက်ရုံကို မြန်မာနိုင်ငံ ရှိဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်ကြီးများ အဓိကပါဝင်ဖွဲ့စည်းထားတဲ့ Myanmar National Industrial Holding ကုမ္ပဏီသို့ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင် အစီအစဉ်နဲ့ လွှဲပြောင်းပေးခဲ့ပါတယ်။ နောက်ပိုင်းမှာ အဆိုပါကုမ္ပဏီသို့ ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အိုးအိမ်ဦးစီးဌာန၊ မြန်ဂုဏ်မြှင့်ကုမ္ပဏီနဲ့ အဖွဲ့အစည်းအချို့ အစုရှယ်ယာ ထည့်ဝင်ခဲ့တယ်လို့ဆိုပါတယ်။ ယခုအခါ အင်းစိန်ရွာမစက်ရုံမှ ဆောက်လုပ်ရေး လုပ်ငန်းသုံး သံချောင်းများ၊ အိမ်ရိုက်သံများ စတင်ထုတ်လုပ် ထွက်ရှိနေပြီ ဖြစ်တယ် လို့ဆိုပါတယ်၊

အိုင်အမ်အက်ဖ် ရဲ့ နောက်ထပ်တောင်းဆိုချက် တခုဖြစ်တဲ့ အခွန်အကောက်စနစ်တွေကို ပြုပြင်ပေးရေးဆို တာ အဓိကအားဖြင့် ကုန်သွယ်ရေးနယ်ပယ်မှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် အနောက် နိုင်ငံက ကုန်ပစ္စည်းတွေ ဒီနိုင်ငံရဲ့ ဈေးကွက်ထဲကို ဒလဟော စီးဝင်နိုင်ဖို့အတွက် အတားအဆီးတွေဖွင့်ပေးရတာ ဖြစ်ပါတယ်၊ အရှင်းဆုံးပြောရရင် ကုန်ချောဈေးကွက်ကို အပိုင်စီးတာဖြစ်ပါတယ်။ ပြည်ပက ကုန်ပစ္စည်းတွေ ဒီလိုအောတိုက် ရောက်ရှိနေတော့ ပြည်တွင်းလုပ်ငန်းရှင်တွေ ထိခိုက်ရုံမက အသစ်ထူထောင်တာ၊ တီထွင်တာတွေပါ ဆုံ့ကုန်ရပါရော။ ဒါနဲ့ပဲ အဲဒီနိုင်ငံဟာ ပြည်ပက (အပိုင်စီးထားတဲ့) နိုင်ငံရဲ့ ကုန်ပစ္စည်းတွေကို မှီခိုအားထားရတာ ဖြစ်တော့တာပါပဲ။

အိုင်အမ်အက်ဖ်ရဲ့ တတိယ တောင်းဆိုချက်ဖြစ်တဲ့ ငွေကြေးဈေးကွက်တွေ ဖွင့်ပေးတယ်ဆိုတာဟာ မိမိတို့ရဲ့ ငွေကြေးကဏ္ဍသာမက အိမ်ယာလုပ်ငန်း၊ စတော့ဈေးကွက်စတာ –ပြောရရင် လုပ်ငန်းအားလုံးကို ရေ့မှာတင်ပြခဲ့တဲ့ ငွေလုံးငွေရင်းကြီးတွေရဲ့ ရှေ့မှာ ပုံချပေးရတဲ့အဖြစ် ဆိုက်တာပါပဲ။ ဒါနဲ့တဆက်တည်း မိမိနိုင်ငံရဲ့ ငွေကြေးတန်ဖိုးပါ သူတို့လောင်းကစားတာ ခံရပါတယ်။ ဒီလိုနဲ့ မိမိနိုင်ငံရဲ့ စီးပွားရေး တခုလုံး သူတို့ပြုသမျှ နရတဲ့ အခြေအနေ ဆိုက်တော့တာပါပဲ။

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်းလိုဟာကလည်း အိုင်အမ်အက်ဖ်တို့လိုပဲ သက်ဆိုင်ရာ နိုင်ငံတွေကို တောင်းဆိုချက်တွေနဲ့ အနိုင်ကျင့်တာပါ။ ဒီအဖွဲ့အစည်း တွေရဲ့ အမည်သညာရှေ့မှာ 'ကမ္ဘာ' တို့ 'နိုင်ငံတကာ'တို့ ဆိုတာတွေပါပေမယ့် တကယ်က အနောက်အရင်းရှင်နိုင်ငံကြီးတွေ အထူးသဖြင့် အမေရိကန်က ချယ်လှယ်နေတဲ့ အဖွဲ့တွေသာဖြစ်ပါတယ်။

### သတင်းဆက်သွယ်ရေး

ကျွန်တော်တို့တတွေဟာ တောက်ပြောင်တဲ့ အဝတ်တထည်ကိုတွေ့ရင် ယေဘုယျအားဖြင့် ပုံစံ၊ အရောင်စတာတွေလောက်ကိုသာ သတိထားမိလေ့ရှိကြပါတယ်။ ဒီအထည်ကို အထည်ရယ်လို့ ဖြစ်အောင် ဆက်စပ်ပေးထားတဲ့၊ သူသာမရှိရင် အထည်တောင်မဖြစ်နိုင်တဲ့၊ အခရာကျတဲ့ ချုပ်ရိုးကိုတော့ မေ့နေတတ်ပါတယ်။ အလားတူပဲ ဒီနေ့ခေတ် အရင်းရှင်စနစ်ကိုပဲ

ဖြစ်ဖြစ်၊ တကမ္ဘာလုံး လက္ခဏာဆောင်မှုကိုပဲဖြစ်ဖြစ်ပြောရင် ချုပ်ရိုးသဖွယ် အရေးကျတဲ့ သတင်းဆက်သွယ်ရေးကဏ္ဍကို ချန်ထားလို့ မရပါဘူး။

ဒီနေ့ရဲ့ သတင်းဆက်သွယ်ရေးစနစ်သာ မရှိရင် အခုလို တနေ့တနေ့ဒေါ်လာကုဋေပေါင်းများစွာ ပြောင်းရွှေ့ရင်းနှီးမြှုပ်နှံတာမျိုးတွေ မလုပ်နိုင်ပါဘူး။ ဂျပန်နိုင်ငံ အိုဆာကာမြို့ကနေပြီး လက်တင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံ၊ ဗြူနိုအေးရီးစ်မြို့က လုပ်ငန်းတွေကို လှမ်းပြီး စီမံအုပ်ချုပ်နိုင်တာဟာလည်း ဒီပိုက်ကွန်တွေကြောင့်ပါ။

လွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ကာလလောက်တုန်းကကိုပဲ တနိုင်ငံက တနိုင်ငံကို ငွေကြေးတွေ လွှဲပြောင်းဝင်ရောက်တယ် ဆိုတာဟာ အစိုးရတွေ၊ ဒါမှမဟုတ် ငွေကြေးအဆောက်အအုံကြီးတွေကတဆင့် သွားကြတာပါ။ ကြားမှာအဆင့်ဆင့်ဖြတ်ပြီး လုပ်ရတာမို့အချိန်လည်း အလွန်ကြာပါတယ်။ အခုတော့ အင်တာနက်ပိုက်ကွန်တွေကနေတဆင့် စက္ကန့်ပိုင်းအတွင်းမှာပဲ ဈေးမ ငွေအလုံးအရင်းကြီးတွေ ခေါက်တုန့်ခေါက်ပြန် သွားလာနေကြပါတယ်။ အတတ်ပညာသည် မွေးထုတ်မလား၊ အလုပ်သမားတွေရဲ့ ရေချိန်ကို မြှင့်တင်မလား၊ ပင်မကုမ္ပဏီကြီးတွေက သင်တန်းဆရာတွေ စေလွှတ်ဖို့ မလိုတော့ပါဘူး။ ကွန်ယက်ထဲကနေ အကုန်ပို့လွှတ်လို့ ရနေပါတယ်။

ပြီးခဲ့တဲ့နှစ် ဩဂုတ်လထဲတုန်းက တကမ္ဘာလုံး ထုတ်လုပ်မှုရဲ့ ၂%သာ ထုတ်လုပ်တဲ့ ရုရှားနိုင်ငံမှာငွေကြေး အကျပ်အတည်း ဖြစ်ခဲ့ပါတယ်။ ဒီခေတ် ရုရှားနိုင်ငံအဖို့ ဒါမျိုးပြဿနာဟာ ရိုးနေပါပြီ။ ဒါပေမဲ့ ဒါဟာ နယူးယောက်ရဲ့ အကြီးဆုံးစတော့ဈေးကွက်ကြီး ဖြစ်တဲ့ ဒေါင်းဂျုံး( (DOW JONES)ဈေးကွက်ကြီးမှာ တရက်အတွင်း ၅၁၂ မှတ်တောင် ထိုးကျသွားပါတယ်။ ဒါဟာလည်း သတင်းဆက်သွယ်ရေးစနစ်ကြောင့် ဒါလောက်မြန်မြန်ကြီး ဂယက်ရိုက်တာပါ။

ဒီလိုအစွမ်းထက်တဲ့ နည်းပညာတွေ တိုးတက်ထွန်းကားလာတာဟာ လူသားတွေအတွက် ဝမ်းသာစရာပါ။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ခေတ်အဆက်ဆက် လူသားတွေရဲ့ လုံးပန်းအားထုတ်မှုနဲ့ ရရှိလာတဲ့ ဒီနည်းပညာတွေကို လူသားအားလုံးပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့် မရှိတာပါပဲ။ တခြားကုန်ထုတ်ပစ္စည်းတွေလိုပဲ ဒီသတင်းဆက်သွယ်ရေး အပါအဝင် နည်းပညာတွေဟာ ပုဂ္ဂလိကပိုင်ပစ္စည်း ဖြစ်နေပါတယ်။ဒါ့အပြင် အရင်းအနှီး အင်မတန်ကြီးကြီးမားမား လိုအပ်တဲ့အရာတွေမို့ ဒီလုပ်ငန်းအားလုံးကို နိုင်ငံလွန် ကော်ပိုရေးရှင်းလိုဟာတွေကပဲ ပိုင်ဆိုင်ကြပါတယ်။

## အခန်း(၃)

တကမ္ဘာလုံး လက္ခဏာဆောင်မှုအတွက် ရှေ့နေလိုက်ပေးကြသူ အားလုံးနီးပါးမှာ တူညီတဲ့ ပြောကြားချက်တခု ရှိပါတယ်။ အဲဒါကတော့ "တကမ္ဘာလုံးလက္ခဏာဆောင်မှုဟာ နိုင်ငံနယ်နိမိတ်သတ်မှတ်ချက်တွေကို ပမာမထားတော့ဘူး။ ဒီနယ်နိမိတ်ဆိုတာတွေဟာ တဖြည်းဖြည်း အဓိပ္ပါယ် မရှိတော့ဘူး" ဆိုတာပါပဲ။ ဒီစကားနဲ့ နှိုင်းယှဉ်ကြည့်သင့်တာက ယူဂိုဆလပ်နိုင်ငံထဲကို အတင်းဝင်ရောက် ကျူးကျော်ရမ်းကားတဲ့ အမေရိကန်နဲ့ နာတိုးတို့ရဲ့ အဆိုပါပဲ။ သူတို့က "လူ့တန်ဖိုးတွေအတွက်ဆိုရင် နယ်နိမိတ်တွေကို ဂရုစိုက်မနေနိုင်ဘူး" တဲ့။ တိုက်ဆိုင်မှု မဟုတ်ပါဘူး။

၁၉၁၇ခုနှစ်က မဟာအောက်တိုဘာ တော်လှန်ရေးဟာ ဆိုဗီယက်ယူနီယံကို မွေးထုတ်ပေးခဲ့သလို မြောက်မြားလှတဲ့ နိုင်ငံတွေကိုလည်း ကိုလိုနီထမ်းပိုးအောက်က ရုန်းထွက်နိုင်စေခဲ့ပါတယ်။ ဒါပေမဲ့ ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပအုပ်စု ပြိုကွဲသွားပြီးတဲ့နောက်မှာတော့ နယ်ချဲ့သမားတွေဟာ ကိုလိုနီအိပ်မက်တွေ ပြန်မက်လာကြပါတယ်။ "၂၁-ရာစုနှစ်ဟာ အမေရိကန်ရဲ့ ရာစုနှစ်ဖြစ်စေရမယ်"လို့ကြုံးဝါးသူက ကြုံးဝါးလာပါတယ်။ သူတို့ပါးစပ်တွေက "၂၁-ရာစုနှစ်ဟာ ငြိမ်းချမ်းတဲ့ရာစုနှစ်ဖြစ်စေရမယ်" ဆိုတာမျိုး ပြောသံတခါမှ မကြား ရဖူးပါဘူး။

သာမန်လူတွေအနေနဲ့ ပြည်ပက ကျူးကျော်သူတွေ လေကြောင်းကလာလာ၊ ရေကြောင်းကလာလာ၊ ကြည်းကြောင်းကလာလာ သိနိုင်ကြပါတယ်။ ဒါပေမဲ့ ကွန်ပြူတာပိုက်ကွန်ထဲကလာတဲ့ တကမ္ဘာလုံးလက္ခဏာဆောင်မှုဆိုတဲ့ ခေတ်သစ် ကိုလိုနီပြုမှုကိုတော့ သတိမထားမိဘဲ ရှိတတ်ကြပါတယ်။ ဒီတကမ္ဘာလုံးလက္ခဏာဆောင်မှုဆိုတာဟာ ဆယ်နှစ်ကျော်လောက်သာ သက်တမ်းရှိသေးပေမယ့် ဒီကာလလေးအတွင်းမှာပဲ သူ့ရဲ့အကျိုးသက်ရောက်မှု ဘယ်လောက်ရှိတယ်ဆိုတာကို ၁၉၉၇ ခုနှစ်ထုတ် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ (HUMAN DEVELOPMENTS REPORTS) ထဲမှာ ဒီလိုတွေ့နိုင်ပါတယ်။ "ကမ္ဘာ့လူဦးရေထဲက အဆင်းရဲဆုံး ၂၀ %ရဲ့ဝင်ငွေဟာ ၁၉၉၁ခုနှစ်မှာ ၁.၄% ရှိရာကနေ အခုအခါမှာ ၁.၁%ပဲရှိတော့တယ်။ ၁၉၆၀ ခုနှစ်ဆီတုန်းကတော့ ၂.၃%ရှိခဲ့တယ်။ အချမ်းသာဆုံး ၂၀%နဲ့ အဆင်းရဲဆုံး ၂၀% တို့ရဲ့ ပိုင်ဆိုင်မှု အချိုးအစားဟာ ၁၉၆၀ ခုနှစ်တုန်းက ၃၀း၁၊ ၁၉၉၁ ခုနှစ်မှာ ၆၀း၁ ရှိပြီး ၁၉၉၄ ခုနှစ်မှာတော့ ၇၈း၁ တောင် ဖြစ်နေပါတယ်။" ကမ္ဘာ့ဆင်းရဲသားဦးရေဟာ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတပုံ ရှိနေပြီး အဲဒီအထဲက သန်း ၁၃၀၀ ဟာ တနေ့ဝင်ငွေတဒေါ်လာပင် မရှိပါ။ ဒီအစီရင်ခံစာထဲမှာပဲ "စက်မှုနိုင်ငံအမြောက်အမြားဟာ ၁၉၃၀ ခုနှစ်များ ဒီဘက်မှာ တခါမှ မကြုံဖူးတဲ့ အလုပ်လက်မဲ့ဖြစ်မှုနှုန်းတွေ တိုးတက်လာတယ်။ စက်မှုနိုင်ငံတွေမှာ အလုပ်လက်မဲ့ဦးရေ (၃၇) သန်းအထိရှိလာတယ်။ ဝင်ငွေကွာဟမှုဟာလည်း ဒီရာစုနှစ်အတွင်း အကြီးမားဆုံးစံချိန်ကို ရောက်နေတယ်။ "လို့ ဖော်ပြထားပါတယ်။

ဒီကာလအတွင်းမှာပဲ အရင်တုန်းက အိုင်အမ်အက်ဖ်၊ ကမ္ဘာ့ဘဏ်အပါအဝင် အရင်းရှင်လောကက ကျောသပ်ချီးကျူးရတဲ့ မက္ကဆီကိုနိုင်ငံနဲ့ အာရှတိုက်က ကျားဆိုတာတွေ ၀ှမ်းပြန်ကုန်တာတွေ့ရသလို နဂိုက ဆိုရှယ်လစ်နိုင်ငံဆိုတဲ့ အရှေ့ဥရောပနိုင်ငံတွေလည်း တတိယကမ္ဘာနိုင်ငံသာသာ အခြေအနေကို ဆိုက်သွားကြတာတွေ့ရပါတယ်။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းဆိုရင်လည်း လျော့သွားတယ် မရှိဘဲ တိုးလို့သာလာပါတယ်။ တချို့တတိယကမ္ဘာနိုင်ငံတွေမှာဆိုရင် အချုပ်အခြာအာဏာပိုင်မှုဆိုတာ အမည်ခံလောက်သာ ရှိပါတော့တယ်။

ဒီလို အခြေအနေတွေ ရှိနေပါလျက်နဲ့ ဒီနေ့ကမ္ဘာမှာ

✡စာမျက်နှာ(၄၅)သို့

# ဘောဂဗေဒဟောပြောချက်

(၁၉၈၆ခုနှစ်ကပြုလုပ်ခဲ့သော ပါတီဗဟို၏ အဆင့်မြင့်ကေဒါ သင်တန်းတွင် ပို့ချခဲ့သော နိုင်ငံရေးဘောဂဗေဒ ဘာသာရပ်မှ ပို့ချချက် (၁)၊ (၂)၊ (၃)နှင့် (၄) တို့ကို ယခင်ထုတ်ဝေခဲ့သော ပြည်သူ့အာဏာဂျာနယ်များတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ကျန်အပိုင်းများကို နောင်စာစောင် များတွင် ဆက်လက်ဖော်ပြပါမည်။ )

ပြဿနာ (၄)

အရင်းရှင်စနစ်စုပုံမှု၏ သမိုင်းဆိုင်ရာ တိမ်းညွတ်မှု။အရင်းရှင်စနစ်၏ အခြေခံ ပဋိပက္ခ။

အရင်းရှင်စနစ်အောက်ရှိ ထုတ်လုပ်ရေးသည် လူ့အဖွဲ့အစည်း သဏ္ဌာန်ဆောင်သော ထုတ်လုပ်ရေး ကြီး ဖြစ်သည်။ ပထမအားဖြင့် အရင်းရှင်စနစ် အောက်ရှိ ထုတ်လုပ်ရေးသည် အတိုင်းအတာကြီးမား၍ တပေါင်းတစည်းတည်း အလုပ်လုပ်ခြင်းကို အခြေခံပေသည်။ အရင်းရှင်များသည် အလုပ်သမားများကို စက်ရုံတခု ထဲ၌ စုစည်းပြီး အတူတကွ အလုပ်လုပ်စေသည်။ စက်ရုံအတွင်း၌ တင်းကျပ်စွာ စည်းရုံးထားသည်။ ရှုပ်ထွေးသော အသေးစိတ်ကျသော အလုပ်တာဝန် ခွဲဝေမှုများ ရှိသည်။ ပစ္စည်းတခုကို ပြီးမြောက်အောင် ထုတ်လုပ်ဖို့အတွက် အလုပ်သမား အမြောက်အများဖြင့် အဆင့်ဆင့် ထုတ်လုပ်ရသည်။ အိန်ဂယ်လ်က "ထုတ်လုပ်ရေးပစ္စည်း များနှင့် အတူ ထုတ်လုပ်ရေးပင်ကိုယ်သည်လည်း တဦးချင်းလုပ်ဆောင်မှုမှ အစဉ်အဆက် ဖြစ်ပေါ်လာသော လူ့အဖွဲ့အစည်းဆိုင်ရာ လှုပ်ရှားမှုအဖြစ်သို့ ပြောင်းလဲလာသည်။ ထုတ်လုပ်လိုက်သော အထွက်ပစ္စည်းလည်း တဦးခြင်း ထုတ်လုပ် လိုက်သော ပစ္စည်းအဖြစ်မှ လူ့အဖွဲ့အစည်းမှ ထုတ်လုပ်လိုက်သော ပစ္စည်းအဖြစ်သို့ ပြောင်းလဲ လာသည်။ "ဟု ပြောခဲ့သည်။ ဒုတိယအားဖြင့် လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ခွဲဝေမှု တနေ့တခြား ဖြစ်ပေါ်တိုး ပွားလာပြီး၊ ထုတ်လုပ်ရေး ဌာနများ တနေ့တခြား တိုးများလာကာ ထုတ်လုပ်သူ များအကြား လူမှုဆက်ဆံ ရေးသည် တနေ့တခြား နီးစပ်မှု များပြားလာကာ ထုတ်လုပ်ရေးဖြစ်စဉ် အားလုံးသည် လူ့အဖွဲ့ အစည်းဆိုင်ရာ ထုတ်လုပ်ရေးဖြစ်စဉ်တခု အဖြစ်ရောနှောပေါင်းစပ်လာပေသည်။ "ယက်ကန်းစက်ရုံသူဌေးသည် ချည်ငင်စက်ရုံ သူဌေး ကို မှီခိုရသည်။ ချည်ငင်စက်ရုံသူဌေးသည် ဝါဂွမ်းထုတ်လုပ်သော သူဌေးကို မှီခိုရသည်။ စက်ကိရိယာပစ္စည်း ထုတ်လုပ်သော စက်ရုံ၏သူဌေးကိုမှီခိုရသည်။ ကျောက်မီးသွေး တွင်းပိုင်ရှင်သူဌေးကို မှီခိုရသည်။ ဤသို့ဖြင့် အရင်းရှင်တိုင်းသည် အခြားသော အရင်းရှင်များနှင့် ကင်းကွာ၍ မနေနိုင်။ " တတိယအားဖြင့် အရင်းရှင်စနစ်သည် စက်မှုလုပ်ငန်းကို အတိုင်းအတာ ကြီးမားသော ထုတ်လုပ်ရေး ဖြစ်စေရုံသာမက လယ်ယာလုပ်ငန်းကိုလည်း အတိုင်းအတာ ကြီးမားသော ထုတ်လုပ်ရေး ဖြစ်စေလေသည်။ ကျဉ်းမြောင်းသော ဒေသဆိုင်ရာ ဈေးကွက်များကို ပူးပေါင်းပြီး နိုင်ငံတော် ဈေးကွက်ကြီး ဖြစ်လာစေသည်။ ထိုမှတဆင့် ကမ္ဘာ့ဈေးကွက်ကြီး ဖြစ်လာစေသည်။

ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်ခြင်းသည် ထုတ်လုပ်ရေး ပစ္စည်းများကို လူ့အဖွဲ့အစည်းက ပိုင်ဆိုင်ရန် တောင်းဆိုလာသည်။ ထုတ်လုပ်ရေး ပစ္စည်း အရင်းရှင်ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ်သည် လူ့အဖွဲ့အစည်း လက္ခဏာဆောင်သော အတိုင်းအတာကြီးမားသည့် ထုတ်လုပ်ရေးနှင့် ဆန့်ကျင်ဖက် ဖြစ်လာသည်။ အရင်းရှင်လူ့အဖွဲ့အစည်း၏ အခြေခံ ပဋိပက္ခသည် ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုနှင့် ပိုင်ဆိုင်မှုစနစ် ပုဂ္ဂလိက လက္ခဏာဆောင်မှုအကြား ပဋိပက္ခပင် ဖြစ်သည်။

ပစ္စည်းမဲ့လူတန်းစားသည် လူ့အဖွဲ့အစည်း လက္ခဏာဆောင်သော ထုတ်လုပ်ရေး၏ တောင်းဆိုမှုကို ကိုယ်စား ပြုပေသည် တနည်းအားဖြင့် ထုတ်လုပ်ရေးပစ္စည်း လူ့အဖွဲ့အစည်း အများပိုင်ဆိုင်မှုကို တောင်းဆိုပေသည်။ အရင်းရှင်လူတန်းစားမှာမူ ၎င်း၏ ပင်ကိုယ် လူတန်းစား လက္ခဏာမှ အစချီပြီး အရင်းရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အသေအလဲ ကာ ကွယ်ပေသည်။ အရင်းရှင် လူ့အဖွဲ့အစည်း၏ အခြေခံ ပဋိပက္ခနှင့် ပတ်သက်ပြီး ရဲဘော်မော်စီတုန်းက " ယင်း ပဋိပက္ခ၏ လူတန်းစား ဖော်ပြချက်မှာအရင်းရှင်လူတန်း စားနှင့် ပစ္စည်းမဲ့ လူတန်းစားအကြား ပဋိပက္ခဖြစ်သည် " ဟု ထောက်ပြခဲ့လေသည်။

အရင်းရှင်စနစ် စုပုံမှု၏ သမိုင်းဆိုင်ရာ တိမ်းညွတ်မှု

အရင်းစုပုံမှု တိုးများလာခြင်းက အရင်းရှင်စနစ်၏ အခြေခံပဋိပက္ခကို တနေ့တခြား ပြင်းထန်လာစေသည်။ အရင်း၏ စုပုံမှုသည် တိုက်ရိုက် ထုတ်လုပ်သူများကို အရက်စက်ဆုံးသော နည်းနာဖြင့် လုယက်ခြင်းပင် ဖြစ်သည်။ ဤအခြေခံပေါ်တွင် ထုတ်လုပ်သူကလေးများကို ပစ္စည်းမဲ့များ ဖြစ်လာစေကာ ၎င်းတို့၏ အလုပ်အချက်

အလက်များကို အရင်းဖြစ်လာစေပြီး အရင်းရှင် ထုတ်လုပ်ရေးနည်းနာကို တည်ဆောက်ကြပေသည်။ အရင်းရှင် ထုတ်လုပ်ရေးနည်းနာ ရပ်တည်လာနိုင်ပြီးနောက်၊ ပုဂ္ဂလိကပိုင်ဆိုင်သူများကို တဆင့်တိုး လုယက်အပိုင်စီးခြင်းသည် အသွင်သဏ္ဍာန်အသစ်ကို အသုံးပြုလာပေသည်။ ဤအချိန်၌ လွတ်လွတ်လပ်လပ် လုပ်ကိုင်နေသော လုပ်သားများကို လုယက်အပိုင်စီးရန် မဟုတ်တော့ဘဲ၊ အလုပ်သမား အမြောက်အမြားကို သွေးစုပ်သော အရင်းရှင်များကို အပိုင်စီးရန် ဖြစ်လေတော့သည်။ ဤကဲ့သို့ အပိုင်စီးခြင်းသည် အရင်းစုစည်းသော အရင်းရှင်ကြီးက အရင်းရှင်ကလေးကို ဝါးမြိုသည့်သဏ္ဍာန်ကို အသုံးပြုပေသည်။ ဤဖြစ်စဉ်အတွင်း၊ အတိုင်းအတာမပြတ် တိုးချဲ့သော အလုပ်ဖြစ်စဉ်၏ ပူးပေါင်းမှုသဏ္ဍာန်သည် တနေ့တခြား ဖြစ်ပေါ်တိုးပွားလာခြင်း၊ ဝိဇ္ဇာပညာကို အသိရှိရှိဖြင့် နည်းနာအတတ်ပညာတွင် အသုံးပြုလာခြင်း၊ မြေယာများကို စီမံကိန်းရှိရှိ အသုံးပြုလာခြင်း၊ ထုတ်လုပ်ရေး ကိရိယာများကို အတူတကွ အသုံးပြုမှသာလျှင် ဖြစ်နိုင်မည့် အခြေအနေသို့ တနေ့တခြား ရောက်ရှိလာခြင်း၊ ထုတ်လုပ်ရေးပစ္စည်း မှန်သမျှကို ပူးပေါင်းထားသော လူ့အဖွဲ့ အစည်းဆိုင်ရာ အလုပ်၏ ထုတ်လုပ်ရေးပစ္စည်းများအဖြစ် အသုံးပြုသောကြောင့် တနေ့တခြား ချွေတာနိုင်လာခြင်း၊ ကမ္ဘာ့ဈေးကွက်၏ ပိုက်ကွန်အတွင်းတွင် ကမ္ဘာ့ပြည်သူအသီးသီး ပါဝင်လာခြင်းတို့သည် အရင်းရှင်စနစ်ကို တနေ့တခြား နိုင်ငံတကာ့လက္ခဏာဆောင် စေပေသည်။ အထက်ပါ အကြောင်းအချက်များက ထုတ်လုပ်ရေး တဆင့်တိုး၍ လူ့အဖွဲ့အစည်းလက္ခဏာဆောင်လာခြင်းကို ဖော်ပြနေပေသည်။ သို့သော် လူ့အဖွဲ့အစည်းဆိုင်ရာ ထုတ်လုပ်ရေး၏ စီမံခန့်ခွဲနိုင်ခွင့်သည် လူနည်းစုဖြစ်သော အရင်းရှင်ကြီးများ လက်ထဲတွင် စုစည်း၍ နေပေသည်။ လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ ဦးရေမပြတ် လျော့နည်းလာပြီး၊ ပစ္စည်းမဲ့လူတန်းစား၏ ဦးရေ မပြတ် တိုးများလာပေသည်။ ပစ္စည်းမဲ့လူတန်းစားနှင့် အရင်း ရှင်လူတန်းစားအကြား ကွာဟမှုသည် ပိုမိုကျယ်ပြန့် နက်ရှိုင်းလာပေသည်။ ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်သောရေချိန် တိုးမြင့်လာသည်နှင့် အညီ၊ ပစ္စည်းမဲ့ လူတန်းစား၏ စည်းရုံးမှုနှင့် စည်းကမ်းရှိမှုသည်လည်း တောင့်တင်းလာပေသည်။ လူတန်းစားတိုက်ပွဲသည် ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေး စိတ်ဓါတ်နှင့် လူတန်းစား နိုးကြားမှုကို လေ့ကျင့်မြှင့်တင်ပေးခဲ့သည်။ ၎င်းအား အင်အားကြီးမားသော နိုင်ငံရေးအင်အားတရပ် ဖြစ်လာစေခဲ့သည်။ ပစ္စည်းမဲ့လူတန်းစားသည် အရင်းရှင်စနစ်ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မည့်သူပင် ဖြစ်သည်။ အကုန်အစင်တော်လှန်သော တခုတည်းသော လူတန်းစားပင်ဖြစ်သည်။ ၎င်း၏ သမိုင်းပေး တာဝန်ကားကမ္ဘာနှင့်အဝှမ်း အရင်းရှင်စနစ်ကို ချေမှုန်းပစ်ပြီး သစ်လွင်သော ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရန် ဖြစ်ပေသည်။

မာ့က်စ်က " အရင်း၏ လက်ဝါးကြီးအုပ်မှုသည် ယင်းလက်ဝါးကြီးအုပ်မှုနှင့်အတူ ယင်းလက်ဝါးကြီးအုပ်မှုအောက်တွင် စည်ကားဝေဆာလာသော ထုတ်လုပ်ရေးနည်းနာ၏ အတားအဆီး အနှောင်အဖွဲ့အဖြစ်သို့ ရောက်ရှိလာသည်။ ထုတ်လုပ် ရေးပစ္စည်းများ၏ စုစည်းမှုနှင့် အလုပ်၏ လူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုသည်၊ နောက်ဆုံးတွင် အရင်းရှင်စနစ် အခွံအကာနှင့် မဆီလျော်သော အဆင့်သို့ ရောက်ရှိလာသည်။ ယင်းအခွံအကာသည် အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲလေတော့သည်။ အရင်းရှင် ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်၏ မသာခေါင်းလောင်းသည် ထိုးလေပြီ။ အပိုင်စီးသူများသည် အပိုင်စီးခြင်းခံလိုက်ရလေသည်။ "ဟုပြောခဲ့ပေသည်။ ဤသည် အရင်းရှင်စနစ်စုပုံမှု၏ သမိုင်းဆိုင်ရာ တိမ်းညွတ်မှုပင် ဖြစ်ပေသည်။ ။

---

☆စာမျက်နှာ(၄၃)မှ

"တကမ္ဘာလုံး လက္ခဏာဆောင်မှု"ဟာ မလွဲမရှောင်သာတဲ့ လမ်း ကြောင်း ဖြစ်သယောင်ယောင်၊ ဒီစနစ်က ကမ္ဘာကြီးကို ဖွံ့ဖြိုးကြွယ်ဝစေမလိုလို ပြောနေကြတာဟာ ရည်ရွယ်ချက်မဲ့ မဟုတ်ပါဘူး။ ဆိုရှယ်လစ်စနစ်ကို အလဲထိုးဖို့အတွက်နဲ့ ကမ္ဘာပေါ်မှာ သူတို့ကို ဗဟိုပြုတဲ့စနစ်တခုသာ လွှမ်းမိုးနေစေဖို့အတွက်ဝါဒဖြန့်သူကဖြန့်၊ ခြိမ်းခြောက်သူကခြောက် လုပ်နေကြတာပါ။

ကွန်မြူနစ်ပါတီကြေညာစာတမ်း ထဲမှာ အခုလိုပါပါတယ်။ *"နေ့ရှင်လူတန်းစားသည် ထုတ်လုပ်ရေး ကရိယာအားလုံးကို လျင်မြန်စွာတိုးတက်ကောင်းမွန်စေခြင်း၊ ဆက်သွယ်ရေး နည်းနာများကိုလည်း အလွန့်အလွန် လွယ်ကူစေခြင်းတို့က အရိုင်းစိုင်းဆုံးသော အမျိုးသားများအပါအဝင် အမျိုးသားအားလုံး ကိုပင် ယဉ်ကျေးလာရန် ဆွဲသွင်းယူလိုက်ပေသည်။ ---အမျိုးသား အားလုံး ကွယ်ပျောက်မသွားရန် အရင်းရှင်ထုတ်လုပ်ရေးနည်းနာကို လက်ခံရမည်ဟု နေ့ရှင် လူတန်းစားက အကျပ်ကိုင်လိုက်သည်။ ---တခွန်းတည်း ပြောရလျှင် နေ့ရှင်ပုံစံအတိုင်း ကမ္ဘာတခုကို ဖန်တီးလိုက်ခြင်းပင်တည်း။"*

တကမ္ဘာလုံးဆိုင်ရာ လက္ခဏာဆောင်မှုနဲ့ ပတ်သက်ပြီး အကဲဖြတ်ကြတာ အမျိုးမျိုးရှိပေမယ့် သူ့ရဲ့အခြေခံ ပဋိပက္ခ အကြောင်းကိုတော့ ကွန်မြူနစ်တွေကပဲ ပြောပါတယ်။ သူ့ရဲ့အခြေခံ ပဋိပက္ခဟာ အရင်းရှင်စနစ် စတင်ကာစကတည်းက တည်ရှိခဲ့တဲ့ 'ထုတ်လုပ်ရေး စွမ်းအားစုနဲ့ ကုန်လုပ်ဆက်ဆံရေးတို့အကြားက ပဋိပက္ခ' ဖြစ်မြဲဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း အရင်းရှင်စနစ်ရဲ့ အခြေခံ ပြဿနာတွေကို မကျော်လွှားနိုင်ဘဲ ရှိမြဲရှိပါတယ်။ စီးပွားရေးကပ်၊ အလုပ်လက်မဲ့ဖြစ်မှု၊ လူတန်းစားကွာဟမှု၊ တခြားနိုင်ငံနဲ့ ပြည်သူတွေအပေါ် သွေးစုပ်မှု၊ ဈေးကွက်လုမှု၊ စစ်ပွဲ---၊ ဘယ်တခုကိုမှ ပပျောက်အောင် မလုပ်နိုင်ပါဘူး။

ဒါပေမယ့် ဘယ်သူ ဘာပြောပြော ဒီတကမ္ဘာလုံး လက္ခဏာ ဆောင်မှုဟာ သူ့တာဝန်ရှိတာကိုတော့ လုပ်မှာပါ။ အဲဒီတာဝန်ကတော့ ၂၁–ရာစုနှစ် အရင်းရှင်စနစ်ရဲ့ သေနင်္ဂဗျူဟာ အကောင် အထည်ပေါ်ရေး ဖြစ်ပါတယ်။ အကောင်အထည်ဖော်ရင် ဘာဖြစ်လာမလဲ။ အရင်အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်ဂျားကတော့ ၁၉၉၉ ခုနှစ်မေလ ၂၆ ရက်နေ့ထုတ် ညူးစ်ဝိခ်မဂ္ဂဇင်းထဲမှာ ကမ္ဘာ့ဝရုန်းသုန်းကားသစ် (NEW WORLD DISORDER )လို့ ကလင်တန်တို့ရဲ့ ကမ္ဘာ့အခင်းအကျင်းသစ်ကို နာမည်တပ်ပေးလိုက်ပါပြီ။ ။

# မာတိကာ


| | |
|---|---|
| ✡ ၂၁–ရာစုအတွက် နိုင်ငံရေးအမြော်အမြင် | ၁ |
| ✡ ယူစီပီ–စီပီအက်စ်ယူမှ ပေးပို့သည့်သဝဏ်လွှာ | ၇ |
| ✡ ယူစီပီ–စီပီအက်စ်ယူသို့ ပေးပို့သည့်သဝဏ်လွှာ | ၉ |
| ✡ အိန္ဒိယကွန်မြူနစ်ပါတီ(မာ့က်စ်ဝါဒ)သို့ ပေးပို့သည့်သဝဏ်လွှာ | ၁၁ |
| ✡ အိတ်ဖွင့်ပေးစာ | ၁၂ |
| ✡ လတ်တလောတောင်းဆိုချက်များ | ၁၅ |
| ✡ လူမျိုးပေါင်းစုံ | ၂၀ |
| ✡ ကယ်တင်ရေးတိုက်ပွဲများဖြင့်သာ | ၂၅ |
| ✡ အာဂ်ဓမ္မာနို့ချက် | ၃၂ |
| ✡ ကကမ္ဘာလုံးလက္ခဏာဆောင်မှု | ၃၇ |
| ✡ ဘောဂဗေဒဟောပြောချက် | ၄၄ |



ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေသည်။